
YANGON
PUBLISHING
HOUSE

www.burmeseclassic.com



www.burmeseclassic.com

# လူငှ

မြို့တစ်မြို့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တစ်ခါတုန်းက မြို့လေးတစ်မြို့ရှိတယ်၊
'သိဖူးတဲ့မြို့'လို့ ဆိုကြပါစို့ . . .

အဲဒီမြို့မှာ အထူးခြားဆုံးလေးတွေရှိတယ်၊
ပထမဆုံးအနေနဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com

[က]

"ဂလင်. . . ဂလင်. . . ဂလင်"

ဒါဟာ ဒီမြို့လေးရဲ့ မြို့လယ်နာရီသံပါ။ အခြားမြို့က နာရီတွေလို 'ဒင်. . . ဒင်. . . ဒင်'လို့ မမြည်ချင်ဘူးဆို၍ မြို့ရဲ့ ရပ်မိရပ်ဖများက နာရီလုပ်တဲ့ လူကို သပ်သပ်ထွင်ခိုင်းထားခြင်း ဖြစ်သည်။

"ဂလင်. . . ဂလင်. . . ဂလင်"

နာရီသံက ဆယ်ချက်တွင် ရပ်သွားသည်။ ထိုနာရီသည် လူသွားလူလာစည်သော မြို့၏ဈေးနားတွင် တည်ရှိ၏။

နာရီ၏ အချက်ပေးသံကြောင့် ဈေးဝယ်သူများက မော့ကြည့်ကြသည်။ "ဟယ်. . . ဒုက္ခပါပဲ. . . ဆယ်နာရီတောင်ထိုးပြီ. . . အိမ်မှာ. . . ဘာ. . . ညာ. . ."

ဆိုပြီးတော့ ခပ်သွက်သွက်ပြန်သွားကြသူများလည်း ရှိသည်။

"ဟင်း. . . အခုမှ ဆယ်နာရီထိုး"

ဆိုပြီးတော့လည်း နဂိုအတိုင်းပျင်းတိပျင်းတွဲ ဆက်သွားနေသူများလည်း ရှိ၏။

■

[ခ]

ထိုနာရီစင်၏ဘေးနားတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိ၏။

မြို့၏တစ်ခုတည်းသော ဆိုင်လည်းဖြစ်သည်။ ထို့ကြောင့် ထိုဆိုင်ကား . . .

မနက်ပိုင်းတွင် လူစည်သည်။ နေ့လယ်ပိုင်းတွင် ထို့ထက်စည်၏။ ညနေပိုင်းတွင် ပို၍စည်သည်။ ညပိုင်းတွင်ကား ထို့ထက်. . . ထို့ထက်စည်လေ၏။

လူစည်သောကြောင့် သတင်းစုံလေသည်။

သတင်းစုံသော၊ လူစုံသောကြောင့်လည်း 'အား အားယား ယား'လာထိုင်သူများ၊ စိတ်ညစ်၍ အကြံရမလားဆိုပြီးတော့ လာထိုင်နေသူများကြောင့်လည်း ထိုဆိုင်သည် လူပိုစည်၏။

ထိုဆိုင်၏အမည်ကား . . .

"ဂွ"

ဟု အမည်တွင်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## [၁]

ထိုမြို့၏ အရှေ့ဖက်အပိုင်းတွင်လည်း ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသေး၏။ ထိုဘုန်းကြီးကျောင်းသည်လည်း ထိုမြို့၏တစ်ခုတည်းသော ဘုန်းကြီးကျောင်းပင် . . .။

ထိုဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ရှိသည်။

ဒီမြို့ရဲ့ ပေါက်ပေါက်ရှာရှာအတွေးဆုံးသူကို ပြပါဆိုလျှင် ထိုဘုန်းကြီးကိုပြရပေမည်။

သို့သော်လည်း. . . ထိုဘုန်းကြီးကို တစ်မြို့လုံးက ချစ်ကြောက်ရိုသေကြသည်။

တစ်ခါတုန်းက ဒကာတစ်ယောက်က ကျောင်းထိုင်ဘုန်းကြီးကို လျှောက်တင်တယ်။

"အရှင်ဘုရား. . . 'ဘဝ'ဆိုတာ ဘာလဲဘုရား"

ဘုန်းကြီးက ဒကာကို စာဖတ်နေရင်းမှ အကြည့်တစ်ချက်ဖြင့်ကြည့်သည်။ ပြီးတော့ မဖြေသေးဘဲ. . . ထိုဒကာကို မေးခွန်းတစ်ခုမေးလိုက်သည်။

"ဒကာ. . . ဘတ်(စ်)ကားစီးဖူးလား"

"စီးဖူးပါတယ် ဘုရား"

"သံဃာတော်များသာဆိုတဲ့ ထိုင်ခုံမှာရောထိုင်ဖူးလား"

"ထိုင်ဖူးပါတယ် ဘုရား"

"အေး. . . အဲဒီလိုပဲ ဘဝဆိုတာ ဘတ်(စ်)ကားပေါ်မှာ ဘုန်းကြီးခုံထိုင်ရသလိုပဲ တည်မြဲမှုမရှိပါဘူး ဒကာ"



ကဲ. . . ပြတ်ကရော။

ဒကာမှာ ဘုန်းကြီးအဖြေကို စောဒကမတက်နိုင်တော့. . .။ ဘုန်းကြီးလည်း တစ်ဖက်သို့ ပြန်လှည့်ကာ စာဆက်ဖတ်နေ၏။

ထိုကျောင်းထိုင်ဘုန်းကြီး၏ ဘွဲ့အမည်မှာ. . . အရှင်ဉာဏဖြစ်သည်။ သို့သော် ထိုဘွဲ့အမည်ကိုကား မည်သူမှမခေါ်ကြ။ ထိုဘုန်းကြီးကွယ်ရာတွင် . . .

'တွေးတဲ့ ဘုန်းကြီး'

ဟု ခေါ်ကြ၏။ ခေါ်ပါများလည်း များလာရော 'တွေးတဲ့ ဘုန်းကြီး'ကနေ 'တွေ့တဲ့ ဘုန်းကြီး' ဖြစ်လာလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

### [ဃ]

ထို့ပြင်. . .

ထိုမြို့လေးမှာ တည်းခိုခန်းလုံးဝမရှိပါ။ မည်သို့ဆိုသော် . . .

မြို့ကို လူစိမ်းအလာနည်းတာက တစ်ကြောင်း။

အကယ်၍များ လူစိမ်းဧည့်သည် လာခဲ့လို့ရှိရင်လည်း စည်းကမ်းတစ်ခုချမှတ်ထားသေးသည်။

ထိုစည်းကမ်းကို ကျောင်းထိုင်ဘုန်းကြီးက ချမှတ်ထားခြင်းဖြစ်သည်။ ယင်းမှာ . . .

'မည်သည့် အိမ်ကို ဧည့်သည်လာလာ. . . ၎င်း ဧည့်သည်,သည် ထိုအိမ်ရှင်၏အိမ်တွင် မတည်းခိုရ. . .။ ဘုန်းကြီးကျောင်းတွင်သာတည်းခိုရမည်'

အဲဒီလို ချမှတ်ထားလို့လည်း ဤမြို့ကို ဧည့်သည်အလာနည်းခြင်းလည်းဖြစ်သည်။ မည်သို့ကြောင့် ထိုသို့သတ်မှတ်ထားရတယ်ဆိုတာကို ကျောင်းထိုင်ဘုန်းကြီးက ရှင်းပြသေးတယ်။ သူ ရှင်းပြတော့လည်း သူ့အတွေးနဲ့သူဆိုတော့. . . ဟုတ်သလိုလိုရှိသား။

"စကားတစ်ခွန်းရှိတယ်. . . ဒကာ, ဒကာမတို့လည်း သိမှာပေါ့၊ 'လူသာလာပါ၊ ပြဿနာခေါ်မလာနဲ့'ဆိုတာလေ. . . အေး. . . အဲဒီလိုပဲ. . . ဒကာ, ဒကာမတို့အိမ်ကို ဧည့်သည်လာရင် ပြဿနာတွေပါ ယူလာမှာစိုးတယ်၊ အကုန်လုံးကိုတော့ မဆိုလိုပါဘူး. . .၊ ဒါပေမဲ့လည်း ယူလာလား မယူလာဘူးလားဆို တာ



ကို ဘယ်လိုခွဲခြားသိမတုန်း. . . ပြီးတော့ ယူလာပြီဆိုရင်လည်း အိမ်ရှင်က အားနာတာနဲ့ဆိုတော့ ခက်တယ်လေ. . .၊ ဒါကြောင့် ယူလာချင်ယူလာ ဘုရားရိပ် တရားရိပ်ရှိတဲ့ ဘုန်းကြီးကျောင်းကို ယူလာတာကမှ တော်သေးတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

[၄]

နောက်ဆုံးအနေနဲ့ပြောရရင် ကျောင်းတစ်ကျောင်းလည်း ရှိသေးတယ်။ ဒီကျောင်းလည်းပဲ မြို့ရဲ့တစ်ခုတည်းသောကျောင်းလေးပင်. . . ။

ထိုကျောင်း၏ကျောင်းအုပ်ဆရာကြီးသည် သူ့ ကျောင်းကို သူလွန်စွာပလွား၏။ ကျောင်းစည်းကမ်းအချို့ကိုလည်း ပေါက်ပေါက်ရှာရှာ လုပ်ထားသေးသည်။

ဒီလိုပါ. . .

ကျောင်းသားတွေဟာ ကျောင်းလာတက်လို့ရှိရင် ကျောင်းဂိတ်တံခါးနားမှာရှိတဲ့ အစောင့်ဆရာတစ်ယောက်ဆီမှာ 'ဒဿန' ဒါမှမဟုတ် 'အတွေးအခေါ်'တစ်ခုခုရေးရသည်။ ကိုယ်ပိုင်အတွေးအခေါ် လည်းဖြစ်ရပါမည်။

ထိုသို့မရေးသောသူသည် ကျောင်းထဲသို့ ဝင်ခွင့်မရ။ ပြီးတော့. . . အတွေးအခေါ် ချင်း ထပ်နေရင်လည်း ဝင်ခွင့်မရချေ။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ ရေးထားသော ဒဿနစာအုပ်ကြီးထဲမှ အကောင်းဆုံးကိုရွေးချယ်ပြီး ကျောင်းရှေ့တွင် တစ်လတစ်ခါ ဆိုင်းဘုတ်တင်ထားလေ့ရှိသည်။ ပြီး. . . ဆုလည်း ပေးသေး၏။ ထို့ကြောင့် သူ၏ကျောင်းရှေ့တွင် ဆိုင်းဘုတ်များနှင့် ပြည့်နေတော့သည်။

ထိုကျောင်းအုပ်ဆရာကြီး၏အမည်မှာ 'ဦးဘဝင်းနိုင်' ဖြစ်သည်။ သို့သော်. . . သူ့ကို မည်သူမျှ ထိုသို့မခေါ်ကြ။ သူ၏ ကွယ်ရာတွင် သူအား 'ဆိုင်းဘုတ်ဆရာ'ဟု ခေါ်ကြ၏။

■

တစ်နေ့. . .

အဲဒီမြို့လေးကို ဂယက်ရိုက်သွားစေမယ့်

လူငယ်လေးတစ်ယောက်

ရောက်လာတယ်. . . ။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ဂလင်. . . ဂလင်. . . ဂလင်"

နာရီသံသည် ဆယ့်နှစ်ချက်တိတိတွင် ရပ်သွားသည်။ ဈေးတွင်လည်း လူများပါးလျစဖြစ်နေပြီ။ 'ဂွ'လက်ဖက်ရည်ဆိုင်မှာကား ထုံးစံအတိုင်း လူအပြည့်ပင်ဖြစ်သည်။

ကျောင်းပိတ်ရက်ဖြစ်သောကြောင့် လက်ဖက်ရည်ဆိုင်လာထိုင်သော ကျောင်းအုပ်ဆရာကြီး၏ အသံစာတာစာတာကိုလည်း လူတိုင်းကြားရသည်။

ထို့ပြင် လူကြီး၊ လူငယ်များ အားလုံးကလည်း ကိုယ့်ဝိုင်းနှင့်ကိုယ်၊ ကိုယ့်အကြောင်းနှင့်ကိုယ် အာပေါင်အာရင်းသန်သန်ဆွေးနွေးနေကြသည်။

စားပွဲထိုးကောင်လေးကလည်း နားချိန်မရဘဲ ဟိုပြေးဒီပြေးလုပ်နေရသည်။ ဆိုင်ရှင်ကတော့ ဝိုင်းတစ်ဝိုင်းမှာထိုင်ပြီး သူများပြောသည့်စကားတွေကို နားထောင်နေသည်။

လေပြင်းလေးတစ်ချက် တိုက်သွားသည်။ လေပြင်းကြောင့်ဆိုင်ထဲက လူများလှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ထိုစဉ်မှာပဲ . . .

ဆိုင်ထဲသို့ လူငယ်တစ်ယောက် ဝင်လာသည်။

အားလုံး၏စကားသံတွေ တိတ်ဆိတ်သွား၏။

'တစ်ခါမှ မမြင်ဖူးသော တစ်စိမ်းတရံဖြစ်ခြင်းကြောင့်ဆိုင်ထဲမှ လူများက ထိုလူငယ်ကို ကြည့်လိုက်ကြသည်။

လူငယ်၏အသက်မှာ နှစ်ဆယ်ကျော်လောက်ပဲရှိမည်။



ရုပ်ရည်မှာချောမောပြီး ယောကျ်ားပီသသော အသွင်အပြင်ရှိသည်။ ခရီးဆောင်အိတ်တစ်လုံးကိုင်ပြီး ဆိုင်ထဲသို့ ဝင်လာခြင်းဖြစ်၏။

လူငယ်က ဆိုင်အတွင်းသို့ တစ်ချက်ဝေ့ကြည့်သည်။ ထိုင်ခုံများမှာ လူများနှင့်ပြည့်နေပြီ။ သို့သော်. . . တစ်ယောက်တည်းထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ထိုသူ၏ ခုံတွင်သွားထိုင်ရန်အတွက် ခြေလှမ်းများ ဦးတည်လိုက်သည်။

ဆိုင်အတွင်းရှိ လူများက လူငယ်ကို 'မသိမသာတစ်မျိုး'၊ 'ပြောင်ပြောင်တင်းတင်းတစ်ဖုံ' ကြည့်ကြ၏။

လူငယ်က အိတ်ကိုအရင်ချသည်။ ပြီး. . . ခုံတွင် ဝင်ထိုင်လိုက်ရင်း သူ့ရှေ့မှ လူအားလည်း မေးပြောကလေးပြောလိုက်သည်။

"ဒီခုံမှာ လူမရှိပါဘူးနော်"

ထိုအမေးခံရသော သူမှာလည်း မှုံထိုင်းထိုင်းမျက်နှာလေးနှင့် . . .

"မရှိပါဘူး'

ဟု ပြန်ဖြေ၏။

ဝိုင်းကြည့်နေသော လူများလည်း တစ်ဖက်သို့ ပြန်လှည့်သွားကြသည်။

စားပွဲထိုးကောင်လေးက ထိုလူစိမ်းလူငယ်လေးအနီးသို့ရောက်လာပြီး . . .

"အစ်ကို. . . ဘာမှာဦးမလဲ"

ထိုအခါ လူငယ်က မဆိုင်းမတွပင် ပြန်ဖြေသည်။

"နွားမနို့စစ်စစ်နဲ့ လက်ဖက်ရည် ပြောင်းပြန်တစ်ခွက်"

"ဗျာ. . ."

စားပွဲထိုးလေးမှာ အူကြောင်ကြောင်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် 'ဗျာ'ဟုသာ အာမေဋိတ်ပြုနိုင်သည်။ ဆိုင်အတွင်းရှိ လူ များကလည်း လူငယ်ကို ပြန်လည်စိတ်ဝင်စားလာပြန်သည်။

"သြော်. . . ဒီလိုပါ. . . နို့ဆီနဲ့မဖျော်ချင်ဘူး၊ နွားနို့ စစ်စစ်နဲ့ ဖျော်မယ်လို့ပြောတာပါ"

"ဟို. . . ပြောင်းပြန်ဆိုတာကရော"

". . . ဒါက. . . ဒီလိုလေ. . . လက်ဖက်ရည်ရိုးရိုး ဖျော်တဲ့အခါကျရင် ခွက်နှစ်ခွက်ကို အပေါ်နဲ့အောက်နဲ့ ပြောင်းပြန် လုပ်ပြီးမှေ့တယ်မှတ်လား. . . အဲ. . . အဲဒါကို ရိုးရိုးဆိုပြီး မပြော ချင်လို့ ပြောင်းပြန်လို့ဆိုတာပါ"

စာပွဲထိုးလေးမှာ ခေါင်းကုတ်ပြီး ထွက်သွားရသည်။ လူငယ်ကတော့ သူ့အရှေ့တွင်ရှိသော မုန့်တစ်ခုကို ကောက်ဝါး လိုက်၏။

ထို့နောက် တစ်စားပွဲထဲထိုင်နေသောလူကို တစ်ချက် ကြည့်လိုက်သည်။ သူ့ရှေ့မှ လူသည် လက်ဖက်ရည်ခွက်ကို တွေ တွေကြီးစိုက်ကြည့်နေသည်။ တစ်ခုခုကိုစိတ်ညစ်နေသည့် ပုံစံပင်။ သူနှင့်လည်း သက်တူရွယ်တူလောက်ပင်ရှိပေလိမ့်မည်။

လူငယ်က သူ့ရှေ့မှလူအား မိတ်ဖြစ်ဆွေဖြစ်သဘော မျိုးဖြင့် စကားစလိုက်သည်။

"ဒီမှာ. . . ခင်ဗျ"

"ဘာလဲ"

ခပ်ပြတ်ပြတ်ပြန်ထူး၏။ လူငယ်ကတော့ ခပ်ပြုံးပြုံးပင်။

"ကျွန်တော်က ဒီမြို့ကို အခုမှရောက်တာပါ"

"သိသားပဲ"

စောစောကအတိုင်း ခပ်ပြတ်ပြတ်ပင် ပြန်ဖြေပြီး လက်ဖက်ရည်ခွက်ကို စိုက်ကြည့်နေပြန်သည်။ ဆိုင်အတွင်းရှိ လူ များက သူတို့နှစ်ယောက်ကို စိတ်ဝင်တစားနှင့်မသိမသာကြည့်နေ ကြသည်။ သူစိမ်းလူငယ်နှင့် စကားပြောနေသော လူငယ်အကြောင်း



ကိုလည်း ကောင်းစွာသိနေသောကြောင့် စိတ်ဝင်စားခြင်းလည်း ဖြစ်သည်။

"ခင်ဗျားကြည့်ရတာ စိတ်ညစ်နေပုံပဲ"

လူငယ်က ချိုချိုသာသာနှင့် ထပ်ပြောသည်။

"အေး. . . ဟုတ်တယ်"

"ဘာတွေစိတ်ညစ်နေလို့လဲ. . .၊ ကျွန်တော် ကူညီနိုင် မယ်ဆိုရင် ကူညီပါရစေ၊ ကျွန်တော့်နာမည်က 'မင်းနေ'လို့ ခေါ် ပါတယ်"

ထိုသူက မျက်မှောင်ကုတ်လိုက်သည်။ ပြီးတော့. . .

"မင်းက အခုမှပဲ ဒီမြို့ကိုရောက်တယ် ဘယ်က ဘယ် လိုကူညီမှာလဲ"

"ဒီလိုဗျ. . . ကူညီတယ်ဆိုတာ နှစ်မျိုးရှိတယ်"

ထိုစဉ် စားပွဲထိုးလေးက လူငယ်မှာထားတဲ့ နွားမနို့ စစ်စစ်နှင့်ဖျော်ထားသော လက်ဖက်ရည်ကိုလာချသည်။ 'စီးကရက်' ဟု လူငယ်ကထပ်မှာလိုက်ပြီး . . . စီးကရက်ရောက်လာတော့ လူငယ်က တစ်လိပ်ထုတ်ကာ တစ်ဖွာ,ဖွာလိုက်သေးသည်။

ထိုအခါ ထိုသူက စိတ်မရှည်သည့် ဟန်အမူအရာ ဖြင့် . . .

"ဆိုစမ်းပါဦး. . . မင်းဟာက"

လူငယ်က စီးကရက်ခဲထားရင်း . . .

"စိတ်မဝင်စားတော့ဘူးထင်လို့ ဆက်မပြောတာပါ"

"ပြောပါ. . . စိတ်ဝင်စားပါတယ်"

"ဒါဆိုလည်း ပြောရတာပေါ့. . .၊ ကူညီတာမှာ နှစ် မျိုးရှိတယ်တဲ့. . . တစ်မျိုးက ကိုယ်တိုင် ကိုယ်ကျလိုက်ကူညီတာ၊ နောက်တစ်မျိုးက အကြံဉာဏ်ပေးပြီး ကူညီတာ. . .၊ အခု. . . ခင်ဗျားကိစ္စက ဒုတိယအမျိုးအစားနဲ့များ ကူညီလို့ရမလားလို့မေး ကြည့်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ရဲ့ စကားဆုံးသွားတော့ ထိုသူသက်ပြင်းချသည်။ ဆိုင်ထဲမှ လူများကလည်း ဘာမှဝင်မပြောဘဲ နားထောင်နေကြသည်။

"အေးကွာ. . . ငါ့အခက်အခဲကို ဘယ်လိုပြောရမှန်းတောင် မသိပါဘူး"

"ဘာကိစ္စမို့လို့လဲဗျ"

"ကောင်မလေးကိစ္စကွ. . . ကောင်မလေးကိစ္စ"

လူငယ်က ခပ်ပါးပါးလေးပြုံးလိုက်သည်။ ပြီးတော့ ဆက်မေးသည်။

"ကောင်မလေးက ဘာဖြစ်လို့လဲ. . . ပြောစမ်းပါဦး"

ထိုသူက လူငယ်ကို ကြေကွဲအရိပ်အရောင်လေးနဲ့ ကြည့်ရင်း ပြန်ဖြေသည်။

"ဟိုတစ်နေ့တုန်းက ကောင်မလေးတစ်ယောက်ကို ငါက စကားလိုက်ပြောတယ်. . . ချစ်စကားလိုက်ပြောတာပေါ့ကွာ"

"အင်း"

"အဲဒီမှာ သူ့က ငါ့ကိုပြန်ပြောတယ်. . .၊ နင် ငါ့ကို ချစ်တယ်ဆိုရင်တဲ့ ချစ်တယ်၊ လက်ထပ်မယ်ဆိုတာကို တိုက်ရိုက်မပြောရဘူး၊ ပြီးတော့. . . ပြောတဲ့စကားထဲမှာလည်း အချစ်နဲ့ ပတ်သက်တဲ့ စကားလုံးတွေ မဖြစ်ရဘူးတဲ့. . . ဒီလိုပြောမှ ပြန်ချစ်မယ်တဲ့ကွာ"

ထိုသူသည် မျက်လုံးလေး'ပုတ်ခတ်ပုတ်ခတ်'လုပ်၏။ ပြီးတော့ မျက်လုံးကိုတစ်ချက်ပွတ်လိုက်ပြန်သည်။

"ကဲ. . . မင်းပဲစဉ်းစားကြည့်ကွာ. . . ရည်းစားစကားပြောပါတယ်ဆိုမှ ချစ်တယ်၊ ကြိုက်တယ်၊ လွမ်းတယ်နဲ့ နုနုတာတာလေးပြောမှရမှာပေါ့ကွ. . . အခုတော့. . . ကြည့်. . . အဲဒါတွေနဲ့ ဘာမှမပတ်သက်ရဘူးတဲ့. . . ငါလည်းကွာ လူတိုင်းကို လိုက်မေးကြည့်ပါတယ် ဘယ်သူမှမသိဘူးတဲ့ကွာ"



လူငယ်က ပါးပါးလေးထပ်ပြုံးပြန်သည်၊ ဆိုင်ထဲမှ လူများက 'လူငယ်လေးလည်း သိမှာမဟုတ်ပါဘူးကွာ'ဆိုသည့် အကြည့်ဖြင့် ကြည့်ပြီး တစ်ဖက်ပြန်လှည့်သွားကြသည်။

လူငယ်က . . .

"ကျွန်တော် ကူညီနိုင်ပါတယ်ဗျ"

ထိုသူ၏မျက်နှာဝင်းပသွားသည်။ တစ်ဖက်လှည့်သွားသောသူများလည်း ပြန်လှည့်လာကြသည်။

"ဆို. . . စမ်းပါဦး. . . ဘာ. . . ဘာလဲ. . . ဘယ်လိုပြောရမှာလဲ"

ထိုသူက စကားများပင် ထစ်ကုန်တော့သည်။ ထိုသူ၏ မျက်နှာတွင် ဝမ်းသာအားရသည့်ဟန်အမူအရာများက အထင်းသားပေါ်လာသည်။

"ကောင်မလေးနဲ့ ချိန်းထားသေးလား"

"ချိန်းထားတယ်လို့တော့ မဟုတ်ဘူး. . . တအောင့်ကြာလို့ သူထွက်လာရင် ငါပြောရတော့မှာ. . . အဲဒီမှာ မပြောနိုင်ရင် ကွိုင်ပြီ"

"စိတ်မပူပါနဲ့. . . အဆင်ပြေမှာပါ"

'လူငယ်က စိတ်မပူပါနဲ့'ဆိုမှ ထိုသူ၏မျက်နှာတွင် စိတ်ပူသည့် အရိပ်အရောင်များပေါ်လာသည်။

"လုပ်စမ်းပါဦး. . . ဘယ်လိုပြောရမှာလဲ"

ထိုသူက အလောတကြီး မေးသည်။ လူငယ်က စီးကရက်ဖွာလိုက်သည်။ ပြီးမှ မီးခိုးငွေ့တွေကို မှုတ်ထုတ်လိုက်ရင်း စကားဆိုသည်။

"ဒီတစ်ခါ ကောင်မလေးနဲ့တွေ့ရင်. . . 'ကောင်မလေးရယ်၊ ကိုယ်ဟာ အနောက်အရပ်က လာတဲ့သူပါ'လို့ ပြောလိုက်ဗျာ"

ထိုသူ မျက်မှောင်ကျုံ့သွားသည်။ ဆိုင်ထဲမှလူများကလည်း နားမလည်သည့် မျက်နှာများဖြင့် လူငယ်ထိုင်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းနားသို့ တိုးကပ်လာကြသည်။

"မင်းပြောတာ နားမလည်လို့ ရှင်းစမ်းပါဦး . . . ကောင်လေး၊ ဒီကောင့်ကိစ္စက ရပ်သိရွာသိမို့ ငါတို့လည်း စိတ်ဝင်စားလို့ပါ"

တစ်ဖက်ဝိုင်းမှ လူလတ်ပိုင်းတစ်ယောက်က ဝင်မေးလိုက်ခြင်းဖြစ်သည်။

တစ်ခြားဝိုင်းက လူများကလည်း 'ဟုတ်တယ်'ဟု ထောက်ခံကြသည်။ ထိုအခါ လူငယ်က ဆက်ပြောသည်။

"အဲဒီအခါမှာ ခင်ဗျားချစ်တဲ့ ကောင်မလေးက. . . ဒီကလူတွေ မေးသလို 'ဘာအဓိပ္ပာယ်လဲ'လို့ မေးလိမ့်မယ်"

"အင်း. . . ဟုတ်ပြီ. . . ပြောပါဦး"

"အဲဒီလိုမေးတဲ့အခါမှာ ခင်ဗျားက ကောင်မလေးကို ပုံပြင်လေးတစ်ပုဒ်ပြောပြရမယ်"

"ပုံပြင် . . . ဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"ဘယ်လို ပုံပြင်လဲဗျ"

ထိုသူက အားတက်သရောမေးသည်။ လူငယ်ကလည်း ဆက်ပြောသည်။

"တစ်ခါတုန်းက ရွာတစ်ရွာမှာ ခပ်ချောချော ကောင်မလေးတစ်ယောက်ရှိတယ်၊ တော်တော် လေးချောတယ်ပေါ့ဗျာ၊ သူ့ကို ဝိုင်းကြိုက်တဲ့သူတွေကလည်း အများကြီးရှိတယ်၊ အဲဒီထဲမှာမှ ကောင်မလေးဟာ တခြားရွာတစ်ရွာစီကလာတဲ့ ကောင်လေးနှစ်ယောက်ကို ထူးထူးခြားခြားစိတ်ဝင်စားနေတယ်။ အဲဒီထဲက တစ်ယောက်ကတော့ အရှေ့ဖက်မှာရှိတဲ့ ရွာကနေ သူ့ဆီ နေ့တိုင်းလာပိုးတယ်၊ နောက်တစ်ယောက်ကတော့ အနောက်ဖက်မှာရှိတဲ့ ရွာကနေလာတယ်ပေါ့၊ မနက်တိုင်း အဲဒီကောင်လေးနှစ်ယောက်ဟာ ကောင်မလေးဆီလာပြီး ညနေကျမှ ပြန်သွားလေ့ရှိတယ်။



အဲဒီလိုနဲ့ တစ်နေ့မှာ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးရတော့မယ့် နေ့ရောက်လာပါရော၊ အဲဒါနဲ့ကောင်မလေးက မည်သူကို ရွေးချယ်ရမလဲဆိုပြီး အထပ်ထပ်အခါခါ စဉ်းစားတယ်၊ နောက်ဆုံး. . . အနောက်အရပ်ကလာတဲ့ကောင်လေးကို ရွေးချယ်လိုက်တယ်"

"ဘာဖြစ်လို့လဲကွ"

အခြားဝိုင်းမှ လူတစ်ယောက်က ဖြတ်မေးသည်။ လူငယ်ကလည်း ဆက်ပြောပြသည်။

"အဲဒီ ကောင်မလေးက တွေးတယ်၊ သူတို့နှစ်ယောက်စလုံးမှာ အရည်အချင်းတွေကလည်း အတူတူပါပဲ၊ ရုပ်ရည်၊ ပညာကလည်း မတိမ်း မယိမ်းရှိကြတယ်ပေါ့၊ ဒါပေမဲ့ အရှေ့အရပ်ကလာတဲ့ ကောင်လေးဟာ သူ့ဆီကို လာတဲ့အခါမှာ နေကိုကျောခိုင်းပြီး လာရတယ်၊ နေက အရှေ့အရပ်ကထွက်တာကိုး၊ ညနေပြန်တော့လည်း အရှေ့အရပ်ကိုပြန်တာဆိုတော့ နေကိုကျောခိုင်းပြီးပြန်ရတယ်၊ ဒါကြောင့် ကောင်မလေးဆီလာ တဲ့အခါမှာ သူဟာ နေကို ဘယ်တော့မှမျက်နှာမူရလေ့မရှိဘူး၊ အနောက်အရပ်ကလာတဲ့ ကောင်လေးကတော့ ကောင်မလေးဆီလာတဲ့အခါမှာလည်း နေကိုမျက်နှာမူပြီးလာရ တယ်၊ ပြန်တော့လည်း နေကိုမျက်နှာမူပြီး ပြန်ရတယ်၊ ဒါကြောင့်. . . အနောက် အရပ်ကလာတဲ့ကောင်လေးက ခံနိုင်ရည်ပိုရှိလိမ့်မယ်လို့တွေးပြီး အနောက်အရပ်ကလာတဲ့ ကောင်လေးကို အိမ်ထောင်ဖက်အဖြစ်ရွေးလိုက်တယ်၊ အဲဒါကြောင့်မို့ 'ကိုယ်ဟာ အနောက်အရပ် ကလာတာပါလို့ မင်းကို ပြောတာပေါ့လို့ ခင်ဗျားက ပြန်ဖြေလိုက်ရင်ပြီးသွားပြီ"

ထိုသူက လူငယ်ကို စိုက်ကြည့်နေသည်။ လူငယ့်အဖြေကိုလည်း သဘောကျသွားသည်။ ဆိုင်ထဲမှလူများကလည်း လူငယ်ကို သဘောကျသွားသည်။

"ကျေးဇူးပါပဲကွာ. . . ကျေးဇူးပါပဲ. . . မင်းပြောတော့လည်း ရှင်းသွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက လူငယ်အား 'ကျေးဇူးတင်ကြောင်း' အထပ်ထပ်ပြောလေသည်။

"သိပ်လည်း ကျေးဇူးတင်စရာမလိုပါဘူးဗျာ. . . ကျွန်တော်လည်း စာအုပ်တစ်အုပ်ထဲက ဖတ်ရတာပါ"

"ဟာ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းပြောလို့ သိရတာပဲ"

"ဟုတ်တယ်"

ဟု အခြားသူများကလည်း ထောက်ခံကြသည်။

ဤသို့ဖြင့် ထိုလူငယ်လေးနှင့်တစ်ဆိုင်လုံးရှိ လူများသည် ရင်းနှီးသွားလေသည်။

ထို့နောက် တစ်ချိန်လုံးတိတ်ဆိတ်နေတဲ့ ကျောင်းအုပ်ဆရာကြီးက . . .

"ဒါနဲ့နေစမ်းပါဦး. . .၊ မောင်ရင်က ဒီမြို့ကို ဘာလာလုပ်တာတုန်း. . . အလည်သက်သက်ပဲလား"

"မဟုတ်ပါဘူး၊ ကျွန်တော် မိန်းမခိုးဖို့လာတာပါ"

"ဟင်. . ."

"အယ်"

အာမေဋိတ်သံများ ထွက်လာကြသည်။ ပြီးတော့ တိတ်ဆိတ်သွားကြသည်။

"ဘယ်က ကောင်မလေးလဲ"

ကျောင်းအုပ်ဆရာကြီးကပဲ ထပ်မေးသည်။ လူငယ်က ဆေးလိပ်တစ်လိပ်ကောက်ဖွာ၏။ ပြီးတော့မှ . . .

"ကျွန်တော်တိုက်ရိုက်ပြောလို့မရတာတော့ ခွင့်လွှတ်ပါ၊ ဒါပေမဲ့ နောက်ကျရင် အားလုံးရိပ်မိလိမ့်မယ်လို့ထင်ပါတယ်"

ကျောင်းအုပ်ဆရာကြီးမှာ ဆက်မမေးတော့ချေ။

လူများကလည်း ထိုလူငယ်ကို သိချင်ရာများ မေးမြန်းကြလေသည်။

လူငယ်ကူညီလိုက်သော သူကား ပြောဖွယ်ရာမရှိ



တော့ချေ. . .။

ဆိုင်ထဲမှ လူတစ်ယောက်က . . .

"ကောင်မလေးနဲ့ မင်းက . . . ဘယ်မှာကြိုက်တာလဲ"

"ကြိုက်တာကတော့ တစ်ခြားမြို့မှာ ကြိုက်တာပါ. . . သူ ဒီမြို့ကို ပြန်လာတော့ ကျွန်တော်နဲ့ ကြိုက်နေကြောင်း သူ့အိမ်က သိသွားတယ်. . .၊ ပြီးတော့. . . သူတို့သဘောတူနဲ့ သူနဲ့လက်ထပ်ပေးဖို့ စီစဉ်ကြတယ်. . .၊ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်ချစ်သူကို ခိုးဖို့စီစဉ်ရတော့တာပေါ့"

လူငယ်က မေးတာထက်ပိုပြီးဖြေ၏။

"အခု. . . မင်းလာခိုးတော့ ကောင်မလေးကသိလား"

"မသိသေးပါဘူး"

တစ်ဖန်ပြန်လည် တိတ်ဆိတ်သွားပြန်သည်။ အဝေးက ငှက်သံလိုလို၊ ဘာလိုလိုသဲ့သဲ့ကြားကြရသည်။ တိုးဝှေ့လာတဲ့ လေပြေလေးကလည်း အချစ်နဲ့မကင်းသူများအတွက် ကြည်နူးစရာပင်။

"လိုအပ်တဲ့ အကူအညီရှိရင်လည်း ငါ့ကိုပြောပါတတ်နိုင်သလောက် ကူညီပါ့မယ်. . . ဩော်. . . ဒါနဲ့ ငါ့နာမည်တောင် ပြောဖို့မေ့နေတယ်. . . အုန်းမောင်တဲ့ . . . မှတ်ထားဦး"

လူငယ်ကူညီလိုက်သော သူက လူငယ်အား စတင်မိတ်ဆက်သည်။ ဆိုင်ထဲမှ အချစ်နှင့် မကင်းကြသော လူငယ်များကလည်း 'ကူညီမယ်'ဟု ပြောကြသည်။

"ငါ့နာမည်ကတော့ 'မောင်မြင့်'လို့ခေါ်တယ်. . .၊ ဒါနဲ့ မင်းကို တစ်ခုလောက်မေးချင်တယ်"

"အင်း. . . မေးပါ"

"မင်းက မိန်းမဘယ်တော့လောက်ခိုးမှာလဲ"

"နည်းနည်းတော့ အချိန်ယူရဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကောင်မလေးရဲ့ မိဘတွေက ကျွန်တော်လာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ သိချင်သိနေမှာ၊ မသိလည်း တစ်ရက် နှစ်ရက်ဆိုရင် သိသွားတော့မှာပဲ၊ အဲဒီတော့ သူတို့ဖက်က တင်းကျပ်ချင် တင်းကျပ်မှာဒါကြောင့် အချိန်နည်းနည်းတော့ ယူရဦးမယ်လို့ပြောတာ"

"အင်း. . . မင်းဟာကလည်း . . . ဩော်. . . ဒါနဲ့ ကောင်မလေး မိဘတွေက မင်းကိုတွေ့ဘူးလား"

"မတွေ့တော့ မတွေ့ဖူးဘူးထင်တယ်. . . ဒါပေမဲ့ သေချာတာကတော့ ကျွန်တော်နဲ့လုံးဝသဘောမတူဘူးဆိုတာပဲ"

လူငယ်လေးပြောသော စကားတွေကြောင့် ဆိုင်ထဲမှလူများက ထိုလူငယ်လေး၏အချစ်ကို ဂရုဏာသက်သွားကြသည်။

ပြီးတော့ တိတ်ဆိတ်သွားပြန်၏။

"ဂလင်. . . ဂလင်"

ထိုစဉ် နာရီမြည်သံကို အားလုံးကြားလိုက်ရသည်။ နာရီသံမှာ နှစ်ချက်တိတိမြည်ပြီး ရပ်သွားသည်။

"ဒီမြို့မှာ လူစိမ်းဧည့်သည်ဆိုရင် ဘုန်းကြီးကျောင်းမှာတည်းရတယ်ဆို"

လူငယ်က မေးလိုက်သည်။ 'အုန်းမောင်'က 'အင်း' ဟု ပြန်ဖြေသည်။ သူ့ဆီမှာတည်းစေချင်ပုံရသည်။ သို့သော်. . . ဘုန်းကြီးအမိန့်မို့ ဘာမှမပြောလိုက်ချေ. . .။

"ဒါဆို. . . ကျွန်တော် သွားတော့မယ်၊ ကျွန်တော်ကို ဘုန်းကြီးကျောင်းရှိရာ ညွှန်ပြကြပါဦး"

ဆိုင်ထဲမှ လူများက ဘုန်းကြီးကျောင်းရှိရာသို့ ညွှန်ပြလိုက်ကြသည်။

လူငယ်ထွက်ခါနီးတွင် ဆိုင်ထဲမှ လူတစ်ယောက်က လှမ်းသတိပေးလိုက်သေးသည်။

"ဘုန်းကြီးနဲ့စကားပြောရင် သေချာကြည့်ပြောဦးနော်"

■

(၂)

'မင်းနေ'သည် ဘုန်းကြီးကျောင်းသို့ ဦးတည်ပြီး ထွက်လာခဲ့သည်။ လမ်းတစ်လျှောက်တွေ့သော သူများက သူ့ကို 'ကွက်ကြည့်. . . ကွက်ကြည့်'နှင့် ကြည့်ကြသည်။ ခဏကြာတော့ ဘုန်းကြီးကျောင်းကို ခပ်လှမ်းလှမ်းမှလှမ်းမြင်ရသည်။

သူ, သက်ပြင်းချလိုက်သည်။

ပြီးတော့ ခရီးဆောင်အိတ်ထဲမှ စာရွက်နှင့်ဘောလ်ပင်ထုတ်ကာ ပုံတစ်ပုံကောက်ဆွဲလိုက်သည်။

ဘတ်(စ်)ကားပေါ်မှာ တွေ့ရထတ်သော၊ လမ်းဘေးမှာ ချရောင်းနေတတ်သော 'ဒီလိုမနေနဲ့၊ ဒီလိုနေ'ပုံများထဲမှ 'ဒီလိုနေ'ဆိုသော ပုံကို ဆွဲလိုက်ခြင်းဖြစ်သည်။



ပြီးနောက်. . . ဘုန်းကြီးကျောင်းထဲသို့ ဖိနပ်ချွတ်ပြီး လှမ်းဝင်လိုက်သည်။ ကျောင်းဝင်းထဲမှာ တံမြက်စည်းလှဲနေသော ကပ္ပိယအား . . .

"ဆရာတော်ရော. . ."

ဟု မေးလိုက်ရာ . . .၊ ကပ္ပိယက . . .

"အပေါ်မှာ"

ဟု ပြန်ဖြေသည်။

ကျောင်းပေါ်သို့ရောက်သောအခါ ဆရာတော်ကို

www.burmeseclassic.com

www.burmeseclassic.com



'မိန့်မိန့်ကြီး' တွေ့လိုက်ရသည်။ ဆရာတော်က လှမ်းကြည့်သည်။

"ဘာကိစ္စလဲ. . . ဒကာ"

မင်းနေက ဆရာတော့်အမေးကို မဖြေသေးဘဲ ဦးသုံးကြိမ်အရင်ချလိုက်သည်။ ပြီးတော့မှ ပြန်ဖြေ၏။

"ဆရာတော်ကို တပည့်တော်. . . 'အပြုံးတွေ' လာပေးတာပါ ဘုရား"

ဆရာတော် မျက်မှောင်ကျုံ့သွားသည်။ ပြီးတော့ 'တွေးသလိုလို၊ ဘာလိုလို'နဲ့ နုထင်ကို လက်ထောက်လိုက်သည်။ နောက်တော့မှ ပြုံးတုံ့တုံ့နှင့်. . .

"ဘာအပြုံးတွေလဲ ဒကာ"

ဟု ပြန်မေးလေသည်။

"အရှင်ဘုရား. . . ဧည့်သည်တိုင်းဟာ အိမ်ရှင်ကို တွေ့ရင် ပြုံးပြတာချည်းပဲမဟုတ်လား ဘုရား"

"အေးလကွယ်"

ဆရာတော်က တွေးဆဆနှင့် ပြန်ဖြေသည်။

"ဒီတော့ကာ . . . ဧည့်သည်လာရင် 'အပြုံးတွေ' ပါတယ်လို့ဆိုနိုင်လား ဘုရား"

"အင်း. . . ဆိုနိုင်ပါတယ်"

"အဲဒါကြောင့်မို့. . . တပည့်တော်လည်း အရှင်ဘုရားကို 'အပြုံးတွေ'လာပေးတာပါ ဘုရား"

ပြီးတော့ လက်ထဲမှ ဆွဲထားသော 'ဒီလိုနေ'ပုံကို ဆရာတော်အား လှမ်းပေးလိုက်သည်။

ဆရာတော်က ပုံကိုကြည့်သည်။ ပြီးတော့ သဘောကျသွားသလိုဖြင့် 'မင်းနေ'အား မိန့်မိန့်ကြီးကြည့်ပြန်သည်။

"ဒကာက ဘယ်ဆိုးလို့လဲ. . . ဧည့်သည်လာလုပ်တာကို တိုက်ရိုက်မပြောဘဲနဲ့. . . သွယ်ဝိုက်ပြောတာကိုး. . . အေးကွယ်. . . ဘုန်းကြီးသဘောကျတယ်. . . ဒါပေမဲ့. . . ဒကာ"



"ဘုရား"

"အပြုံးများကို အင်္ဂလိပ်လို ဘယ်လိုခေါ်ပါ့တုန်း"

" Smiles ပါ ဘုရား"

ဆရာတော်က ကျေနပ်သွားသဖြင့် ခေါင်းညိတ်လိုက်သည်။ ပြီးမှ. . .

'ဒီလိုဆိုရင် . . . . Smiles ဆိုတဲ့အပြုံးများမှာ. . . ပထမဆုံး (s) နဲ့ ဒုတိယ (s) ကြားမှာ mile ဆိုတာကြီး ခံမနေဘူးလား"

"ခံနေပါတယ် ဘုရား"

"မိုင် (mile)ဆိုတာက ခရီးအကွာအဝေးကိုပြောတာ. . . ဒီတော့ကာ. . . ပထမဆုံး(s) နဲ့ နောက်ဆုံး(s) ကြားမှာ တစ်မိုင်လောက် ဝေးကွာနေတယ်လို့ ဆိုလိုရမှာပေါ့"

"တင်ပါ့"

"အဲဒီလောက်ကြီးတောင် ဝေးကွာနေမယ်ဆိုရင်. . . အခု ဒကာပေးတဲ့ အပြုံးတွေကို 'စစ်သလား, မစစ်ဘူးလား'ဆိုတာကို ဘုန်းကြီးက ဘယ်လိုလုပ်သိရမလဲ"

'မင်းနေ'က ပြုံးလိုက်သည်။

"တပည့်တော် တစ်ခုလောက် မေးချင်ပါတယ် ဘုရား"

"မေးပါ. . . ဒကာ၊ မေးပါ"

"ပစ္စည်းတစ်ခု စစ်သလား,မစစ်ဘူးလားကို ဘယ်လို ခွဲခြားပြီးသိလဲ ဘုရား"

ဆရာတော်မှာ တွေဝေသွားပုံရသည်။ ထိုနောက်

"ဒါတော့ ဘုန်းကြီးမသိဘူးကွ. . .၊ အခုက အတုတွေပေါ်မှ ပေါ်ကိုး"

"တပည့်တော်ကတော့ ဘုရား. . . သုံးကြည့်တော့မှ သိမယ်လို့ ထင်ပါတယ်ဘုရား. . .၊ ဒီတော့ . . . တပည့်တော်ရဲ့ အပြုံးတွေဟာ စစ်သလား, မစစ်ဘူးလားခွဲခြားမယ်ဆိုရင်. . .

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား တပည့်တော်ကို လက်ခံပြီးမှ ခွဲခြားလို့ရမယ်ထင်ပါတယ်ဘုရား"

"ဒကာကိုတော့ သဘောကျသွားပြီ. . . ဘုန်းကြီးတွေးစရာတွေလည်း အများကြီးရသွားပြီ. . .၊ ဒီတော့. . . ဒကာဒီမှာ ကြိုက်သလောက်တည်းနိုင်တယ်"

ဆိုပြီး ခွင့်ပြုလိုက်လေသည်။ 'မင်းနေ'ကလည်း

"တင်ပါ့ ဘုရား"

ဟု ဆိုလိုက်ပြီး ဦးသုံးကြိမ်ချလိုက်ပြန်သည်။

■

(၃)

နောက်တစ်နေ့တွင် လူငယ်လေး၏သတင်းသည် တစ်မြို့လုံးသို့ ပျံ့နှံ့သွား၏။

ပုံစံအမျိုးမျိုးအကြောင်းအရာစုံလင်စွာနဲ့ လူပြောများနေသည်။ လူဆိုတာကလည်း ဘာမဟုတ်တာလေးကိုပဲ စိတ်ဝင်စားကြသည် မဟုတ်ပါလား"

စပ်စုတတ်သူများက 'ဂွ'လက်ဖက်ရည်ဆိုင်သို့လာပြီး စပ်စုကြသည်။

တစ်ချို့ကား လမ်းသွားလာရင်းနှင့်ပင် မတ်တပ်ရပ်ပြီး သတင်းယူ၊ သတင်းဖြန့်ကြ၏။

ဤမြို့လေးကား ထိုသို့တည်း. . .။

"ဟဲ့ . . . နင် ဟိုသတင်းကြားပြီးသွားပြီလား"

"ဘာလဲ. . . ဟိုလူငယ်လေးအကြောင်းလား"

"အေး. . . ဟုတ်တော့ ဟုတ်တယ်. . . ဒါပေမဲ့ အဲဒီကောင်လေးခိုးမယ်ဆိုတဲ့ ကောင်မလေးအကြောင်းလေ"

"ဟင်. . . ဟုတ်လား၊ ဒါ ကျွန်မ မကြားရသေးဘူး ပြောပါဦး"

ဈေးသွား ဈေးလာရင်းနှင့်ပင် အဒေါ်ကြီးနှစ်ယောက် စကားပြောနေကြခြင်းဖြစ်သည်။ ပထမ အဒေါ်ကြီးကပဲ. . .

"သူခိုးမယ့် ကောင်မလေးက တို့မြို့မှာ အချမ်းသာဆုံး ဒေါ်ခင်မကြီးရဲ့ သမီးဆိုပဲ"

"ဟယ်. . . ဟုတ်ရောဟုတ်လို့လား၊ ဒေါ်ခင်မကြီးက

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သ မာနခပ်ကြီးကြီးရယ်"

"အို. . . သတင်းကတော့ ကွက်တိပဲ"

"ဟယ်. . . ဒါဆို ကောင်လေးကတော့ ဒုတ္ခပဲ၊ ဒါနဲ့ သူ့သမီး 'လပြည့်ချို'ကကော ဘာပြောသတဲ့လဲ"

"အင်း. . . အဲဒါတော့ မသိဘူးဟဲ့"

စကားဆုံးတော့ ဈေးထိပ်ဝသို့ ရောက်နေလေပြီ။

ထိုကြောင့် စကားစပြတ်သွားပြီး အဒေါ်ကြီးနှစ်ယောက်ဈေးဝယ်ကြသည်။ ထိုအချိန်တွင် ဈေးသည်နှစ်ယောက်သည်လည်း ဈေးအရောင်းပါးနေသောကြောင့် စကားထိုင်ပြောနေကြသည်။

ပထမဈေးသည်က . . .

"ဟဲ့. . . ကောင်လေးနဲ့ ကောင်မလေးက အရမ်းချစ်ဆိုပဲ"

"နင် ဘယ်သူပြောလဲ"

"ဒီအတိုင်း ကြားတာပဲ"

"အင်း. . . ဟုတ်ချင်လည်း ဟုတ်မှာပေါ့. . .၊ ဒါပေမဲ့ . . . သေချာတာတစ်ခုကတော့နော်. . . ငါတို့ ဘုန်းကြီးက ကောင်လေးကို တော်တော်သဘောကျသွားတယ်တဲ့"

"ဘာဖြစ်လို့လဲ"

"သူပြောတဲ့ စကားကို အချက်ကျကျပြန်ပြောနိုင်လို့တဲ့လေ".

"အင်း. . . ဟုတ်တော့ ဟုတ်တယ်. . .၊ ဟိုနေ့က တောင်မှ 'အုန်းမောင်'ကို ကူညီသွားသေးတယ်တဲ့"

ဈေးဝယ်သူရောက်လာသဖြင့် စကားစပြတ်သွားပြန်သည်။

ဈေးဝယ်သူ ထွက်သွားတော့. . . ဒုတိယ ဈေးသည်က စကားစသည်။



"လပြည့်ချိုကတော့ သနားပါတယ်ဟယ်"

"အင်း. . သူနဲ့ သူ့အဖေဦးဘတင်ကလည်း ဒေါ်ခင်မကြီးကို ကြောက်ရတယ်ဆိုတော့ ဒီကိစ္စကတော့ သိပ်မလွယ်ဘူး၊ ဩော်. . . ပြောစရာတစ်ခုကျန်သေးတယ်. . ."

"ဘာတဲ့တုန်း"

"လပြည့်ချိုကို သူ့အမေက မြန်မြန်လက်ထပ်ပေးတော့မယ်တဲ့"

ဈေးဝယ်သူတွေ တစ်ဖွဲ့ဖွဲ့ရောက်လာကြပြန်သည်။

ထိုအချိန်တွင် နာရီသံကိုကြားလိုက်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄)

'ဂွ'လက်ဖက်ရည်ဆိုင်ထဲသို့ 'မင်းနေ'ရောက်သွားတော့ မနေ့က သူကူညီလိုက်တဲ့ 'အုန်းမောင်'နှင့်အတူ အခြားသူများကို တွေ့လိုက်ရသည်။

"လာဟော့. . . မင်းကိုမျှော်နေတာ"

အုန်းမောင်က လှမ်းခေါ်သည်။ မင်းနေက သူတို့ခုံမှာ ဝင်ထိုင်လိုက်ရင်း . . .

"ဘယ်လိုလဲ. . . မနေ့ကကိစ္စအဆင်ပြေလား"

'အနောက်အရပ်ကလာသည်'ဆိုသောကိစ္စကို ရည်ညွှန်းပြီးမေးလိုက်သည်။

"ဟာ. . . ပြေသမှပြေဟော့. . ကွက်တိပဲ၊ နောက်သုံးပတ်လောက်ဆိုရင် အဖြေတောင်ရတော့မှာ. . . အဲဒါ ကျေးဇူးတင်စကားထပ်ပြောချင်သေးလို့ မင်းကို စောင့်နေတာ"

"ခင်ဗျားကတော့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ပြောနေကျအကြောင်းနဲ့ ပြန်ပြောရမလိုဖြစ်နေပြီ"

"ဘာအကြောင်းလဲကွ"

"ဒီလိုဗျ. . .၊ ကျွန်တော့်သူငယ်ချင်းက သူ့ကို 'ကျေးဇူးတင်ပါတယ်'ဆိုတဲ့ စကားကို ခဏခဏပြောရင် ဒီကြောင်းကို ပြောလေ့ရှိတယ်"

သူ့စကားကို ဆိုင်ထဲမှလူများပါ စိတ်ဝင်စားသွားသည်။ ထို့ကြောင့် လူငယ်ဖက်သို့လှည့်လိုက်ကြသည်။ မင်းနေက ဆက်ပြော၏။



"တစ်ခါတုန်းက ဆိုင်တစ်ဆိုင်မှာ ကျောက်သင်ပုန်းနဲ့ စာတမ်းလေးတစ်ခုရေးထားလေ့ရှိတယ်. . .၊ 'ကျေးဇူးတင်ပါသည်'တဲ့. . .၊ ဒါ့အပြင် . . . အဲဒီဆိုင်ပိုင်ရှင်ဖြစ်တဲ့ 'ဦးကြူး'ဆိုတဲ့ လူကလည်း စာရေးထားရုံတင်အားမရသေးဘူး. . . ပါးစပ်ကလည်း 'ကျေးဇူးတင်ပါတယ်'. . . 'ကျေးဇူးတင်ပါတယ်'ဆိုပြီး ဆိုင်ကိုလာတဲ့ ဖောက်သည်တွေကို ခဏခဏပြောသေးတယ်တဲ့. . သူ့ဆိုင်က ကုန်စုံဆိုင်လေးတစ်ဆိုင်ပါ. . .၊ အဲ. . . တစ်နေ့လည်းကျရော ဆိုင်ရှေ့မှာ ဒေါသတကြီးအော်နေတဲ့ ဦးကြူးတစ်ယောက်ကို လူတိုင်းတွေ့ရပါလေရော. . .၊ အဲဒါနဲ့ လူတစ်ယောက်က 'ဘာဖြစ်နေတာလဲ'မေးတော့. . . ဦးကြူးက သူရဲ့'ကျေးဇူးတင်ပါသည်'ဆိုတဲ့ ဆိုင်းဘုတ်ကိုထိုးပြတယ်. . .၊ ဆိုင်းဘုတ်က 'ကျေးဇူးတင်ပါသည်' မဟုတ်တော့ဘဲ. . .၊ ဘယ်သူကလက်ကမြင်းသွားလဲမသိဘူး တစ်မျိုးပြောင်းနေတယ်"'

"ဘယ်လိုပြောင်းနေလို့လဲ"

"ဦးကြူး ချေးတင်ပါသည်"တဲ့. . .၊ ဦးကြူးလည်း တော်တော်လေးဒေါသထွက်တာပေါ့. . .၊ သူက မှန်မှန်ကန်ကန်လုပ်စားတဲ့သူကိုး. . .၊ အဲဒီ ရေးတဲ့သူသာသိရင် ဘာဖြစ်မယ်. . . ညာဖြစ်မယ်ပေါ့. . . ဒါနဲ့ လူတွေကလည်း အုံလာတယ်၊ အဲဒီမှာ အရူးတစ်ယောက်က ထွက်လာပြီး. . . ဦးကြူးကို. . . 'ဦး. . . ဘာတွေ ဒေါသထွက်. . . ဘာကြောင့် ဒေါသထွက်. . . ပလုံစွပ်'ဆိုပြီး မေးတယ်. . .၊ ဦးကြူးက အရူးကိုမှတ်မိသွားတယ်. . . ဟိုတစ်နေ့ကမှ မုန့်လေးနည်းနည်းပါးပါးပေးလိုက်တာကိုး. . .၊ ဦးကြူးက ဆိုင်းဘုတ်ကို ထိုးပြပြီး ပြောလိုက်တော့ အရူးက ရယ်ပါလေရော. . . အားရပါးရကို ရယ်တာ. . .၊ ပြီးတော့ 'သူရေးထားတာ သူရေးထားတာ'လို့ပြောတယ်. . . ဒါကိုကြားတော့ ဦးကြူးလည်း တော်တော်ဒေါသထွက်သွားတယ်. . .၊ အဲဒီမှာ ဦးကြူးက . . . 'မင်းဟာ ငါ့မုန့်လည်းစားသေးတယ်. . . ငါ့ကိုလည်း ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ကန်းစကားပြောတယ်ပေါ့လေ'ဆိုပြီး ပြောတော့ အရှူးက 'ဦး. . . ဘာတွေ ပြောနေတာလဲ. . . ဦးကို ကျေးဇူးတင်ကြောင်းရေး ထားတာလေ. . .၊ ဒီမှာမတွေ့ဘူးလား 'ဦး ကြူးဈေး တင်ပါသည်' 'ကြူးဈေး'ဆိုတာ 'ကျေးဇူး'လေ. . . ဒါတောင်မသိဘူးလား. . . ငတုံး'လို့ပြောပြီး 'ထွက်သွားပါလေရော. . .၊ အဲဒါကြောင့်မို့လို့ ကျွန်တော့်က ဦးကြူးလိုမျိုးပဲ ကျေးဇူးတင်လို့တင်မှန်းတောင် မသိ တဲ့လူစားမျိုးပါဗျာ၊ ဒါကြောင့် ခင်ဗျားကျေးဇူးတွေကို ပြန်သိမ်း ထားလိုက် ဟုတ်ပြီလား"

ဆိုင်ထဲမှ လူများက ပြုံးစိစိဖြစ်သွားကြသည်။ အုန်း မောင်က . . .

"ဪ. . . မင်းကို သူတို့နဲ့ မိတ်ဆက်ပေးရဦးမယ်"

အုန်းမောင်က ဝိုင်းထဲထိုင်နေတဲ့ လူလေးယောက်နဲ့ မိတ်ဆက်ပေးသည်။

"သူကတော့ မင်းသိပြီးသားဖြစ်မှာပါ. . . မနေ့က မိတ်ဆက်ထားတာ မောင်မြင့်ဆိုတာလေ"

"အင်း. . . မှတ်မိပါတယ်"

မောင်မြင့်က ပြုံးပြသည်။ မောင်မြင့်သည် အသား ညိုညို. . . ပြီးတော့ အရပ်လည်း ပု၏။

"ဒီဖက်မှာထိုင်နေတာကတော့ ကိုသန့်စင်တဲ့၊ မီးသွေး ဆိုင်ပိုင်ရှင်ပေါ့"

ထိုသူက ဂုဏ်ယူ၍လားမသိ၊ ကာတွန်းတွေထဲက အတိုင်း 'ဟဲ. . . ဟဲ'ဟု သွားဖြဲပြသည်။

"အင်း. . . ဒီဖက်က နှစ်ယောက်ကတော့ ညီအစ်ကို ကွ"

"ဒါပေမဲ့. . . သူတို့နှစ်ယောက်က ထူးထူးဆန်းဆန်း ပဲ. . . ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်က နားလေးနေတယ်၊ နောက်တစ်ယောက်ကတော့ မျက်စိမှုန်နေတယ်"



မင်းနေက သူတို့နှစ်ယောက်ကို သေချာကြည့်လိုက် သည်။ သူတို့နှစ်ယောက်ထဲမှ တစ်ယောက်က သူ့ကို ပြုံးတုံးပြံတဲ ကြည့်နေရခြင်းအကြောင်းကို အခုမှ သဘောပေါက်သွားသည်။ နောက်တစ်ယောက်ကတော့ 'အကုန်နားလည်တယ်၊ ကြားတယ်' ဟူသော ပုံစံဖြင့် မကြာခဏ ခေါင်းတဆတ်ဆတ်ညိမ့်နေသည်။

"အဲဒါကြောင့် နားလေးတဲ့အစ်ကိုကို 'ငနား'၊ မျက်စိ မှုန်နေတဲ့ ညီကို 'ငမျက်စိ'လို့ ငါတို့က ခေါ်ကြတယ်'

"အို. . . အဲဒီလောက်ကြီးလည်း ကျုပ်တို့ မတော် သေးပါဘူးဗျာ၊ အဲဒီနေ့က ပြိုင်ဖက်မလာလို့ ကျုပ်တို့နိုင်တာပါဗျ"

'ငနား'က ဘာမဆိုင် ညာမဆိုင် ဝင်ပြောသည်။

"အစ်ကိုကတော့ စွတ်ရမ်းဖောတောမယ့်. . . အုန်း မောင်က ကျွန်တော်တို့ကို မိတ်ဆက်ပေးနေတာ. . . ဟုတ်တယ် မဟုတ်လား အုန်းမောင်"

ဟု ဆိုပြီး မောင်မြင့်ကို လှမ်းပုတ်လိုက်သည်။

"ဟော့ကောင်. . . ငါ မောင်မြင့်ကွ"

"ဟင်. . . ဟုတ်လား. . . အုန်းမောင်မှတ်လို့"

သူတို့ ညီအစ်ကိုနှစ်ယောက်ကိုကြည့်ပြီး တစ်ဆိုင်လုံး က ဝိုင်းရယ်ကြသည်။ မင်းနေက. . .

'အေးဗျာ. . . ခင်ဗျားတို့နဲ့ တွေ့ရတာ ဝမ်းအရမ်း သာတာပဲ"

"ဝမ်းသာတယ်လုပ်ပါကွ. . . မသိရင် ငါတို့ကများ ဝမ်းနုတ်ဆေးတွေလိုလို ဘာလိုလို"

မီးသွေးဆိုင် ကိုသန့်စင်က ဝင်ပြောသည်။ ထိုအခါ မင်းနေက . . .

"ကျွန်တော်က ခင်ဗျားတို့ကို မိတ်ဆွေကောင်းတွေလို့ ဆိုလိုတာပါ"

"ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေကောင်းဆိုတာ ဝမ်းကောင်းကောင်းသွားသလိုပါပဲ၊ အကယ်၍ ဝမ်းမသွားဘူး ဖြစ်နေတယ်ဆိုရင် နေရတာ အီလည်လည်ကြီးဗျ၊ အဲဒါကြောင့် မိတ်ဆွေကောင်းမဟုတ်ရင် ဝမ်းမသာနိုင်ဘူး၊ အီလည်လည် ကြီးလို့ဆိုလိုတာ၊ အဲ. . . မိတ်ဆွေကောင်းဆိုရင်တော့ ဝမ်းမှန်မှန်သွားသလိုပဲ နေရထိုင်ရတာပေါ့ပါးတယ်၊ ဒါကြောင့် ဝမ်းသာတယ်လို့ဆိုတာပါ"

အားလုံးတိတ်ဆိတ်သွားသည်။ ကောင်းကင်ရဲ့ရန့်လိုလို့ လက်ဖက်ရည်နံ့လေးလိုလို သင်းနေသည်။ တကယ်တော့ သူတို့အားလုံးကို နွေးထွေးမှုက လွှမ်းခြုံထားတာပါ. . .။ အဲဒီထဲမှာ ရင်နှီးမှုတွေပါတယ်လေ. . .။

"မင်းအကြောင်းတော့ ဒီမြို့မှာ ပြန့်နေပြီ"

"ဒါဆို သူ့မိဘတွေက ကျွန်တော်ရောက်ကြောင်း သိသွားပြီပေါ့"

"အင်း. . . မင်းပြောတာ ဒေါ်ခင်မကြီးကို မှတ်လား"

မင်းနေက ခေါင်းညိတ်ပြသည်။

အဝေးမှ ငှက်သံသဲ့သဲ့ကြားရ၏။ စားပွဲထိုးကောင်လေး၏ ဝမ်းတီး၊ တူးတီးအသံနှင့်ရောယှက်နေသည်။

"သူ့ယောက်ျားဦးဘတင်ကတော့ သဘောကောင်းတယ်ကွ. . .၊ ဒါပေမဲ့. . . ဒေါ်ခင်မကြီးကတော့ မလွယ်ဘူးနော်၊ တစ်ခါတုန်းက သူ့သမီးကို ကောင်လေးတစ်ယောက်က စကားလိုက်ပြောတယ်. . .၊ ဒါကို သူသိသွားတော့ ရှင်းလိုက်ရတာ. . . ရုံးရောက်တော့မှပဲ ပြီးတယ်"

သက်ပြင်းချသံသဲ့သဲ့ကြားရသည်။ အုန်းမောင်က

"အခု မင်းဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

မင်းနေ ဆိုင်အပြင်ကို ငေးနေသည်။ ထို့နောက်

"အရင်ဆုံး . . . ကျွန်တော့်ကောင်မလေးနဲ့ ဆက်သွယ်မယ်လို့စိတ်ကူးထားတယ်"



"ဟာ. . . သူ့အမေကြီးကို သတ်လို့ ဘယ်ဖြစ်မလဲ"

ငနားက ဟုတ်သလိုလိုနဲ့ အတင်းဝင်ငြင်းသည်။

"ငနား. . . သူက သူ့ကောင်မလေးကို အရင်ဆက်သွယ်မယ်လို့ပြောတာ"

အုန်းမောင်က ငနားကြားလောက်အောင် အော်ပြောသည်။

ငနားက တိတ်သွားသည်။ မျက်လုံးလေး ပေကလပ်ပေကလပ်နှင့်ဖြစ်သွားသည်။ ငမျက်စိက သူ့အစ်ကိုကို မျက်စောင်းထိုး၏။ ဒါတောင် မီးသွေးဆိုင်ကိုသန့်စင်ကို မှားထိုးသေးသည်။

"အင်း. . . အဲဒါပြောပါဦး. . . ဆက်သွယ်ဖို့ဆိုတာ သိပ်တော့မလွယ်ဘူးနော်. . .၊ သူတို့အိမ်က ခြံစောင့်တွေကလည်း ဆိုးမှဆိုးပဲ"

မင်းနေက သူ့ရဲ့အကြည့်တွေကို လက်ဖက်ရည်ဆိုင်ထဲသို့ ရွှေ့လိုက်သည်။

အတော်ကြာတဲ့အထိ ငြိမ်သက်နေသည်။

ထို့နောက် ငနားတို့ ညီအစ်ကိုနှစ်ယောက်ကိုကြည့်လိုက်ပြီး . . .

"ကျွန်တော် သူတို့နဲ့ ဆက်သွယ်ခိုင်းဖို့ စိတ်ကူးမိတယ်"

"သူတို့နဲ့ဟုတ်လား. . .၊ ဟုတ်မှလည်း လုပ်ဦးနော်၊ ငါတို့တောင် မသွားရဲတာ"

"ဒီလိုမဟုတ်ဘူးဗျ. . . ကျွန်တော်စီစဉ်မှာက. . ."

ထိုသို့ပြောရင်း မီးသွေးဆိုင်ရှင်ကိုသန့်စင်ဖက် လှည့်လိုက်ပြီး. . .

"ကိုသန့်စင်. . . ကျွန်တော့်ကို မီးသွေးတစ်အိတ်နဲ့ မီးသွေးတင်တဲ့လှည်းခဏလောက်ငှားပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ငှားတာတော့ ငှားလို့ရပါတယ်. . . ဒါနဲ့ ဘာလုပ်မလို့လဲဆိုတာ ပြောဦးလေ"

"ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေးကြားမှာ မီးသွေးနဲ့ ပတ်သက်ပြီး ကိစ္စတစ်ခုရှိခဲ့ဖူးတယ်၊ ကဲပါ. . . နောက်မှပဲရှင်းပြတော့မယ်. . . အခုအဲဒါတွေ သွားယူရအောင်ဗျာ. . .၊ လမ်းကျမှပဲ အစီအစဉ်အသေးစိတ်ပြောပြတော့မယ်"

■

(၅)

ဒေါ်ခင်မကြီး၏ အိမ်ရှေ့တွင်ဖြစ်သည်။

"မီးသွေးလာပို့တာဗျို့. . . မီးသွေးလာပို့တာ"

ငမျက်စိအော်သံကြောင့် ရုပ်ရှင်ထဲက လူမိုက်ပုံစံဖမ်းထားသော ဒေါ်ခင်မကြီး၏ ခြံစောင့်နှစ်ယောက်က လှမ်းကြည့်သည်။

မီးသွေးလှည်းနှင့် ငမျက်စိကိုတွေ့တော့-

"ဘာလဲဗျ. . . ဟေ့လူ"

"မီးသွေးလာပို့တာလို့ ပြောနေမှပဲ"

"ဘယ်သူမှာထားလို့လဲ"

"ဟာ . . . ဒီအိမ်က မှာထားတာပဲလေ"

ခြံစောင့်နှစ်ယောက်က ငမျက်စိကို သေချာကြည့်လိုက်သည်။ ငမျက်စိတစ်ယောက်တည်းပင်ဖြစ်၏။

ထို့နောက် မေးမြန်းသော ခြံစောင့်က အခြားခြံစောင့်တစ်ယောက်ကို လှမ်းပြောသည်။

"ဟေ့ကောင် ငါတို့ကိုလည်း ဘာမှမပြောထားပါလား"

"ဟုတ်ရင် ဟုတ်နေမှာပေါ့. . .၊ ငါတို့ကို ပြောဖို့မေ့များမေ့နေလားမှ မသိတာ"

ခြံစောင့်နှစ်ယောက်က ငမျက်စိကို သေသေချာချာ ထပ်ကြည့်ပြန်သည်။

"အရင်တုန်းက တစ်ခါမှ လာမပို့ဖူးပါဘူး"

"ဟုတ်တယ်. . . အရင်တုန်းက လာမပို့ဖူးဘူး. . .၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့ကမှ အိမ်ကိုလာပို့ပေးပါဆိုလို့ လာပို့တာ"

ခြံစောင့်နှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ပထမခြံစောင့်က-

"ဟုတ်ရင် ဟုတ်မှာကွ. . . ဖွင့်ပေးလိုက်ရအောင်"

"ဒါပေမဲ့ ဟော့ကောင်. . . မမကြီးက ဘယ်သူလာလာ မဖွင့်ပေးရဘူးလို့ ပြောထားတယ်လေ"

"ဟာ. . . ဒါက ဟိုကောင့်ရန်ကိုကြောက်လို့ပါ. . .၊ အခုဟာက မီးသွေးလာပို့တာပဲဟာ"

ဒုတိယခြံစောင့်က တွေးဆဆဖြစ်သွားသည်။ ထို့နောက်မှ . . .

"အေး. . . မင်းသဘောပဲလေ"

ပထမခြံစောင့်က တံခါးဖွင့်ပေးလိုက်သည်။

"ကျွီ"

ဟူသော သံရှည်ရှည်နှင့်အတူ တံခါးပွင့်သွား၏။

မျက်စိက မီးသွေးလှည်းကို မနိုင့်တနိုင်နှင့်တွန်းဝင်သည်။ လှမ်းပေါ်တွင် မီးသွေးအိတ်တစ်အိတ်သာပါသည်။ ထိုမီးသွေးအိတ်ပေါ်တွင် စာကြောင်းလေးကြောင်းရေးထားသေး၏။

သို့သော် ရုတ်တရက်ကြည့်လျှင် တံဆပ်လိုလို ဘာလိုလိုနှင့်ကွဲကွဲပြားပြား မသိချေ။ သေချာကြည့်မှသာ စာရေးထားမှန်းသိနိုင်သည်။

"ဟဲ့. . . ဘယ်သူလဲ"

ခြံစောင့်နှစ်ယောက်နှင့် မျက်စိတို့ တွန်းလှည်းနှင့်ဝင်လာစဉ် ခပ်ထန်ထန်အသံတစ်သံကိုကြားလိုက်ရသည်။ ထိုအသံကိုကြားတော့ ခြံစောင့်နှစ်ယောက် သတိဆွဲပြီးသားဖြစ်သွားသည်။

မျက်စိက ဒေါ်ခင်မကြီးအသံမှန်း သိလိုက်သည်။ ထို့ကြောင့်အသံလာရာကြည့်လိုက်တော့ တံခါးဝတွင် လူသုံးယောက်



ရပ်နေသည်ကို မှုန်တိမှုန်ဝါးတွေ့ရ၏။

ပြူးတူးပြဲတဲကြည့်လိုက်တော့ ဒေါ်ခင်မကြီး၊ ဦးဘတင်နဲ့ သူတို့သမီးလပြည့်ချိုတို့ဖြစ်မှန်း ရိပ်မိလိုက်သည်။ အပြင်သွားခါနီးလည်းဖြစ်ပုံရသည်။

"မီးသွေးလာပို့တာတဲ့ . . . မမကြီး"

ခြံစောင့်တစ်ယောက်က လှမ်းဖြေသည်။ တစ်ချိန်တည်းဆိုသလိုပင် မျက်စိကလည်း မီးသွေးလှည်းကို သူတို့ရှေ့သို့ ခပ်သွက်သွက်လေးတွန်းသွားလိုက်သည်။

"ဟဲ့. . . ဟဲ့ ဘယ်သူကမှာလို့တုန်း"

"ဒီအိမ်ကပဲ လာမှာသွားတာပါ"

မျက်စိက ပြန်ဖြေသည်။

"မမှာပါဘူး. . . ဘယ်သူက မှာလို့လည်း. . . ဩော် နေဦး. . . ဟဲ့ မိစန်းကိုသွားခေါ်စမ်း သူတို့ပဲ မှာထားသလားလို့"

ခြံစောင့်တစ်ယောက်က ပျာပျာသလဲ ထွက်သွားသည်။

မျက်စိလည်း တွန်းလှည်းကို လက်ထောက်ရင်းစောင့်နေသည်။ ပြီး. . . မီးသွေးအိတ်ကိုငေးနေသည်။ ထို့နောက်မှ မီးသွေးအိတ်ပေါ်က စာတန်းတွေကို အခုမှတွေ့သည့်အလားဆတ်ကနဲ ပြူးကြည့်ရင်း. . .

"ဟာ. . . မီးသွေးအိတ်ပေါ်မှာ ဘယ်ကောင်တွေလက်ကမြင်းသွားလဲမသိဘူး"

ဒေါ်ခင်မကြီးက မသိမသာ စောင်းငဲ့ကြည့်၏။ ထို့နောက် မျက်နှာထားခပ်တင်းတင်းနဲ့ ပြန်လှည့်သွားသည်။ ဦးဘတင် ကတော့ လှည့်မကြည့်ချေ။

မျက်စိ ညည်းညူသံကြောင့် လပြည့်ချိုက မီးသွေးအိတ်ကို ကြည့်လိုက်သည်။

"အို"

ဟု ယောင်ထွက်သွားသည်။ သို့သော် မည်သူမျှ သတိမထားမိ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပျော်ရွှင်မှုလှိုင်းခတ်သွားသည်။

ဒေါ်ခင်မကြီးက ကျောခိုင်းထား၏။

ထို့ကြောင့် သွယ်လတ်ခက မီးသွေးအိတ်ပေါ်က စာကို သေချာထပ်ဖတ်သည်။

'သေချာပါတယ်'ဟုလည်း စိတ်ထဲက ပြောလိုက်သေးသည်။

ထိုအချိန်တွင် ခုနက ခြံစောင့်နှင့်အတူ မိန်းမကြီးတစ်ယောက်လာလေသည်။

"ဒီမီးသွေးအိတ်ကို နင်တို့မှာထားတာလား မိစန်း"

အခုတလော ဒေါ်ခင်မကြီး မအား၍ မိစန်းတို့ကို ဈေးတာဝန်များခိုင်းထားရသည်။ ထို့ကြောင့် သူမသိတုန်းများ မှာထားသလားဟု မေးခြင်းဖြစ်သည်။

"မ. . . မမှာထားပါဘူး. . . မမကြီး"

အမျိုးသမီးကြီးက မရဲတရဲဖြေသည်။ ဒေါ်ခင်မကြီးက ငမျက်စိဘက်သို့ ပြန်လှည့်ပြီး . . .

"ဘယ်သူက မှာတယ်ပြောလို့ လာပို့ရတာလဲ"

ငမျက်စိက ဖြေမလို့ ပြင်လိုက်စဉ်မှာပင် . . .

"ဟာ. . . ညီလေး၊ အိမ်မှားနေပြီး ကိုကြီးတို့ပို့ရမှာက ဒီအိမ်မဟုတ်ဘူး"

ငနား၏အသံကိုကြားလိုက်ရသည်။ အသံလာရာသို့ အားလုံးလှမ်းကြည့်လိုက်၏။ ခြံတံခါးဖွင့်ထားဆဲဖြစ်သောကြောင့် ခြံထဲသို့ ငနားဝင်လာသည်ကို တွေ့ရသည်။

"ညီလေး. . . ကိုကြီးတို့ပို့ရမှာ ဒီအိမ်မဟုတ်ဘူး"

"ဟာ. . . ကိုကြီးပဲ အိမ်နံပါတ်(၃၃)ဆို"

ဒေါ်ခင်မကြီးက . . .

"ဟဲ့. . . တို့အိမ်က အိမ်နံပါတ်(၄၄)ဟဲ့. . . တကတည်း ဘယ်လိုမှန်းကို မသိဘူး"



ငနားက ဒေါ်ခင်မကြီးကို ကြည့်လိုက်ပြီး. . .

"တောင်းပန်ပါတယ်ခင်ဗျာ. . . ကျွန်တော့်ညီလေးက မျက်စိမှုန်နေလို့ပါ"

ဒေါ်ခင်မကြီးက ရှုသိုးသိုးဖြင့် ပြန်ကြည့်သည်။ ထို့နောက် ဆတ်ကနဲလှည့်လိုက်ပြီး . . .

"ရှုပ်ရှုပ်ယှက်ယှက်. . . အလုပ်ပျက်လိုက်တာ. . . ဘယ်လိုလူတွေမှန်း မသိဘူး"

ပြောပြောဆိုဆို အိမ်ထဲဝင်သွားသည်။

ဦးဘတင်က ဒုတိယလိုက်ဝင်သွားသည်။ လပြည့်ချိုက အထဲမဝင်ခင် မီးသွေးအိတ်ကို တစ်ခေါက်ကြည့်လိုက်၏။

"သမီး. . . ဘာလုပ်နေတာလဲ လာလေ"

သူ့အမေအော်သံကြားမှ အိမ်ထဲသို့ပြေးဝင်သွားသည်။

ငနားနှင့် ငမျက်စိတို့ ခြံထဲမှအထွက် ခြံစောင့်နှစ်ယောက်နှင့် ဘုကြည့်ကြည့်ကြသေးသည်။

ဒေါ်ခင်မကြီး အိမ်နှင့်ခပ်ဝေးဝေးရောက်တော့ ငနားက . . .

"မီးသွေးအိတ်ပေါ်က စာကို ကောင်မလေးကြည့်သွားတယ်ကွ"

"သေချာလို့လား အစ်ကိုရဲ့"

"သြော်. . . ငါ့ရှေ့မှာ ကြည့်သွားတဲ့ဟာကို. . . ငါက နားပဲလေးတာနော်. . . မျက်စိမမှုန်ဘူး"

"ဒါဆို. . . အခုကိစ္စအောင်မြင်တာပေါ့"

"ရှူး. . . တိုးတိုးပြောပါကွ. . . မင်းကလည်း"

"အစ်ကို မကြားမှာစိုးလို့ပါ"

"ကြားပါတယ်ကွ"

နှစ်ယောက်သား ပြောစရာစကားမရှိတော့ဘဲ တိတ်ဆိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ မျောက်စိက ရုတ်တရက်သတိရသဖြင့်

"အစ်ကိုကြီး"

နေဘးက မကြားချေ။ သူ့အတွေးနှင့် သူမျောနေပုံရသည်။

"အစ်ကိုကြီး"

ထပ်မေးတော့မှ ကြားသည်။

"ဘာလဲ"

"မီးသွေးအိတ်ပေါ်မှာ ဘာရေးထားတာလဲ သိချင်လို့ပါ. . . ကျွန်တော်သိပ်မမြင်ရဘူး. . .၊ မှုန်တိမှုန်ဝါးဖြစ်နေတယ်"

မျောက်စိက ခပ်ကျယ်ကျယ်လေးအော်ပြောသည်။

"တိုးတိုးပြောပါဟ. . . ကြားပါတယ်. . . ဘာလဲ မီးသွေးအိတ်ပေါ်က စာ. . . ဟုတ်လား"

"အင်း"

နေဘးက မီးသွေးအိတ်ကိုကြည့်လိုက်သည်။ ထို့နောက်

"ကဗျာရေးထားတာကွ"

"ကဗျာ. . . ဟုတ်လား"

"အေး"

"ဖတ်ပြပါလား အစ်ကိုကြီး"

နေဘးက ကဗျာကို အသံထွက်ဖတ်ပြသည်။

သို့

ဆွေးရပြီလေ
ပဝေသနက်၊ ရှေးရေစက်က
မောင့်အတွက် မကူညီတကား. . .။

"ဘာအဓိပ္ပာယ်လဲ. . . အစ်ကိုကြီး"



"ဟ. . . လွမ်းလို့ ရေးပေးလိုက်တဲ့ ကဗျာဖြစ်မှာပေါ့"

"ကဗျာက တစ်မျိုးကြီးပဲနော်"

"မျိုးချင်ရင် ဟိုရောက်မှပဲမျိုးတော့. . . ဟိုမှာ မင်းနေတို့စောင့်နေတယ်"

မျောက်စိလည်း ဆက်မမေးတော့ဘဲ လှည်းကို ခပ်သွက်သွက်လေးတွန်းလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၆)

မြို့၏အနောက်ဖက်ဆုံးရေကန်နားတွင်ဖြစ်သည်။ အရိပ်ရသစ်ပင်ကြီးများ အစီအရီပေါက်နေကြ၏။

အရွက်တို့မှာ ပါးလျစပြုနေသည်။ သို့သော် အရိပ်ကောင်းစွာရနေသေး၏။ လောကခံကို ခံခဲ့ရ၍လားမသိ၊ အချို့သစ်ပင်များမှာ အရိုးပြိုင်းပြိုင်းထနေသည်။

မင်းနေ တစ်ချက်လှည့်ကြည့်လိုက်သည်။ အုန်းမောင်၊ မောင်မြင့်နှင့် မီးသွေးဆိုင်ကိုသန့်စင်တို့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်၊ လမ်းမဖက်သို့ လှမ်းကြည့်လိုက်နှင့် ဂဏာမငြိမ်ဖြစ်နေသည်။

သူ သက်ပြင်းဖွဖွလေးရှိုက်လိုက်သည်။ အခုမှ ခင်ရပေမယ့်လည်း ငယ်ပေါင်းတွေလို ဖြစ်နေကြမှန်း သူသိနေသည်။

လမ်းမဖက်သို့ တချက်ကြည့်လိုက်သည်။ ညီအစ်ကိုနှစ်ယောက်၏ အရိပ်အယောင်ပင် မတွေ့ရသေး။

အဆင့်ပြေပါ့မလားဟူသည့် အတွေးကလည်း ဝင်လာသည်။

ထို့နောက် အနားၖရှိသော တုတ်ချောင်းကိုကောက်ကိုင်လိုက်ပြီး မြေပြင်ပေါ်တွင် တစ်စုံတစ်ခု ရေးခြစ်နေမိသည်။

"လ"

နွေးထွေးသွားသလို ခံစားလိုက်ရသည်။ တကယ်တော့. . . ကိုယ့်ချစ်သူနဲ့ပတ်သက်သမျှအရာအားလုံးဟာ နွေးထွေးစရာတွေကြီးပဲ မဟုတ်ပါလား. . .။



အချစ်ဆိုတာ ဘာမှန်းမသိတဲ့အရာဖြစ်ပေမယ့်. . . ခံစားလို့ရပါတယ်. . .။

"ဟော. . . ဟိုကောင်တွေလား မသိဘူး"

မောင်မြင့်အသံကြောင့် မင်းနေက လမ်းမဖက်သို့ ကြည့်မိသည်။

"ဟေး"

ဟူသော အသံနှင့်အတူ တွန်းလှည်းကို ဒုန်းဆိုင်းတွန်းလာသော ညီအစ်ကိုနှစ်ယောက်ကို တွေ့ရသည်။

သူတို့ပုံစံကြည့်ကတည်းက အဆင်ပြေခဲ့မှန်း မင်းနေသိလိုက်သည်။ ပျော်လည်း ပျော်သွားသည်။

ထို့နောက်မြေပြင်ပေါ်တွင် ရေးထားသော ချစ်သူနာမည်ကို တစ်ချက်ကြည့်လိုက်သည်။

**အချစ်ရေ. . . တကယ်တော့ ကိုယ်တို့ နီးဖို့ သိပ်မလိုတော့ဘူး. . .။**

"အဆင်ပြေခဲ့ရဲ့လား"

ညီအစ်ကိုနှစ်ယောက်ရောက်ရောက်ခြင်း အုန်းမောင်က မေးလိုက်သည်။

ငမျက်စိက . . .

"ပြေတာမှ အကုန်ပြေ. . . ဒိုင်ယာလော့စ်တွေ. . . ဇိုက်တင်တွေအပြည့်. . . အပြည့်ပဲဟေ့. . . ကိုမင်းနေပြောတဲ့အတိုင်းလုပ်လိုက်တာ ကွက်တိပဲ"

မောင်မြင့်က. . .

"ဟာ. . . ဒါဆိုမိတာပေါ့ကွ"

"ဟာကွာ. . . မင်းတို့ကလည်း ဒီလူနဲ့ ဒီလူ ကျေးဇူးတင်စရာမလိုပါဘူး"

ငနားက ဝင်ပြောခြင်းဖြစ်သည်။ သူ့စကားကို မည်သူမျှ မပြင်ပေးကြတော့ပဲ ပြုံး၍သာကြည့်နေကြသည်။ ထို့နောက် မင်းနေဖက် လှည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းနေ. . . ဘယ်လိုလဲ"

ဟု မေးလိုက်သည်။

မင်းနေက ဘာမှပြန်မပြောသေးဘဲ လက်မောင်းက ကြွက်သားတွေကို ကာယဗလမောင်ညှစ်သလို ညှစ်ပြလိုက်သည်။

"ဘာလဲဟ. . . မင်းဟာက. . ."

အားလုံးက ပြူးတူးကြောင်တောင်ကြည့်ရင်းမေး၏။ မင်းနေက . . .

"မင်းတို့စကားကြားရတာ အားရှိလိုက်တာလို့ပြောတာပါ"

"ဟာ. . . မင်းကတော့ လုပ်တော့မယ်"

ငနားက ဘုမသိဘမသိ ရယ်လေသည်။ သူ့ကိုကြည့်ပြီးတော့ အားလုံးက ရယ်ကြပြန်သည်။

ပြီးတော့ မြေကြီးပေါ်သို့ သက်တောင့်သက်သာထိုင်လိုက်ကြသည်။

နေမင်းကြီးက ရက်ရက်စက်စက် ပူနေသော်လည်း သူတို့ထိုင်နေတဲ့ သစ်ပင်အောက်မှာ အရိပ်ရပြီးအေးမြနေသည်။

ကန်ရေပြင်က တံလျှပ်များကလည်း တလက်လက်ထနေ၏။

"ကဲ. . . ဘယ်လိုဖြစ်လဲ ပြောကြပါဦး"

မင်းနေက ငနားတို့ ညီအစ်ကို နှစ်ယောက်ကို မေးလိုက်သည်။

ထို့နောက် ငနားနှင့် ငမျက်စိတို့၏ တစ်ယောက်တစ်လှည့်ပြောသံများကြောင့် သူတို့၏စကားဝိုင်းမှာ စိုပြေသွားလေသည်။

အားလုံးပြောပြီးသောအခါ ငမျက်စိက. . .

"ကိုမင်းနေ. . . ကျွန်တော့်ကို မီးသွေးအိတ်ပေါ်က ကဗျာအကြောင်းရှင်းပြပါဦး"

"ဟာ. . . ကဗျာအကြောင်းတင် ဘယ်ဟုတ်ဦးမလဲ၊



ဒီနေ့လုပ်တဲ့ကိစ္စတွေဟာ ဘာအဓိပ္ပာယ်နဲ့လုပ်တာလဲဆိုတာကို ဒီကောင်ရှင်းပြရဦးမယ်"

မီးသွေးဆိုင်ကိုသန့်စင်က ငမျက်စိစကားကို ဖြည့်ပေးလေသည်။

ငနားက ငမျက်စိကို တံတောင်နှင့်တွတ်၏။ သူမကြားဖူးဆိုသည့်သဘော. . .။

ငမျက်စိက ခပ်ကျယ်ကျယ်လေးပြန်ပြောပြရသည်။ အားလုံးဝိုင်းရယ်ကြ၏။ မင်းနေက -

"အင်း. . : ဘယ်ဟာက စပြောရမလဲ"

"ကဗျာက စပြောဗျာ"

ငမျက်စိက ဝင်ပြောသည်။

ထို့နောက် မင်းနေက မြေပြင်ပေါ်တွင်ရေးထားသော နာမည်ကို တုတ်ကလေးနှင့် ထပ်ပြီးရေးလိုက်သည်။

အားလုံးကလည်း သူရေးတဲ့ဆီကို ကြည့်မိကြသည်။

ပြီးတော့ သက်ပြင်းဖွဖွလေးရှိုက်မိကြ၏။ အုန်းမောင်က

"မင်းနေ. . . ငါတို့ကို မင်းတို့နှစ်ယောက် စကြိုက်ခဲ့တဲ့အကြောင်းက စပြောပါလား"

မင်းနေ ဆတ်ကနဲလှည့်ကြည့်သည်။ မောင်မြင့်က

"ဟုတ်တယ်. . . မင်းနေ. . . ပြောမယ့်အတူတူ အစကပဲ ပြောလိုက်တာကောင်းတယ်. . . ငါတို့နားထောင်ချင်လို့ပါ"

အခြားသူများကလည်း 'ဟုတ်တယ်'ဟု ထောက်ခံကြသည်။

မင်းနေက သူ့အကြည့်တွေကို လမ်းမဆီသို့ရွှေ့လိုက်သည်။

သစ်ပင်ပေါ်က ငှက်ကလေးက လွမ်းလွမ်းဆွေးဆွေးနှင့် အော်နေ၏။

ဤသို့ဖြင့် . . .

■

www.burmeseclassic.com

www.burmeseclassic.com

အိမ်မက်တွေ ဖရိုဖရဲ
ကောင်းကင်တွေ ပြိုကျ
ကြယ်တာရာ လင်းလက်
အလွမ်းတွေ ဆွမ်းခံရင်း ငှက်သင့်
အဲဒီလို. . .
မပြောတတ်ပေမယ့်လည်း အချစ်ရယ်
တကယ်တော့. . .
သိပ်သတိရတာပဲ. . .။

**[A]**

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ရည်းစားစကားလိုက်ပြောနေသည်။

ကောင်မလေးက ပုံမှန်ဖြေးဖြေးလေးလျှောက်နေပြီး ကောင်လေးက အားချင်းယှဉ်လျှက် လိုက်ပြောနေခြင်းဖြစ်၏။

ကောင်လေးက-

"မင်းလေးဟာလေ. . . ကိုယ့်ရဲ့နတ်သမီးလေးပဲ သိလား"

ထိုစကားကိုကြားတော့ ကောင်မလေးက ကောင်လေးကို ဆတ်ကနဲကြည့်ပြီး. . .

"နေစမ်းပါဦး"

"အင်း. . . ပြောလေ"

"ကျွန်မတို့ မြန်မာနတ်တွေထဲမှာ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းဆိုတာ ရှိတယ်. . . အဲဒီထဲမှာ ဘယ်နတ်ရဲ့သမီးကို ပြောတာလဲ"

"အင်"

ကောင်လေးကြောင်သွားသည်။ နောက်တော့မှ တစ်စုံရယ် တစ်ခုရယ်ကို သတိရသွားပြီး. . .

"မဟုတ်ပါဘူးကွာ. . . ကိုယ့်ရင်ထဲက ပေါက်ဖွားလာတဲ့ အချစ်နတ်သမီးလေးကို ပြောတာပါ"

'တော်လိုက်တဲ့ ငါ'ဟု ကောင်လေးက ကိုယ့်ကိုကိုယ် တွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက လမ်းသွားနေရင်းမှ ဆတ်ကနဲ ရပ်လိုက်သည်။ ထို့နောက် ကောင်လေးကို သေချာကြည့်လိုက်ပြီး. . .

"ဒီမှာ . . . ကျွန်မတို့ မြန်မာတွေမှာ စကားတစ်ခွန်းရှိတယ်. . . ယောကျ်ားလေးသည် သားကျွေးမှု၊ မယားကျွေးမှုပြုရ၏။ မိန်းကလေးသည် သားမွေးမှုပြုရ၏တဲ့. . . ရှင်ကပဲ ရာရာစစ ယောကျ်ားလေးကပဲ သမီးလေးမွေးရတယ်လို့. . . မြန်မာစကားကို တလွဲတချော်ဖြစ်အောင်မလုပ်စမ်းပါနဲ့ရှင်"

"အဲ. . . ဟို. . . ဟိုဒင်းလေ. . ကို. . . ကိုယ်က. . တင်. . . တင်စားပြီး ပြောတာပါ"

"အမလေး. . . ယုတ်ပတ်လိုက်တာ"

ကောင်လေးမှာ ဘာပြောရမှန်း မသိတော့. . .။ ကောင်လေးငေးငိုင်နေတုန်းမှာပဲ ကောင်မလေးက ကောင်လေးကို မသတီသလိုကြည့်ပြီး ဇတ်တောက်ဇတ်တောက်နှင့် ထွက်သွားလေသည်။

■

[B]

"ဟား. . . ဟား. . . ဟား"

"အေး. . . အေး. . . မင်းတို့ပဲ. . . ရီ၊ ငါ့မှာတော့လေ. . . ဘာပြောလို့ ပြောရမှန်းတောင်မသိဘူး"

"နေစမ်းပါဦး. . . မင်းကကော တင်,စားပြီးသွား ပြောလို့လား"

"ဟာ. . . မင်းကြီးတော်ထဲမှပဲ"

မင်းနေတို့ ဝိုင်းရယ်ကြသည်။ ကျော်သိန်းက သူရည်းစားစကားလိုက်ပြောတဲ့ အကြောင်းကို ပြန်ပြောပြနေခြင်းဖြစ်သည်။

မင်းနေ၊ မိုးဇော်နှင့် ဝေထွန်းတို့က တဟားဟားနှင့် နှားထောင်နေသည်။ လက်ဖက်ရည်ဆိုင်ထဲမှာ လူရှင်းနေတာကြောင့် ဆိုင်ထဲမှာ သူတို့တွေပဲရှိနေသည်။

"အဲဒါနဲ့ မင်းက ဆက်ကြိုးစားမယ်ပေါ့"

ဝေထွန်းက မေးသည်။

"တော်ပါပြီကွာ. . . တော်ပါပြီ. . . စကားလုံးတွေကြောက်လွန်းလို့ပါ"

သူတို့ ရယ်မိကြပြန်သည်။ ထို့နောက် မင်းနေက. . .

"အဲ. . . ကောင်မလေးက ဘယ်သူလဲ"

"ဘာလဲ. . . မင်းက စိတ်ဝင်စားလို့လား"

"မဟုတ်သေးပါဘူး. . . သဘောကျလို့ပါ"

"အင်း. . . မင်းကတော့ လုပ်တော့မယ်. . . ဘာပဲပြောပြော အဲဒီကောင်မလေးက မင်းနဲ့မှ ကီးကိုက်မယ် ထင်တယ်

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဟာ . . မင်းကလည်း ပေါက်ပေါက်ရှာရှာပြောတာကိုး"

"ကဲ . . . ပြောပါဦး . . . အဲဒီကောင်မလေးက ဘယ်သူလဲလို့"

"သူက ဒီမြို့က မဟုတ်ဘူး . . . တစ်ခြားမြို့က . . . အခုဒီမှာ . . . သူ့အဒေါ်ဆီ ခဏလာနေတာ"

"ငါ့ နောက်နေ့ပြစမ်းပါ"

"နောက်နေ့ပြစရာတောင်မလိုဘူး . . . ခဏကြာရင် ဒီကနေဖြတ်ပြီး ဈေးကိုသွားလိမ့်မယ်"

"အလို့ . . . သိလှချည်လား"

"စုံစမ်းထားတာကိုး . . . ဒါနဲ့ နေပါဦး . . . မင်းက စိတ်ဝင်စားလို့လား"

"ရော . . ပြောပြီးပကော၊ စကားပြောတာ သဘောကျလို့ပါဆိုနေ"

"စကားပြောတင်မဟုတ်ဘူး . . . ရုပ်ကလေးပါ ချော တာ . . . အင်း . . . ဘယ်လိုပြောရမလဲဆိုရင် . . ."

ကျော်သိန်းက စဉ်းစားနေသည်။ မင်းနေက ကြားဖြတ်ပြီး . . .

"ဦးမောင်တင့် မိန်းမလောက်ချောလား"

"အင်း . . . ချော . . . နေစမ်းပါဦး . . . ဘယ်က ဦးမောင်တင့်လဲ"

"ဩော် . . . ဒါလေးတောင်မသိဘူးလား၊ ကိုရွှေထူး ကာတွန်းထဲက ဦးမောင်တင့်ရဲ့မိန်းမ မချိုကိုပြောတာလေ"

"ဟာ . . . မင်းကလည်း . . . သာတယ်ဟ . . သာတယ် . . . ဆယ်ဆမက သာတယ်"

ကျော်သိန်းက ဒေါနဲ့မောနဲ့ ပြောသည်။ သူတို့က တဟားဟားနဲ့ ဝိုင်းရယ်ကြပြန်သည်။



ထို့နောက် ဟိုအကြောင်း ဒီအကြောင်းရောက်သွားကြသည်။ လက်ဖက်ရည်ဆိုင်မှာလည်း လူများပြည့်လာ၏။

စကားပြောသံများကလည်း ကျယ်လောင်လာသည်။ မင်းနေတို့ ဝိုင်းက အကျယ်လောင်ဆုံးဟု ထင်ရသည်။ သို့သော် ကိစ္စမရှိ။ ဒီဆိုင်နှင့် ဒီလူများမှာ သူတို့၏အသိများပင်ဖြစ်သည်။

ထိုစဉ် . . .

"ဟာ . . . ဟိုမှာ လာနေပြီ . . . လာနေပြီ"

ကျော်သိန်းက လမ်းမဖက်သို့ လက်ညှိုးတစ်ထိုးထိုးနှင့် ပြောလေ၏။ ကျန်တဲ့သူများက ကြည့်လိုက်ကြသည်။ မင်းနေက လမ်းကိုကျောပေးပြီး ထိုင်နေတဲ့အတွက် ဖြည်းဖြည်းခြင်းလှည့်ကြည့်ရ၏။

ပန်းနဲ့ထုဆစ်ထားတဲ့ နတ်သမီးတစ်ပါးကို တွေ့လိုက်ရ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## [၎]

"မင်း အဲဒီအကောင်မလေးကို မကြိုက်တော့တာ သေချာတယ်နော်"

မင်းနေက သေချာအောင်ထပ်မေး၏။

"အေး. . . မကြိုက်တော့ပါဘူး"

"သေချာတယ်နော်"

"အေးပါဆို၊ ဒါနဲ့မင်းက. . . "

"ဟဲ. . ဟဲ ချစ်လို့ပေါ့ကွ"

"မင်းချစ်ရင်လည်း မြန်မြန်လိုက်ကွာ၊ ကောင်မလေးက ပြန်တော့မယ် အသံကြားရတယ်"

"ဘယ်ကြားထဲကလဲ"

"ဘာ"

သုံးယောက်သား အူကြောင်ကြောင်ဖြစ်သွားသည်။

"ဩော်. . . ဘယ်ကြားထဲက အသံကြားရတာလဲလို့. . . မင်းပဲ အသံကြားရတယ်ဆို"

"ရော်. . . ခက်ပြီ. . . သူ့အခေါ်နဲ့သိတဲ့ ငါ့အခေါ်က ပြောနေသံကြားရတာဟေ့"

"ဩော်"

"ငါတစ်ခုလောက် မေးချင်တယ် မင်းနေ"

မိုးဇော် ဝင်မေးခြင်းဖြစ်သည်။

"ပြောလေ. . . မေလေး"

မိုးဇော် တွန့်သွားသည်။

"ငါ့. . . ငါ့နာမည် မိုးဇော်ပါကွ"



"ဟုတ်ပါတယ်. . . မင်းနာမည် မိုးဇော်. . ယောကျ်ားကြီး. . . ငါသိသားပဲ. . .၊ ဘာဖြစ်လို့လဲ"

"မင်းပဲ. . . 'မေလေး'ဆို"

"ဟာ. . . မေလေးဆိုတာ မေးလေလို့ပြောတာ. . ဒုံးဝေးပ"

"ဩော်. . . အေး. . . ကြောင်သွားလို့. . . ငါ. . . ဘာမေးမလို့ပါလိမ့်. . . အဲ. . . ဟို. . . မင်း. . . ကောင်မလေးကို တကယ်ချစ်ရဲ့လားလို့"

မင်းနေက မိုးဇော်ကို ကြည့်လိုက်သည်။ ထို့နောက် 'ဝုန်း'ကနဲ မတ်တပ်ရပ်သည်။ သုံးယောက်သား မင်းနေကို ပြူးတူးကြောင်တောင်နှင့်ကြည့်ရင်း. . .

"ဘာ. . . ဘာဖြစ်လို့လဲ မင်းနေ. . . ငါ. . . ငါ. . . မေးတာ မှားသွားလို့လား"

မင်းနေက ဘာမှမဖြေသေးဘဲ ကောင်တာဆီသို့ ဦးတည်လျှောက်သွားသည်။ ကောင်တာမှ ဘကြီးငြိမ်းက သူ့ကိုတစ်ချက်ကြည့်၏။

"ဘကြီးငြိမ်း"

"ဟေ"

"သွားကြားထိုးတံတစ်ချောင်းလောက်"

သွားကြားထိုးတံယူပြီးတော့ ပြန်လာထိုင်သည်။ သုံးယောက်စလုံးကတော့ မင်းနေလုပ်သမျှကို ငေးကြည့်နေသည်။

မင်းနေက ခုံမှာထိုင်ပြီးနောက် သွားကြားထိုးတံနှင့် ငေါက်ငေါက်ထိုးကာ-

"ဒီမှာ"

သုံးယောက်စလုံး မင်းနေထိုးပြသော သွားကြားထိုးတံကိုကြည့်ပြီး ကြောင်စီစီဖြစ်သွားသည်။ ထို့နောက်မှ သတိရသွားပြီး

"ဩော်. . . အေး. . . ချွန်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာချွန်တာလဲ"

"သွားကြားထိုးတံချွန်တာလေ. . . မဟုတ်ဘူးလား"

"အဲဒါတော့ ဟုတ်တာပေါ့. . . ငါက မင်းတို့ကို စကားစပြောမလို့ 'ဒီမှာ'လို့ စကားစတာ"

. . . . . . မသိပါဘူး၊ သွားကြားထိုးတံကို ပြတယ် ဆောက်မှေလို့. . . နေစမ်းပါဦး. . . ငါမေးလိုက်တာနဲ့ မင်းက သွားကြားထိုးတံကို ဘာကြောင့်အလောတကြီး သွားယူရတာလဲ"

"မုန့်စားရင်း သွားကြားညှပ်လို့ပေါ့ကွ"

"ဟင်. . . ငါတို့မှာတော့ ဘာများဖြစ်သွားလဲလို့"

မင်းနေက သွားကြားထိုးနေလိုက်သည်။ ဝေထွန်းက

"ဟော့ကောင်. . . ငါတို့မေးထားတာ ဖြေဦးလေ"

မင်းနေက သွားကြားထိုးတံကို လွှင့်ပစ်လိုက်သည်။ ထို့နောက် သူငယ်ချင်းသုံးယောက်ဖက်လှည့်လိုက်ပြီး. . .

"ဒီမှာ. . . ဟော့ကောင်တွေ ငါ့အချစ်က အခုလွှင့်ပစ်လိုက်တဲ့ သွားကြားထိုးတံလိုပဲကွ"

"ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်မဆိုင်တော့မသိဘူး. . . ငါ့အချစ်က တစ်ခါပဲသုံးလို့ရတယ်. . . ၊ တစ်ယောက်တည်းပဲ ချစ်တယ်ဆိုတဲ့သဘောပေါ့"

သုံးယောက်စလုံးငြိမ်သွားသည်။ မင်းနေက သူ့ရှေ့မှာရှိနေသော ယိုပါတဲ့မုန့်ကို ကောက်ယူလိုက်သည်။ ပြီး. . .

"ဒီမုန့်ထဲမှာ ဘာပါလဲ"

"ယိုပါတယ်လေ"

"မြင်ရော မြင်ရလား"

"ဟာ. . . ဘယ်မြင်ရမလဲ"

"ယိုပါတယ်ဆိုတာရော ယုံတယ်ပေါ့"

"ဟ. . . ဒီမုန့်ကို နေ့တိုင်းစားနေကျပဲဟာ အထဲမှာ



ဘာပါလဲ သိတာပေါ့"

"အေး. . . အဲဒီလိုပဲ. . . ငါ့အချစ်တွေကို မင်းတို့မြင်ရမှာမဟုတ်ဘူး. . . ဒါပေမဲ့ ရှိတယ်လို့တော့ ယုံရလိမ့်မယ်"

ထို့နောက် မင်းနေက မုန့်ကိုခွဲလိုက်သည်။ မုန့်ထဲမှ ယိုများထွက်လာ၏။ ပြီး. . . မုန့်နှစ်ခြမ်းကို လက်တစ်ဖက်စီကိုင်လိုက်ကာ. . .

"အကယ်၍များ ငါ့အချစ်တွေကို မြင်ချင်တယ်ဆိုရင်တော့. . . ဒီမုန့်လိုပဲ ငါ့ရင်ကို နှစ်ခြမ်းခွဲပြီးမှ တွေ့ရလိမ့်မယ်"

မင်းနေ အတည်ပြောနေမှန်း သူတို့သိလိုက်ကြသည်။

မင်းနေက မုန့်နှစ်ခြမ်းကို ပြန်ချသည်၊ ထို့နောက် မိနစ်အနည်းငယ်လောက် သူတို့တွေငြိမ်သက်သွားသည်။

မည်သူမျှစကားမဆိုမိကြ။ ခဏကြာတော့မှ မင်းနေက . . .

"ဒါနဲ့ . . . ကောင်မလေးနာမည်က"

"လပြည့်ချိုတဲ့"

"ဩော်"

ဟု ရေရွတ်လိုက်ပြီး ရေနွေးခွက်ထဲမှ ရေနွေးအေးအေးလေးကို လက်ညှိုးနှင့်နှစ်ယူလိုက်ကာ ခုံပေါ်တွင်

"လပြည့်ချို"

ဟု ရေးလိုက်လေသည်။ ပြီးနောက်. . .

"သူ့အဒေါ်နာမည်က ဘယ်သူလဲကွ"

"ဒေါ်ပုဆွေလို့တော့ ပြောတာပဲ"

■

www.burmeseclassic.com

www.burmeseclassic.com

[D]

မင်းနေ ရင်ခုန်နေသည်။ မနေ့ကတော့ မခုန်ဘူးလား ဆိုတော့လည်း မဟုတ်ပါ။ ဒီနေ့မှ ထူးထူးခြားခြားတဒိတ်ဒိတ်နှင့် ရင်ခုန်နေသည်။

ကောင်မလေးနှင့် စကားပြောရတော့မည်။ မြောက် ပြောတာတော့မဟုတ်ပါဘူး. . . ဒီနေ့မှ ကောင်းကင်ကြီးက တယ် သာယာလှပါလား. . . ။

လပြည့်ချို ဒီလမ်းကလာလိမ့်မည်ဟု မင်းနေ သိထား သည်။ ထို့ကြောင့် လာစောင့်နေခြင်းဖြစ်သည်။

သူတစ်ယောက်တည်းဖြစ်၏။

ထိုစဉ် မှုန်ဝါးဝါး ပုံရိပ်လေးတစ်ခုက အဝေးမှလာ နေသည်။ ကောင်မလေးမှန်း မင်းနေသိလိုက်သည်။ ထို့ကြောင့် ဘေးနားမှာရှိသော လမ်းအချိုးကွေ့လေးသို့ဝင်လိုက်ပြီး ပုန်းနေ လိုက်၏။

ခဏကြာတော့ သူ့ကို လပြည့်ချို ကျော်သွားသော အခါ ပုန်းနေရာမှ ထွက်လိုက်၏။ ပြီး. . . လပြည့်ချိုနောက်သို့ ခပ်သွက်သွက်လေးပြေးသွားလိုက်သည်။

"ဒီမှာ. . . ဒီမှာ"

လပြည့်ချိုက လှည့်ကြည့်သည်။ ယောကျ်ားလေးတစ် ယောက်မှန်းသိသွား၍ ဆတ်ကနဲပြည်လှည့်ပြီး ခပ်သွက်သွက်လေး လျှောက်၏။

"ဒီမှာ. . . ဒီမှာ"



လှည့်မကြည့်ချေ. . . ။ မင်းနေကသာ မှီအောင်လိုက် နေရသည်။

"ဒီမှာ. . . ခင်ဗျားက ဒေါ်ပုဆွေတို့ အိမ်ကလား"

လပြည့်ချိုက ပြန်လှည့်ကြည့်သည်။ ခြေလှမ်းကိုလည်း ရပ်လိုက်သည်။

"ခင်ဗျားက ဒေါ်ပုဆွေတို့အိမ်က မှတ်လား"

"ဟုတ်ပါတယ်. . ရှင်က ကျွန်မအဒေါ်ကိုသိလို့လား"

"မသိပါဘူး. . . "

"ဟင်. . . မသိပဲနဲ့"

"မဟုတ်ပါဘူး. . . ခင်ဗျားကို ရည်းစားစကားပြော မလို့. . . ဒေါ်ပုဆွေတို့ အိမ်ကလားလို့မေးတာပါ"

"ရှင်"

လပြည့်ချို အံ့ဩသွားသည်။ ဘယ်လိုလူပါလိမ့်။ သို့သော်. . . ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုရည်းစားစကားပြောတာဆို တော့. . . ။ ထို့နောက် အိနြေ္ဒကိုထိန်းသိမ်းလိုက်ပြီး မင်းနေကို တစ်ချက်ကြည့်၏။ ပြီး . . .

"ရည်းစားစကားဆိုတော့ ဘယ်လိုရည်းစားစကား မျိုးလဲ"

'စပြီ'ဟု မင်းနေသိလိုက်သည်။ ပြီး. . . မှင်သေသေ မျက်နှာလေးဖမ်းလိုက်ကာ. . .

"ဟုတ်ကဲ့. . . အချစ်အကြောင်းတွေပါတဲ့ ရည်းစား စကားပါ"

"အချစ်. . . ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာလဲ. . . သူများတွေပြောလို့ စမ်းပြောကြည့်တဲ့ လျှာဖျားလေးပေါ်က အချစ်မျိုးလား"

"ကျုပ်အချစ်က အဲဒီလို အချစ်မျိုးမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . . ဘယ်လိုအချစ်တုန်း"

"ကျုပ်အချစ်က ငှက်ပျောသီးလို အချစ်မျိုးဗျ"

"ရှင်နော်"

ကောင်မလေးက စူပုတ်ပုတ်မျက်နှာပေးနှင့် ပြန်ပြောသည်။ ဒီလိုလေးလည်း ချစ်စရာလေးပဲဟု တွေးလိုက်မိသည်။

"ရော်. . . ခက်ပြီ၊ ခင်ဗျား ငှက်ပျောသီး စကားထာ မကြားဖူးဘူးလား"

"မကြားဖူးဘူး"

ပြောပြောဆိုဆို လပြည့်ချိုက လမ်းဆက်လျှောက်သည်။ ပုံမှန်ဖြည်းဖြည်းလေးပါပဲ။ မင်းနေက ဘေးချင်းယှဉ် လျှောက်၏။

"အသီးတစ်ရာ အညှာတစ်ခုဆိုတာလေ"

"တွဲ့တေးသိန်းတန်သီချင်းလား"

"ဟာ. . . ဘယ်ကလာ. . . ငှက်ပျောသီးကို ဖွတ်ထားတဲ့ စကားထာပါ"

"အဲဒီတော့ ရှင် ကျွန်မကိုချစ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပါပြီကောဗျာ. . . ကျုပ်ရင်ထဲမှာ အချစ်အညှာလေးတစ်ညှာရှိတယ်. . . အဲဒီမှာ ခင်ဗျားအတွက် အချစ်သီးတွေ အများကြီးသီးနေတယ်လို့ ပြောတာဗျ"

"ကျွန်မက ရှင့်ရဲ့အချစ်သီးတွေကို မလိုချင်ပါဘူး"

"ဘာပဲပြောပြောဗျာ. . . ကျုပ်ကတော့ 'ငုတ်ချည်ပေါ် ချည်၊ သူ့ဖင်ကိုကြိုးနဲ့ချည်' ချင်တာပါပဲ"

"ဘာ. . . ဒါ. . . ဒါ ဘာစကားလဲ"

"ဒါလဲ. . . စကားထာပါပဲ. . . မင်းနဲ့ ကိုယ်နဲ့ဟာ 'အပ်နဲ့ အပ်ချည်' ဖြစ်ချင်တာပါပဲလို့ ဆိုချင်တာပါ. . . ပူးတွဲတဲ့ သဘောပေါ့"

လပြည့်ချို ပြုံးမိသည်။ ပျော်သလိုလိုလည်း ခံစားလာရမိသည်။ ထို့နောက် မင်းနေကို ကြည့်ပြီး. . .



"ရှင်က တော်တော်စကားပြောတတ်တာပဲ"

"ဟုတ်ပါတယ်. . . ငယ်ငယ်လေးထဲက မေမေက မြန်မာစပီကင်သင်ပေးလိုက်တာပါ"

လပြည့်ချိုက သဘောကျစွာရယ်သည်။ ပြီး. . .

"ရှင်က ဘယ်ထိလိုက်လာဦးမှာလဲ. . . ရှေ့မှာ အဒေါ့်အိမ်ရောက်တော့မယ်"

"အနိစ္စသဘောကို ကွဲပြားတဲ့အထိ သိပြီးမှပြန်မှာပါ"

"အင်း. . . ကျွန်မတွေ့ဖူးတဲ့ ယောကျ်ားလေးတွေထဲမှာတော့ ရှင်က စကားပြောမဆိုးဘူးရှင့်. . . ဒီတော့ ကျွန်မလည်း ရှေးလူကြီးတွေ အစဉ်အလာအတိုင်း. . . စဉ်းစားဦးမယ်ရှင်"

"ခင်ဗျားလည်း ကြားဖူးမှာပေါ့. . . အချိန်နဲ့ ဒီရေသည် **ရည်းစားစကားကို မစောင့်ဆိုတာလေ**"

"လူကိုပါရှင်"

"အခု. . . ရည်းစားစကားပြောနေတဲ့ဟာကို . . . ရည်းစားစကားပဲ ထားလိုက်ပါ"

"အင်း. . . ထားလိုက်ပါတော့"

"အဲဒီ့ စကားပုံထဲကအတိုင်း အချိန်တော့ သိပ်မဆွဲပါနဲ့ဗျာ. . . နို့မို့ဆိုရင် 'သာခု လေးကြိမ်ဆိုတဲ့ လူ'ထက် ကျုပ်က ဆိုးနေပါဦးမယ်"

"သာခုလေးကြိမ်ဆိုတဲ့လူ . . . ဟုတ်လား. . .၊ ရှင့်ဟာက အဆန်းပါပဲလား. . . ပြောပါဦး"

"ဩော်. . . ဒီလိုပါ. . . တစ်လောတုန်းက ကျွန်တော် ဘုရားသွားတော့ ဘုရားပေါ်မှာ ဘုရားရှိခိုးနေတဲ့လူတစ်ယောက်ကိုတွေ့တယ်. . . ကျွန်တော့်ဘေးနားမှာ အသံကျယ်ကျယ်ကြီးနဲ့ကို ဘုရားရှိခိုးနေတာဗျ. . . ဒါနဲ့ ကျွန်တော်လည်း ဘုရားရှိခိုးပြီးတော့ သူနဲ့မလှမ်းမကမ်းမှာ သွားထိုင်နေလိုက်တယ်. . .၊ သူက မပြီးသေးဘူး. . . သူ့ဘုရားရှိခိုးသံကိုတော့ ကြားရတုန်းပဲ. . . အဲ. . .

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပြီးခါနီး သာခုခေါ်တဲ့နေရာလည်းရောက်ရော သူ
'သာခု. . . သာခု. . . သာခု. . . သာခု'ဆိုပြီး လေးကြိမ်တောင်
ပါလေရော. . .၊ ပထမတော့. . . ကျွန်တော်လည်းကြောင်သွ
တယ်. . .၊ ငါများ နားကြားလွဲတာလားပေါ့. . . မဟုတ်ဘူးဗျ
နောက်တစ်ခေါက်လည်း လေးခါဆိုတာပဲ. . . နောက်ဆုံးအခေါ
ကျမှ 'သုံးခေါက်'ဖြစ်သွားတယ်. . . နောက်တော့မှ ကျွန်တော် စဉ်
စားမိတယ်. . .၊ ဒီလူကြီး ဘုရားရှိခိုးနေပေမယ့်လည်း စိတ်က
ဟိုလွင့် ဒီလွင့်ဖြစ်နေပုံရတယ်ဗျ. . . ဂဏာမငြိမ်ဘူးလို့ပြောရမှ
ပေါ့. . . ဒါကြောင့် သာခုသုံးခါဆိုပြီးပေမယ့်လည်း နှစ်ခါပဲဆို
သေးတယ် အောက်မေ့ပြီး နောက်တစ်ခါထပ်ဆိုတာပေါ့"

"ရှင်ကလေ. . . တော်တော်ပေါက်ပေါက်ရှာရှာ ပြေ
တာပဲ"

"အဲဒီလိုပဲ. . . ခင်ဗျားအဖြေမရရင်. . . ကျွန်တော်
မှာ စိတ်တွေဂဏာမငြိမ်ဖြစ်ပြီး ညဖက်ဘုရားရှိခိုးရင်း 'သာခု ငါးခါ
တောင်ဆိုမိနိုင်ပါတယ်ဗျာ"

လပြည့်ချို ရယ်လေသည်။ မင်းနေကိုလည်း သဘော
ကျသလိုကြည့်လိုက်ပြီး . . .

"ဒါဆိုလည်း ရှင် 'သာခုငါးကြိမ်'မဆိုမိအောင် ခ
မြန်မြန်လေးစဉ်းစားပေးပါ့မယ်"

"ဟာဗျာ. . . အတိအကျလုပ်လေ"

"ရှင်နော်. . . ပြောလေ ကဲလေပါပဲလား"

"ဟ. . . မင်းက ပြန်တော့မှာဆို"

"အင်. . . ရှင်က ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲပေါ့ဗျ. . .၊ အင်း. . . ဒီလိုလုပ်ဗျာ၊ ခင်ဗျာ
မပြန်ခင်နှစ်ပတ်အလိုအဖြေပေး. . . ဘယ်လိုလဲ သဘောတူလား

ခပ်လှမ်းလှမ်းတွင် လပြည့်ချို အဒေါ်အိမ်ကို လှမ်
မြင်နေရလေပြီ။



လပြည့်ချိုက စိုးရိမ်တကြီးလှမ်းကြည့်လိုက်ပြီး. . .

"သွား. . . သွားတော့. . အဒေါ်တွေ့သွားလိမ့်မယ်"

"ဘယ်လိုလဲ . . . သဘောတူလား"

"အင်း. . . အင်း. . . သဘောတူပါတယ်"

လပြည့်ချိုက သူ့အဒေါ်အိမ်ထဲသို့ ခပ်သွက်သွက်လေးလျှောက်သွားသည်။

မင်းနေကတော့ရပ်ပြီး ကျန်ခဲ့သည်။ (ဆိုလိုသည် မှာ အခြေအနေကောင်းသည်. . .၊ ဒူးထောက်ပြီး. . . မင်းရက်စက်တယ်. . . ဘာဖစ်တယ်. . . ညာဖစ်တယ်. . . ပြောပြီး ကြေကွဲမှုမရှိ. . . လို့ ဆိုလိုတာပါ)

■

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်မက်တာတော့ မဆန်းပါဘူး၊

ဒါပေမဲ့ . . .

အိပ်မက်ထဲမှာ မင်းပါနေတာတော့ ဆန်းတယ်၊

(၃)

"နေစမ်းပါဦး. . . မင်းက သူပြန်မယ့်ရက်ကိုသိလို့ ချိန်းလိုက်တာလား"

အုန်းမောင်က အလောတကြီး ဝင်မေးသည်။

"အင်း. . . သူ့အဒေါ်နဲ့သိတဲ့ ကျွန်တော့်သူငယ်ချင်း အဒေါ်ဆီက သိထားတာလေ. . ."

ငမျက်စိက. . .

"အဲဒီနေ့မှာ အဖြေဘယ်လိုပေးလဲ၊ ပြောပြပါဦး။ ဟဲ. . . ဟဲ. . . သိချင်လို့"

"အဲဒီနေ့မှာ သူ့ရဲ့အဖြေကို ကျွန်တော်အကျီချွတ်ပြီး ယူခဲ့ရတယ်"

"ဘယ်လို"

အားလုံး နားမလည်နိုင်အောင်ဖြစ်သွားကြသည်။ 'ဘာလဲဟ'ဟူသော အတွေးတွေလည်း ဝင်လာသည်။

"တစ်မျိုးတော့ မထင်ပါနဲ့ . . . အဲဒီနေ့မှာ. . ."

■

www.burmeseclassic.com

www.burmeseclassic.com

## [E]

ဒီနေ့သည် ကောင်မလေးဆီမှအဖြေရမည့်နေ့ဖြစ်၏။

သူမနှင့် နေ့တိုင်းတွေ့ပြီး စကားတွေပြောဖြစ်ခဲ့ကြသည်။ တရားဝင်မဟုတ်တာတောင်မှ မှောင်ခိုအချစ်တွေနဲ့ ကြည်နူးခဲ့ရသည်၊ လွမ်းဆွတ်ခဲ့ရသည်။

ဒီနေ့. . . တရားဝင်အဖြေရမည့်နေ့ ဖြစ်သည်။

ဈေးသို့ သွားသည့်လမ်းမှာ လူရှင်းနေသည်။ တစ်ယောက်စ၊နှစ်ယောက်စပဲတွေ့ရသည်။

တစ်ယောက်တွေ့တိုင်း သူမလားဆိုပြီးလည်တဆန့်ဆန့်ကြည့်မိ၏။ မဟုတ်သေးပါက သက်ပြင်းချသည်၊ သက်ပြင်းချတိုင်းသာ အသက်တိုမည်ဆိုပါက ယခုဆိုရင် အဘိုးကြီးအရွယ်လောက်တောင်ရှိရော့ပေါ့. . .။

ထိုစဉ်. . .

အဝေးကလာနေသော ကောင်မလေးတစ်ယောက်၏ ပုံရိပ်ကို မြင်ရ၏။

သေချာကြည့်မိသည်။

"ဟ. . . လာနေပြီ"

ရင်ခုန်သွားသည်။ အဖြူရောင်ဝတ်စုံလေးနှင့် လှနေသော ကောင်မလေးသည် အဝေးကကြည့်ကတည်းကပင် ရင်ခုန်စရာကောင်းလှတော့၏။

အနီးကပ်ကြည့်လျှင် ရူးသွားနိုင်သည်ဟု လူပြောများသော အလှမျိုးဖြစ်သည်။ သူမသည် သူမကိုင်နေကျ အိတ်လေး



တစ်အိတ်နှင့် ဆွဲခြင်းတောင်းလေးကိုင်ကာ သူ့ဆီကိုလှပစွာ လျှောက်လာနေ၏။

မျောလွင့်သွားသည်။ 'သေဒဏ်လား'. . . 'လွတ်ငြိမ်းခွင့်လား'ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့. . . ထပ်. . . ပြီး. . . မျော. . . လွင့်. . . လျှက်. . .။

"ဟိတ်"

"အင်"

"ဘာဖြစ်နေတာလဲ. . . ရောက်တာကြာပြီလား"

"သိပ်မကြာသေးပါဘူး. . . ကိုယ်ထက်စောပြီး မတ်တပ်ရပ်စောင့်နေသူတွေရှိတော့ အဖော်လည်းရှိပါတယ်"

လပြည့်ချိုက ဘေးဘီကိုဝေ့ကြည့်သည်။ တစ်ယောက်မှ မတွေ့သဖြင့်. . .

"ဘယ်မှာလဲ"

မင်းနေက . . .

"ဒီမှာလေ"

ဟုဆိုပြီး သူ့နောက်နားမှာရှိတဲ့ သစ်ပင်နှစ်ပင်ကို လက်ညှိုးထိုးပြသည်။ ပြီး. . .

"ဒီမှာ မတ်တပ်ရပ်ပြီးစောင့်နေတဲ့သူဆိုလို့. . . ကိုယ်ရယ်. . . ဒီသစ်ပင်ကြီးနှစ်ပင်ရယ်ပဲရှိတယ်"

"ကြာပြီလို့ပြောတာပေါ့လေ"

မင်းနေက ဘာမှပြန်မပြော။ လပြည့်ချိုကိုသာ ငေးကြည့်နေသည်။

"ဘာကြည့်တာလဲ"

"မင်း. . . ဟိုသီချင်းကြားဖူးလားမသိဘူး. . . 'သူ့မျက်နှာတစိမ့်စိမ့်ကြည့်ကာ တသိမ့်သိမ့်အချစ်တွေ လှုပ်ခတ်လို့လာ'ဆိုတဲ့ သီချင်းလေ"

"ဪ. . . အင်း. . . ကြားဖူးတယ်၊ အဲဒီသီချင်းနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်လား မဆိုင်လားတော့မသိဘူး၊ အဲဒီသီချင်းထဲကအတိုင်း 'သိမ့်သိမ့်'အချစ်တွေ လှုပ်ခတ်လာမလားလို့ စမ်းကြည့်တာပါ"

"အဲဒီတော့ လှုပ်ခတ်လာလား"

"ဟာ. . . ဘယ်လှုပ်ခတ်မလဲ. . . ကိုယ်က 'သိမ့်သိမ့်' မှ မဟုတ်တာ"

"အဲ. . . ."

လပြည့်ချို မျက်လုံးလေးဝိုင်းသွားသည်။ ယခုတိုင်အောင် လမ်းမပေါ်မှာ သူတို့တွေ မတ်တပ်ရပ်ပြီးစကားပြောနေကြခြင်းဖြစ်သည်။

"ဆိုင်တစ်ဆိုင်သွားကြရအောင်လား"

မင်းနေက စကားစသည်။ လပြည့်ချိုက . . .

"မသွားတော့ဘူး. . .၊ အဒေါ်က ဒီနေ့ စောစောပြန်ခဲ့တဲ့. . . အဲဒါကြောင့်. . ."

"ဒါဆို ကိုယ့်ကို အဖြေပေးတော့လေ"

"အဖြေပေးရမယ်"

"ဟုတ်တယ်လေ. . . ဒီနေ့ အဖြေပေးရမယ့်နေ့လေ"

"အင်း"

လပြည့်ချိုက စဉ်းစားသလိုပြု၏။ ပြီး . . .

"အဲဒါဆို ရှင့်မှာ ထည့်စရာပါလား"

"ဗျာ. . ."

"ထည့်စရာလေ. . . အဖြေပေးရင် ထည့်ပြီးယူသွားဖို့. . . ထည့်စရာတို့ ဘာတို့လေ. . . ဒီအတိုင်းယူသွားလို့ ဘယ်ကောင်းမလဲ"

မင်းနေ ကြောင်တောင်တောင်ဖြစ်သွားသည်။ ထို့နောက် လပြည့်ချိုကို သေချာကြည့်လိုက်ပြီး . . .

"ဘယ်လို ထည့်စရာလဲ"



"ဪ. . . ကြွပ်ကြွပ်အိတ်တို့ ဘာတို့ပေါ့ရှင်၊ ထုပ်ယူသွားဖို့ပေါ့"

"ဟင့်အင်း. . . မပါဘူး"

လပြည့်ချိုက မင်းနေကို ခြေအဆုံးခေါင်းအဆုံးကြည့်သည်။ ပြီးနောက် သက်ပြင်းချလိုက်ရင်း . . .

"ဒါဆိုလည်း . . . အင်္ကျီချွတ်"

"ဗျာ"

"အင်္ကျီချွတ်လို့ဆိုနေ"

"ဟာ. . . ဘာလုပ်မလို့လဲ. . . ကျုပ်. . . ကျုပ်က ရှက်တတ်တယ်ဗျ၊ ဟိုမှာ. . . လူတွေလည်းလာနေတယ်"

လမ်းသွားလမ်းလာများက သူတို့နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့်နဲ့ ကြည့်သွားကြသည်။

"ရှင်. . . ချွတ်မလား၊ မချွတ်ဘူးလား. . . ဒါပဲပြော"

"အို. . . ဘဝပျက်ပါပြီ"

လပြည့်ချိုမှာ ရယ်ချင်ချင်ဖြစ်လာသည်။ သို့သော်-

"ဒါဆိုလည်း အဖြေမပေးရုံပေါ့ရှင်"

**ထိုအခါကျမှ မင်းနေ ဟျာဟျာသလဲလဲ ဖြစ်သွားပြီး. .**

"ဟာဗျာ. . . ချွတ်ပေးမှာပေါ့၊ ခင်ဗျားက စိတ်ကြီးပဲ"

"ကဲ. . . ဒါဆိုလည်း ချွတ်"

မင်းနေက ဘေး,ဘီ,ဝဲ,ယာ တစ်ချက်ကြည့်သည်။ အဒေါ်ကြီးနှစ်ယောက်လာနေ၏။

"လူလာနေတယ်. . . ခဏနော်"

ဆိုပြီး 'အလာပသလာပ'ပြောသလို လုပ်နေသည်။

"မရဘူး. . . အခုချွတ်ရမယ်"

"ကဲ. . . ငွတ်ကြီးပဲ. . . ချွတ်ပြီဗျာ. . . ချွတ်ပြီ"

ပြောပြောဆိုဆို အင်္ကျီကြယ်သီးတွေ ဖြုတ်လိုက်သည်။ တစ်လုံး. . နှစ်လုံး. . . သုံးလုံး ။ အဒေါ်ကြီးတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



လမ်းသွားရင်းနှင့်ပင် မင်းနေကိုကြည့်နေသည်။

ကောင်မလေးတစ်ယောက်နှင့် အင်္ကျီချွတ်နေတဲ့ ကောင်လေးတစ်ယောက်. . . 'အို'. . . ဆိုသော အတွေးများဖြင့် ကြည့်ကြခြင်းဖြစ်သည်။

မင်းနေက အင်္ကျီချွတ်သည်။

"ကဲ. . . ချွတ်ပြီးပြီ"

"ဒါဆို ခဏစောင့်"

သူရောချွတ်မှာလားဆိုသည့်အတွေးက မင်းနေ ခေါင်းထဲဝင်လာသည်။

အင်းလေ. . . မဖြစ်လောက်ပါဘူးဆိုပြီး ငြိမ်နေလိုက်ရသည်။

အဒေါ်ကြီးနှစ်ယောက်မှာ 'ဘာတွေလဲဟ'ဆိုသည့် အကြည့်တွေဖြင့် သူတို့နှစ်ယောက်ကို ကျော်သွားသည်။ မင်းနေက ကိုယ်တုံးလုံးကြီးနဲ့ စောင့်နေရသည်။

လပြည့်ချိုက သူ့ရဲ့အိတ်ထဲမှ စာရွက်အထပ်လိုက်ကြီးဆွဲထုတ်သည်။

"ဘာတွေလဲ"

"အင်္ကျီပေး"

"အင်း . . . ရော့. . . ဒီမှာ"

မင်းနေက သူ့အင်္ကျီကို လှမ်းပေးလိုက်သည်။ ထိုအချိန်မှာ လေကလည်း ဝှေ့တိုက်သွားတာမို့ ချမ်းတက်သွားသည်။

လပြည့်ချိုက မင်းနေအင်္ကျီကို လှမ်းယူ၏။ ထို့နောက် သူ့လက်ထဲမှ စာရွက်အထပ်လိုက်ကို မင်းနေအင်္ကျီနှင့်ထုပ်ကာ . . .

"ရော့. . ."

မင်းနေကို ပြန်ပေး၏။

"ဒီအထဲမှာ ကျွန်မအဖြေပါတယ်. . . ၊ အိမ်ရောက်မှ ဖွင့်ကြည့်နော်"



"ဟာ. . . ဒါဆို. . . ကိုယ်တုံးလုံးချွတ်အတိုင်း အိမ်ပြန်ရမှာပေါ့"

"အင်း. . . ဟုတ်တယ်"

"ဟာဗျာ"

"ဘာလဲ. . . မပြန်ချင်ဘူးပေါ့"

"အင်းလေ. . . ကျုပ်က ချစ်တာကိုးဗျ"

"ဟင်. . . ဘာဆိုင်လို့လဲ"

"ဩော်. . . ချစ်မိတော့လည်း ချစ်သူခိုင်းတိုင်းလုပ်ရမှာပေါ့လို့ ပြောတာပါ"

လပြည့်ချိုက မျက်စောင်းထိုးသည်။ မင်းနေကလည်း ခပ်ပြုံးပြုံးလေးပြန်ကြည့်၏။

". . . ဒါဆို ကျွန်မသွားတော့မယ်. . . အိမ်ရောက်မှ ဖွင့်ကြည့်နော်"

ပြောပြောဆိုဆို လှစ်ကနဲပြေးထွက်သွားသည်။

မင်းနေမှာသာ အထုပ်တစ်ထုပ်ကိုင်ထားပြီး ကိုယ်တုံးလုံးချွတ်နှင့်ကျန်ခဲ့လေသည်။ လေက တိုက်ပြန်သည်။

"အီး. . . ချမ်းလိုက်တာ"

အိမ်ကို တစ်ချိုးတည်းပြေးလေတော့သည်။

ထိုစဉ်. . .

သူတို့နှင့် ခပ်လှမ်းလှမ်းချုံပုတ်မှ အဒေါ်ကြီးနှစ်ယောက်၏ခေါင်းများ ပြူတစ်ပြူတစ်နှင့်ထွက်လာ၏။ အဒေါ်ကြီးတစ်ယောက်က အခြားအဒေါ်ကြီးတစ်ယောက်ကို လှမ်းပြောသည်။

"ဟုတ်မလိုလိုနဲ့. . . ဘာမှလည်း မဟုတ်ဘူး"

■

www.burmeseclassic.com

www.burmeseclassic.com

(၈)

"ဟား. . . ဟား. . . ဟား"

မင်းနေစကားဆုံးတော့ အုန်းမောင်တို့ ဝိုင်းရယ်ကြသည်။ မောင်မြင့်က . . .

"အဲဒီတုန်းက. . . မင်းအူကြောင်ကြောင်ကြီး ဖြစ်သွားတာပေါ့"

"အင်း. . . ဖြစ်သွားတယ်၊ ဒါပေမဲ့. . ကျွန်တော်အိမ်ကိုတစ်ချိုးတည်းပြေးတော့ အူကြောင်ကြောင်ဖြစ်ချိန်တောင်သိပ်မရလိုက်ပါဘူး၊ အဲဒီတုန်းကလည်း ရင်ခုန်စိတ်ကရှိတော့ ပြေးရတာသွက်နေတာပဲ"

"အဲဒီထဲမှာ ဘာရေးထားလို့လဲ"

မီးသွေးဆိုင်ကိုသန့်စင်က ဝင်မေးသည်။

"ချစ်တယ်ဆိုတဲ့အဖြေကို အရွယ်နှစ်ဆယ်လောက်ရေးထားတာပါဗျာ"

"ဒီအတိုင်းပေးရင်ရရဲ့သားနဲ့ . . . သူနဲ့ထွင့်ပ့ါ"

"ချစ်သူဖြစ်ပြီးနောက်ပိုင်း ချိန်းတွေ့တော့. . . သူ့ကို အဲဒီလိုမျိုးမေးဖူးသေးတယ်"

"အဲဒီတော့. . . သူက ဘယ်လိုပြန်ဖြေလဲ"

"သူက ပြောတယ်. . . အဲဒီတုန်းက ရှက်ရမ်းရမ်းပြီး လုပ်မိလုပ်ရာလုပ်တာပါတဲ့"

"ဟား. . . ဟား. . . ဟား. . . "

ရယ်ကြပြန်သည်။ ငမျက်စိက . . .

"ကိုမင်းနေ. . . မီးသွေးအိတ်နဲ့ ကဗျာအကြောင်း



မပြောရသေးဘူးနော်"

"သြော်. . . အေး. . . ပြောမှာပေါ့ကွ"

"အင်း. . . ပြောပါဦး"

အုန်းမောင်က စကားဝင်ထောက်သည်။ မင်းနေက

"ချစ်သူဖြစ်သွားပြီးနောက် . . . ချိန်းတွေ့ကြတဲ့ ရက်တစ်ရက်မှာပေါ့"

"အင်း"

"အဲဒီနေ့မှာ သူက ကျွန်တော့်ကိုမေးတယ်၊ ချစ်သူဖြစ်ပြီးနောက်ပိုင်း အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပထမဆုံးမေးတဲ့ မေးခွန်းပါ"

"ဘာမေးခွန်းမို့လို့လဲ"

"သြော်. . . သိပ်တော့ မထူးဆန်းပါဘူး၊ ချစ်သူတွေမေးနေကျ 'သူ့ကို ဘယ်လောက်ထိချစ်သလဲ'ဆိုတဲ့ မေးခွန်းလေ"

"အင်း. . . အဲဒီတော့ မင်းက ဘယ်လိုဖြေလိုက်လဲ"

"မီးသွေးတစ်အိတ်လောက်ချစ်ပါတယ်လို့ ပြန်ဖြေလိုက်တယ်"

"ဟင်. . . မင်းဟာကြီးက. . . ဘာလဲဟ"

"သူကလည်း အဲဒီလိုပဲမေးပါတယ်. . .၊ ဒီလိုဗျာ. . မီးသွေးတစ်အိတ်ဆိုတော့ မလေးဘူးလား"

"လေးတာပေါ့"

"မီးသွေးကလည်း အနက်ရောင်နော်"

"အေးလေ. . . အနက်ရောင်လေ. . ဘာဖြစ်လို့လဲ"

"ဒါကြောင့်မို့ . . . သူ့ကို ကျွန်တော်က 'လေးလေးနက်နက်'ချစ်တာပါလို့ ပြောတာပေါ့"

"သြော်. . . အေး. . . ဟုတ်သားပဲ"

မင်းနေက မြေပြင်မှာ ရေးထားသော နာမည်လေးကို ဖျက်လိုက်ပြီး 'ပြည့်'ဟု ရေးပြန်သည်။

"ဒါကြောင့်. . . မင်းက သူ့ဆီကို မီးသွေးတစ်အိတ်သွားပြနိုင်းတာပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . "

"ဒါနဲ့ . . . မင်းပို့မှန်း သူက ဘယ်လိုလုပ်သိမှာလဲ"

"မီးသွေးအိတ်ပေါ်က ကဗျာကိုမြင်ရင် ကျွန်တော်ပို့မှန်းသိပါတယ်"

ထိုအခါ မျက်စိက . . .

"ကိုမင်းနေ. . . အဲဒီကဗျာက တစ်မျိုးပဲနော်"

"အင်း. . . ဟုတ်တယ်. . . အဲဒီ့ ကဗျာကို 'အသိမဲ့ကဗျာ'လို့ ခေါ်တယ်"

"ဘယ်လို. . . နားမလည်ဘူး ရှင်းပြပါဦး"

"ဒီလိုဗျ. . . အဲဒီကဗျာကို စာအုပ်တစ်အုပ်ထဲကရတာ. . .၊ တိုက်တိုက်ဆိုင်ဆိုင်. . . အဲဒီမီးသွေးအကြောင်းပြောတဲ့နေ့မှာပဲ. . . အဲဒီစာအုပ်လေးကို အဟောင်းဆိုင်တစ်ဆိုင်က ရခဲ့တယ်. . . အဲဒီစာအုပ်ထဲမှာပဲ ဒီလိုအသိမဲ့ကဗျာနှစ်ပုဒ်ပါတယ်"

"နှစ်ပုဒ်. . . ဟုတ်လား"

"အင်း. . . ဟုတ်တယ်. . .၊ အခု. . . ဒီအပုဒ်က ယောက်ျားလေးဖက်က ရေးထားတာ. . . အလွမ်းကဗျာပေါ့"

"အသိမဲ့ကဗျာဆိုတာလည်း ရှင်းပါဦး"

"အဲဒီ စာအုပ်ထဲမှာပဲ အနုပညာကဏ္ဍမျိုးစုံပါတယ်၊ အဲဒီကဏ္ဍတွေထဲက ကဗျာကဏ္ဍမှာတော့ ဒီလိုရေးထားတယ်. . . ဒီကဗျာကို ကဗျာရေးသူက အသိမရှိဘဲ ရေးထားတဲ့အတွက် 'အသိမဲ့'ကဗျာလို့ ဆိုတာတဲ့"

"အင်း. . . ဆက်ပါဦး"

မင်းနေက ကဗျာကို တစ်ခေါက် ထပ်ရွတ်ပြသည်။

သို့

**ဆွေးရပြီလေ**

**ပဝေသနက်၊ ရှေးရေစက်က**

**မောင့်အတွက် မကူညီတကား. . .၊**



"မြန်မာစကားအသုံးအနှုန်းမှာ 'ပဝေသဏီ'ဆိုတဲ့ စကားရှိတယ်၊ စာနဲ့ရေးရင်တော့ 'ပဝေဏီ'လို့ရေးတာပေါ့၊ အဲဒီအခါမှာ အခု ဒီကဗျာရေးတဲ့သူက 'ပဝေသဏီ'ရှိရင် 'ပဝေသနက်'လည်းရှိလိမ့်မယ်ဆိုပြီး တွေးပုံရတယ်. . .၊ အနီနဲ့ အနက်ဆိုတာကလည်း အသံချင်းနီးစပ်တယ်လေ. . . အဲဒီတော့ ဒီကဗျာရေးတဲ့သူက 'ရှေးရေစက်'နဲ့ ကာရန်လိုက်အောင် 'ပဝေသနက်'ဆိုပြီး ထည့်ရေးလိုက်ရော၊ အဲဒီလို စကားအသုံးအနှုန်းကို 'အသိ'မရှိဘဲ ရေးထားတာကြောင့် 'အသိမဲ့ကဗျာ'လို့ဆိုထားတာပါတဲ့"

"ဩော်. . . အဲဒီလိုလား"

"ဒါနဲ့ စောစောက ပြောတော့သုံးပုဒ်ဆို"

"ဟာ. . . နှစ်ပုဒ်ပါ အစ်ကိုကြီးရ"

မျက်စိက နေ့၏စကားအား ဝင်ပြင်ပေးသည်။

"ဩော်. . အေး. . ဟုတ်လား၊ နောက်တစ်ပုဒ်ဆိုတာကရော"

"နောက်တစ်ပုဒ်လည်း. . . ဒီလိုပဲ 'အသိမဲ့ကဗျာ' တစ်ပုဒ်ဗျ၊ ဒါပေမဲ့. . . အဲဒီတစ်ပုဒ်က မိန်းကလေးဖက်က ရေးထားတာ၊ အခု ကျွန်တော်ဆီမှာတော့ မရှိဘူးဗျ၊ သူ့ဆီ မှာပဲရှိတယ်"

"လပြည့်ချိုဆီမှာလား"

"အင်း. . . ဟုတ်တယ်"

မင်းနေက 'ပြည့်'ဆိုတဲ့ စာလုံးကို လက်နှင့်ဖျက်လိုက်ပြီး 'ချို'ဆိုသော စာလုံးကို ပြောင်းရေးပြန်သည်။ အားလုံးက မင်းနေရေးနေတာကို ဝိုင်းကြည့်နေကြ၏။ မီးသွေးဆိုင်ကိုသန့်စင်က. . .

"လပြည့်ချိုတို့အိမ်က မင်းနဲ့ သူ့နဲ့အကြောင်းကို ဘယ်လိုလုပ်သိသွားတာလဲ"

"လပြည့်ချိုအဒေါ်ပြောလိုက်တာနေမှာပေါ့. . . ကျွန်တော်တို့ မြို့ကလူတော်တော်များများက ကျွန်တော်တို့အကြောင်းကိုသိကြတယ်လေ၊ သူ့အဒေါ်လည်း သူတို့တွေဆီကပဲ ပြန်ကြားတာ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ လပြည့်ချီအမေဒေါ်ခင်မကြီးက သူ့သမီးကို ယောက်ျားပေးစားဖို့ စီစဉ်ရောပေါ့. . . ဟုတ်လား"

"အင်း. . . ဟုတ်တယ်. . .၊ အဲဒီသတင်းတောင် အခြားမြို့က သူငယ်ချင်းတစ်ယောက်နဲ့မှာလိုက်လို့ ကျွန်တော် သိရတာ. . .၊ အဲဒါနဲ့ ကျွန်တော်လည်း သူ့ကိုခိုးဖို့ ဒီမြို့ကို ရောက်လာရတာပေါ့"

တိတ်ဆိတ်မှုက အားလုံးကို လွှမ်းခြုံသွားသည်။

မင်းနေက 'ချီ'ဆိုသည့် စာလုံးကိုဖျက်လိုက်ပြီး

"ကဲ. . . နေတောင်အတော်စောင်းနေပြီဗျာ. . ပြန်ကြရအောင်"

မတ်တပ်ရပ်လိုက်ကြသည်။

"မနက်ဖြန်မှပဲ ဆုံကြတာပေါ့"

သစ်ပင်က သူ့နေရာနှင့်သူ ဒီအတိုင်းကျန်ခဲ့သည်။ တံလျှပ်လေးတွေကလည်း လှုပ်လီလှုပ်လဲ့. . .၊ ကြာပန်းလေးတွေကလည်း ငြိမ်ငြိမ်သက်သက်နှင့် . . . ကျန်. . . ခဲ့. . . သည်။

■

(၉)

"တစ်ခါတုန်းက နံရံတစ်ခုမှာ ရေးထားတဲ့ စာတန်းလေးတစ်ခုကို ဘုန်းကြီးဖတ်ဖူးတယ်"

"တင်ပါ့ဘုရား"

"စာတန်းလေးက ဘယ်လိုရေးထားလဲဆိုတော့ . . . 'မိန်းမ'ဆိုတာတဲ့ 'ယောက်ျား'တစ်ယောက်ကို 'မိန်း'မောအောင် အရင်လုပ်တယ်. . . ပြီးတော့. . . 'မ'သွားတတ်တယ်ဆိုပြီးတော့ ရေးထားတယ်"

ဆရာတော် ဘာကိုဆိုလိုနေမှန်း မင်းနေရိပ်မိသည်။ ဆရာတော်လည်း သတင်းတွေကြားပြီးနေလောက်ရောပေါ့။

"ဒါဆို. . . တပည့်တော်တွေ့ဖူးတဲ့ စာတန်းကလည်း အရှင်ဘုရားတွေ့ခဲ့တဲ့စာတန်းရဲ့ အဆက်ဖြစ်လိမ့်မယ်ထင်တယ် ဘုရား"

ဆရာတော် စိတ်ဝင်စားသွားသည်။ ထို့ကြောင့်. . .

"ပြောပါဦး. . . ဘယ်လိုအဆက်ဖြစ်နေလို့လဲ"

"ဒီလိုပါဘုရား. . . အဲဒီစာတန်းလေးက 'ယောက်ျား' အကြောင်းရေးထားတာပါ"

"သူက ဘယ်လိုရေးထားလို့လဲ"

"သူရေးထားတာက 'ယောက်ျား'ဆိုတာတဲ့. . . မိန်းမဆီကို 'ရောက်(ယောက်)'လည်း ရောက်ရော. . ချက်ချင်းပဲ 'ကျား' လို့ အော်ပြီးတော့ . . ."

"အော်ပြီးတော့ ဘာဖြစ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"စာတန်းက အဲဒီမှာပဲ အဆုံးသတ်သွားပါတယ် ဘုရား. . .၊ ရှေ့ဆက်ရေးမထားပါဘူး"

ဆရာတော်မှာ တွေးဆဆဖြစ်သွားသည်။ ထို့နောက် ဘာတွေးမိသည်မသိ၊ ခပ်ကျဲကျဲလေးရယ်၏။

"အင်း. . . ဒကာကတော့လုပ်ပြီ. . . ဘုန်းကြီးက အဟုတ်မှတ်လို့ နားထောင်နေတာ"

"တင်ပါ့ဘုရား. . . အဲဒါတကယ်ပါ"

"အင်းလေ. . . ထားလိုက်ပါတော့. . . . အခု ဒကာ မင်းနေကိစ္စကလည်း မြို့ထဲမှာပျံ့နေပြီ. . . ဘာပြောပြော ဘုန်းကြီး ကတော့ ဒီလောကီနဲ့ ပတ်သက်တဲ့ကိစ္စတွေထဲမှာ မပါချင်တော့ ဘူး. . . ဒါပေမဲ့ ဒကာမင်းနေ. . . ဘုန်းကြီးပြောချင်တာက. . . 'ဖူးစာ'ပါရင် ရလိမ့်မယ်ဆိုတာပါပဲ. . . ဩော်. . . ဒါနဲ့. . . 'ဖူးစာ' ဆိုတာကိုရော ယုံရောယုံရဲ့လား"

"ယုံတယ်လို့တော့ မဟုတ်ပါဘူး. . . ဒါပေမဲ့. . . ယုံသင့်ပါတယ် ဘုရား"

"ဟေ. . . ဘယ်လိုတုန်း"

"ဒီလိုပါ ဘုရား. . . လောကမှာ ကိုယ်ကိုတိုင်မမြင်ရ ပေမယ့်လည်း တကယ်ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ အများကြီးပါ ဘုရား"

"အင်း. . ."

"အဲဒီလိုပဲ. . . ဖူးစာဆိုတာကလည်း မမြင်ရပါဘူး၊ ဒါပေမဲ့. . . တကယ်ဖြစ်ပျက်နေတယ်ဆိုတာကိုတော့ ယုံကြည်လို့ ရတယ်လို့ပြောတာပါ ဘုရား"

ဆရာတော် သဘောကျသွားသည်။ ထို့နောက် အနားမှာရှိနေသော ငှက်ပျောသီးတစ်ဖီးကို မင်းနေအား လှမ်းပေး၏။ မင်းနေက လှမ်းယူသည်။

ထိုစဉ်. . .



ဘုန်းကြီးကျောင်းပေါ်သို့ လူတစ်ယောက်တက်လာသည်။

"ဟော. . ဒကာကြီးဘဝင်းနိုင်ပါလား၊ လာဟော. . လာ"

ဆရာတော်က ကျောင်းဆရာကြီးဦးဘဝင်းနိုင်ကို လှမ်းခေါ်သည်။ ဦးဘဝင်းနိုင်က မင်းနေကို ပြုံးပြလိုက်ရင်း လက်အုပ်လေးချီကာ ကျိုးကျိုးလေးဝင်လာ၏။

ထို့နောက် မင်းနေအနားမှာ ဝင်ထိုင်ပြီး ဆရာတော်အား ဦးသုံးကြိမ်ချလိုက်သည်။

"ကိစ္စရှိလို့လား ဒကာကြီး"

"တင်ပါ့ဘုရား. . . တပည့်တော် အလှူလုပ်ချင်လို့ပါဘုရား"

"ဘယ်လိုမျိုးလဲကွဲ့. . . ပြောစမ်းပါဦး"

"တပည့်တော်လုပ်မယ့်အလှူက ရှင်ပြုအလှူပါဘုရား၊ တပည့်တော်ကျောင်းက ကျောင်းသားတွေကို မဲစနစ်နဲ့ သင်္ကန်းစီး ပေးချင်လို့ပါ ဘုရား"

"ဒကာကြီးဟာက မြန်းစားကြီးပါလား"

". . . . တပည့်တော်လည်း ဟိုတစ်နေ့ကမှ ကျောင်းသားလေးတစ်ယောက်ရေးထားတဲ့ 'ဒဿန'လေးတစ်ခုဖတ်လိုက်ရပြီး စိတ်ကူးရသွားလို့ပါဘုရား"

ဆရာတော်မှာ 'ဒဿန'ဆို၍စိတ်ဝင်စားသွားလေသည်။

"ပြောစမ်းပါဦး၊ ဘယ်လို'ဒဿနလေး ရေးထားလို့လဲ"

"ဒီလိုပါ ဘုရား"

တကယ်တော့ . . . လူတွေဟာ
တဒင်္ဂထဲက တခဏဘဝမှာ. . .
ခဏတာဆိုတဲ့ ကိစ္စတွေကိုပဲ လုပ်နေကြတယ်
ပြီးပြီးရော ဆိုပြီးတော့လေ. . . ။

"ဒကာကြီးက ဘာစဉ်းစားမိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအထဲက အတိုင်းပါပဲ. . .၊ တပည့်တော်ဟာ ခဏာတာကိစ္စတွေကိုပဲလုပ်မိနေပါတယ်. . . 'သံသရာတစ်ခုလုံး'အတွက် မလုပ်မိသေးပါဘူး"

ဆရာတော်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက် မင်းနေဖက်သို့လှည့်ကြည့်၏။ မင်းနေက ခေါင်းကို ငုံ့ထားသည်။

"အဲဒါဆို ဒကာကြီးက ဘယ်တော့လောက်လုပ်မှာလဲ"

"ဖြစ်နိုင်ရင် ဒီတစ်ပတ်အတွင်းလုပ်ချင်ပါတယ်ဘုရား"

"အိမ်း. . . ကောင်းတယ်၊ လုပ်ချင်တယ်ဆိုရင်တော့ ဖြစ်အောင်လုပ်ရမှာပေါ့"

ထိုစဉ်. . .

"တပည့်တော်လည်း ကျောင်းဆရာကြီးအလှူထဲမှာ ပါချင်ပါတယ်"

မင်းနေ ဝင်ပြောသည်။ ကျောင်းအုပ်ဆရာကြီးက မင်းနေကို လှည့်ကြည့်လိုက်ပြီး အားတက်သရောပုံစံဖြင့် . . .

"မင်းပါတော့ ပိုကောင်းတာပေါ့ကွာ. . . ပါသာပါ"

"ဒါပေမဲ့ ကျွန်တော့်ကို ကတိတစ်ခုတော့ပေးပါလား"

"ဘာကတိလဲကွ"

"ဒီအလှူထဲမှာ ကျွန်တော်ပါတယ်လို့ ဘယ်သူ့ကိုမှ မပြောရဘူးဆိုတဲ့ ကတိပါ"

"ဘာဖြစ်လို့လဲ"

"ဟို. . . ဟို"

မင်းနေ အ. . ထစ်. . . အ. . . ထစ် ဖြစ်သွားသည်။ ဦးဘဝင်းနိုင်က . . .

"ပြောမှာသာ ပြောပါ. . . ဘာဖြစ်လို့လဲ"

"ဟိုလေ. . . ဘာမှတော့မဖြစ်ပါဘူး. . . သူများတွေက အလှူ့ဒကာကြီး. . . အလှူ့ဒကာကြီးလို့ခေါ်မှာကို ရှက်လို့ပါ"



"ဟေ"

ဦးဘဝင်းနိုင်မှာ 'ဟေ'ဟုပင် အသံထွက်သွားသည်။ ဆရာတော်က ပြုံးတုံ့တုံ့ဖြစ်သွားသည်။ မင်းနေက . . .

"ဘယ်လိုလဲ. . . မပြောဘူးမှတ်လား'

ဦးဘဝင်းနိုင်က စဉ်းစားသလိုပြု၏။ ထို့နောက်မှ

"အေး. . . အေး. . . မပြောဘူး"

ဟု ကတိပေးလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နောက်တစ်နေ့တွင် ဦးဘဝင်းနိုင်အလှူလုပ်မည့် သတင်းသည် တစ်မြို့လုံးသို့ပျံ့နှံ့သွားသည်။

လူငယ်၊ လူရွယ်များကိုလည်း အလှူအတွက် ကူညီလုပ်ကိုင်ရန်အတွက် ဖိတ်ခေါ်ထားသည်။ လူငယ်များကလည်း အားတက်သရောကူညီရန်အတွက် ဘုန်းကြီးကျောင်းတွင်စုဝေးကြ၏။

အလှူကိစ္စစီစဉ်မည့် တစ်ပတ်လုံးကျောင်းပိတ်ထားမည်ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများလည်း ရောက်လာကြသည်။

ဘုန်းကြီးကျောင်းဝင်းအောက်ထပ်တွင်ဖြစ်၏။ ဆရာတော်၊ ဆရာကြီးဦးဘဝင်းနိုင်နှင့် မြို့ရပ်မိ,ရပ်ဖများက ခုံများပေါ်တွင် ထိုင်နေကြသည်။

လူငယ်များကတော့ အောက်ဖက်တွင် စုထိုင်နေကြသည်။ အယောက်နှစ်ဆယ်လောက်တော့ ရှိပေလိမ့်မည်။

မင်းနေတို့အဖွဲ့က ဦးဘဝင်းနိုင်နားမှာ စုထိုင်ကြ၏။

ဦးဘဝင်းနိုင်က လူငယ်အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး. . .

"အခုလို. . . ကူညီဖို့လာတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်"

ဟု စကားစလိုက်၏။ ပြီး. . . ခဏရပ်ထားလိုက်ကာ စကားဆက်ပြန်သည်။

"အလှူကတော့. . . သိပ်ကြီးကြီးကျယ်ကျယ်တော့



မဟုတ်ပါဘူး. . . ဒါပေမဲ့လည်း အလှူဆိုတော့ တိုလီမိုလီက များတယ်မဟုတ်လား. . .၊ ဒါကြောင့် မြန်မြန်ဆန်ဆန်လေးပြီးသွားရအောင် ကိုယ့်ကဏ္ဍလေးနဲ့ကိုယ် တာဝန်ယူပါလို့ ပြောချင်ပါတယ်"

'အလှူလုပ်မယ့်ကိစ္စမှာတောင် ကျောင်းဆရာလေသံနဲ့' ဟု မင်းနေတွေးလိုက်မိသည်။

ထို့နောက် ဦးဘဝင်းနိုင်က သူနှင့်အတူ ထိုင်နေသော ရပ်မိရပ်ဖများနှင့်အတူ လူငယ်၊ လူရွယ်များအား တာဝန်များအသီးသီးခွဲဝေပေးကြသည်။

ဦးဘဝင်းနိုင်က 'မိန်းကလေးတစ်သိုက်'ကိုကြည့်လိုက်ပြီး

"ကဲ. . . ချက်ရေး၊ ပြုတ်ရေးတာဝန်ကိုတော့ 'တင့်တင့်'တို့အဖွဲ့ တာဝန်ယူလိုက်. . . ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

"ပစ္စည်းပစ္စယတွေကတော့ ဆရာတော့်ကျောင်းမှာရှိတယ် ငှားဖို့မလိုဘူး. . . အဲ. . . ပြီးတော့ ရှင်လောင်းလှည့်တဲ့အခါကျရင် အတီးအမှုတ်ကို ဘယ်သူတာဝန်ယူမလဲ"

"ကျွန်တော်တို့ တာဝန်ယူပါတယ်"

အလယ်မှာထိုင်နေကြတဲ့ ကောင်လေးတစ်သိုက်က ပြောလိုက်ခြင်းဖြစ်သည်။ ဦးဘဝင်းနိုင်နှင့် လူကြီးများက သူတို့ကို တစ်ချက်ကြည့်၏။ ထို့နောက်. . .

"အေး. . . အေး"

ဟု သဘောတူလိုက်သည်။

ထို့နောက် ရှင်လောင်းလှည့်ဖို့ကိစ္စ၊ ဈေးဝယ်ဖို့ကိစ္စ၊ ဧည့်ခံဖို့ကိစ္စ. . . စသည့်. . . စသည့် တာဝန်များကို ခွဲဝေကြသည်။

"ဩော်. . . နောက်ဆုံးတစ်ခုကျန်သေးတယ်"

"ဘာလဲ. . . ဆရာကြီး"

"တစ်မြို့လုံးကို ဖိတ်စာဝေဖို့လေ"

"ဖိတ်ဖို့မလိုပါဘူး ဆရာကြီးရယ်၊ သူတို့အကုန်သိနေကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . ဘယ်ဟုတ်မလဲကွ. . . အလှူလုပ်ပါတယ်ဆိုမှတော့ ဖိတ်တော့ဖိတ်ရမှာပေါ့။ ဟော့. . . ဒီမှာ လူဆိုတာ အလှူတွေ ဘာတွေဆိုရင် သူတို့ကိုဖိတ်မှ လာချင်တတ်တဲ့အမျိုးကွ"

ပြန်ပြောတဲ့လူတွေ တိတ်သွားသည်။ ထိုစဉ် မင်းနေက အုန်းမောင်ကို လက်တို့၏။ အုန်းမောင်က ချက်ချင်းပဲ. . .

"ဒါဆို ကျွန်တော်တို့ တာဝန်ယူပါတယ်"

ဦးဘဝင်းနိုင်နဲ့ အခြားသူများက သူ့ကိုကြည့်ကြသည်။ ထို့နောက် ဦးဘဝင်းနိုင်က . . .

"မင်းတို့က ဧည့်ခံဖို့အတွက်လည်း တာဝန်ယူထားသေးတယ်မှတ်လား"

"ဟုတ်ပါတယ်. . . ဒါပေမဲ့. . . ဧည့်ခံရမှာက အလှူနေ့မှဆိုတော့ ကြားထဲမှာအားနေပါတယ်. . . ဒါကြောင့်ပါ"

"အေးလေ. . . ဒါဆိုလည်း ဖိတ်စာဝေတဲ့ကိစ္စကို မင်းတို့ပဲ ကြည့်စီစဉ်လိုက်ပေါ့"

ဦးဘဝင်းနိုင်နှင့်လူကြီးများက သဘောတူလိုက်သည်။ ထို့နောက် လူကြီးတစ်ယောက်က . . .

"နေပါဦး. . . မင်းတို့က အိမ်တွေအများကြီးဖိတ်ရမှာဆိုတော့ မင်းတို့တွေနဲ့ပဲ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . အခြားကျွန်တော်တို့ သူငယ်ချင်းတွေလည်း ပါမှာပါ"

"ဩော်. . . အေး. . . ကောင်းတယ်"

ထို့နောက် အခြားကိစ္စများ ဆက်လက်ဆွေးနွေးကြပြန်သည်။ ခဏကြာသောအခါတွင် ကိစ္စအားလုံးပြီးသွားပြီး ပြန်ရန်အတွက် ပြင်ဆင်လိုက်ကြ၏။

မင်းနေကလည်း အုန်းမောင်တို့ကို 'လက်ဖက်ရည်ဆိုင်'သွားရအောင်ဆိုပြီး ခေါ်ထုတ်လာခဲ့သည်။

လမ်းတစ်ဝက်သို့ရောက်သောအခါ အုန်းမောင်က



"နေပါဦး မင်းနေ. . . မင်းက ဘာအကြံအစည်နဲ့ ဖိတ်စာဝေတဲ့အစီအစဉ်ကို ယူခိုင်းရတာလဲ"

မင်းနေက သက်ပြင်းချကာ-

"ဖိတ်စာဝေရင်းနဲ့ ကျွန်တော့်ကောင်မလေးကို တွေ့ချင်လို့ပါ"

"ဖြစ်ပါ့မလား. . . ဒေါ်ခင်မကြီးက သူ့သမီးကိုအလစ်မပေးဘဲ ကြည့်နေတာ"

"ဖြစ်ပါတယ်. . . စကားနည်းနည်းပြောရုံတင်ပါပဲ"

"အေး. . . အဲဒီစကားနည်းနည်းလေး ပြောတာကိုပဲ ပြောနေတာ"

"စိတ်မပူပါနဲ့. . . အဲဒီနေ့ကျရင် ကျွန်တော် ပြောသလိုလုပ်မယ်ဆိုရင် ဖြစ်တယ်. . . ဘာဖြစ်လို့လဲဆိုတော့ သူ့အမေရဲ့ အားနည်းချက်ကို 'လပြည့်'က ပြောဖူးတယ်လေ"

"အင်းလေ. . . လုပ်ကြည့်ကြတာပေါ့. . . မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ"

မောင်မြင့်က . . .

"အဲဒီနေ့ ဘယ်လိုစီစဉ်ထားလဲ. . . "

မင်းနေက ဗွီဒီယိုထဲကအတိုင်း ခေါင်းလေးရှေ့တိုးကာ

"ဒီလိုဗျ. . . ဒီလို"

ဟု ပြောလိုက်လေသည်။ အဲဒီလိုနဲ့ . . .။

■

www.burmeseclassic.com

www.burmeseclassic.com



မင်းနေက မောင်မြင့်ကို တဆက်တည်းလှည့်မေးလိုက်သည်။

"ပါ. . ပါတယ်. . .၊ ဒီမှာ အဆင်သင့်"

မောင်မြင့်က ကြွပ်ကြွပ်အိတ်အမည်းတစ်လုံးကို မြှောက်ပြရင်း ပြန်ဖြေသည်။

"အင်း. . . ဒါဆိုလည်း သွားရအောင်၊ ဟိုရောက်ရင် ကျွန်တော်မှာတာတွေလည်း မမေ့နဲ့ဦးနော်"

"အေးပါ"

"ကိုငနွားနဲ့ ကိုမျက်စိကတော့ ဒီမှာပဲစောင့်နေပေါ့ ဟုတ်လား. . . ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကျွန်တော်တို့ကို တစ်ဖွဲ့တည်းပဲဆိုတာ မသိစေချင်သေးဘူး"

"အင်းပါ. . . တို့နှစ်ယောက် ဒီမှာပဲ စောင့်နေမယ်"

ဒီတစ်ခါ ငနွားက သေချာကြားပြီး သေချာပြန်ဖြေသည်။

ဤသို့ဖြင့် ငနွားနှင့် ငမျက်စိမှာ ကျန်ခဲ့ပြီး ကျန်သူများက ဒေါ်ခင်မကြီးအိမ်သို့ ဗတင်ချီတက်ကြ၏။ ခြံဝရောက်တော့ တံခါးစောင့်က ထုံးစံအတိုင်း . . .

"ဘာကိစ္စလဲ"

ဟု ခပ်မာမာမေး၏။

"ဖိတ်စာ လာဖိတ်တာပါ"

"ဘာ. . . ဖိတ်စာလဲ"

"ဆရာကြီးဦးဘဝင်းနိုင်ရဲ့ အလှူဖိတ်စာပါ"

ထိုအခါ ခြံစောင့်က အခြားခြံစောင့်တစ်ယောက်ကို လှမ်းကြည့်လိုက်သည်။ ခြံစောင့်က 'ဟုတ်တယ်. . . ဖွင့်ပေးလိုက်' ဟူသော ပုံစံဖြင့် ခေါင်းညိတ်ပြသည်။

"ကျွီ"

တံခါးဖွင့်သံ. . .။

(၁၁)

ဖိတ်စာဝေမည့်နေ့ ဖြစ်သည်။ ထိုနေ့တွင်. . .

ဖိတ်စာဝေနေသည့် လူငယ်များကို သူ့အစုနှင့် သူ တွေ့ရသည်။

ဖိတ်သူများကလည်း ပျော်ပျော်ရွှင်ရွှင် . . . လက်ခံသူများကလည်း ပျော်ပျော်ရွှင်ရွှင်နှင့် ပျော်စရာကြီးပင် ဖြစ်နေတော့သည်။

ထိုစဉ် . . .

လူငယ်လေးတစ်စုသည် လမ်းတစ်လမ်းထိပ်တွင် ရပ်လိုက်ကြသည်။

"ကဲ. . . မင်းနေ. . . ငါတို့ 'ဒေါ်ခင်မကြီး'အိမ်ကို သွားတော့မယ်"

"အင်း. . အဲဒါဆို ခဏနေဦး. . . ရုပ်လေးဘာလေး မမှတ်မိအောင် ဖျက်လိုက်ဦးမယ်"

မင်းနေက ပြောပြောဆိုဆို ဦးထုပ်ကို ခပ်ငိုက်ငိုက်လေးဆောင်းလိုက်သည်။ ဒါကို ငနွားက . . .

"ဟ. . . မင်းဟာက ဘာထူးလို့လဲ. . . ရုပ်ဖျက်တာမှ မဟုတ်ဘဲ ခေါင်းဖျက်တာပဲဟာကို"

"မဟုတ်ဘူးဗျ. . . ကျွန်တော့်ယောက္ခမလောင်းကြီးက ကျွန်တော့်ကို သေချာမြင်ဖူးတာမဟုတ်ဘူး. . . အဲဒါကြောင့် ရုတ်တရက် မမှတ်မိအောင်လို့ဗျို့. . . ဩော်. . ဒါနဲ့ ယူသွားဖို့ အထုပ်ပါပြီလား"

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတံခါးဖွင့်သံဟု 'မင်းနေ'ထင်မိသည်။

"ကဲ. . . ဝင်"

သူတို့ ဝင်လာခဲ့ကြသည်။ မင်းနေကတော့ ခေါင်းကို ခပ်ငိုက်ငိုက်လေးချထား၏။

ဧည့်ခန်းထဲရောက်တော့ ဦးဘတင် သတင်းစာဖတ်နေသည်ကို တွေ့ရသည်။ သူတို့ကိုတွေ့တော့. . .

"ဘာကိစ္စလဲ သားတို့"

အုန်းမောင်က . . .

"ဆရာကြီးဦးဘဝင်းနိုင်ရဲ့ အလှူဖိတ်စာလာဖိတ်တာပါ"

"ဪ. . . ထိုင်ပါဦး သားတို့"

ထိုစဉ်ဒေါ်ခင်မကြီးမှာ အပေါ်ထပ်က ဆင်းလာသည်။ တစ်ဆက်တည်းပင်. . .

"ဆရာကြီးဦးဘဝင်းနိုင်ရဲ့ ဖိတ်စာလား"

"ဟုတ်ပါတယ် အန်တီ"

မီးသွေးဆိုင်ကိုသန့်စင်က ပြန်ဖြေသည်။

ဦးဘတင်က ဒေါ်ခင်မကြီး ရောက်လာ၍ သူ့တာဝန်ကုန်ပြီဟု ထင်ထားလားမသိ။ သတင်းစာပြန်ဖတ်နေသည်။

မင်းနေက တစ်အိမ်လုံးကို မသိမသာ ဝေ့ကြည့်လိုက်သည်။ သူကောင်မလေး၏အရိပ်အရောင်ကို မတွေ့ရချေ။

ရင်မောရလေပြီ။ ဒေါ်ခင်မကြီးကိုလည်း မသိမသာ စောင်းငဲ့ကြည့်ရသေးသည်။ ဒေါ်ခင်မကြီးမှာ အုန်းမောင်တို့နှင့် လေပေးဖြောင့်နေသည်။

မီးသွေးဆိုင်ကိုသန့်စင်ကတော့. . . သူ့ကိုတီးတိုးပြောလိုက်၊ ဒေါ်ခင်မကြီးစကားကိုနားထောင်လိုက်. . . နှင့် လုပ်နေသည်။

မင်းနေက အိမ်ရဲ့အနေအထားကိုကြည့်ပြန်သည်။



အိမ်မှာ နှစ်ထပ်အိမ်အမျိုးအစားဖြစ်ပြီး အောက်ထပ်မှာ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်ခန်းနှင့် သော့ခတ်ထားသော အခန်းလွတ်နှစ်လုံးသာရှိသည်။

အပေါ်ထပ်မှာ မိသားစုအိပ်ခန်းများရှိပေလိမ့်မည်။ သူ့ချစ်သူလည်း အပေါ်ထပ်မှာ ရှိနေလိမ့်မည်ဟု တွေးမိသည်။

"ဟုတ်တယ်. . . အန်တီကလည်း ဆရာကြီးရဲ့ကျောင်းက ကျောင်းဆရာမဟောင်းဆိုတော့ ဆရာကြီးနဲ့က အရမ်းခင်တာ"

"ဆရာကြီးကလည်း ပြောလိုက်ပါတယ်. . . အန်တီတို့အိမ်ကို သေသေချာချာဖိတ်ပါတဲ့"

**မင်းနေက ဒေါ်ခင်မကြီးကို တစ်ချက်ကြည့်လိုက်သည်။ ဒေါ်ခင်မကြီးမှာ ထိုစကားကို ကျေနပ်သွားပုံရသည်။ ထို့ကြောင့် ပြုံးဖြီးဖြီးနှင့်ဖြစ်နေ၏။**

ထို့နောက် မင်းနေနှင့် မီးသွေးဆိုင်ကိုသန့်စင်တို့ဘက်သို့လှည့်ကြည့်ရင်း မင်းနေကို အခုမှသတိပြုမိသည့်အလား ဇဝေဇဝါနှင့်ကြည့်သည်။ မင်းနေ ်ထိတ်သွားသည်။ မင်းနေ ထိတ်လန့်သွားသလို ကျန်သုံးယောက်လည်း ထိတ်လန့်သွားသည်။

"ဟဲ့. . . **နေစမ်းပါဦး**. . . ဒီသူငယ်က ဘယ်သူတုန်း"

အားလုံးမျက်နှာပျက်သွားကြသည်။ ထိုစဉ်. . .

"ဟာ. . . မြွေကြီး. . . မြွေကြီး. . . အကြီးကြီးပဲ"

မောင်မြင့်၏အော်သံကို ကြားလိုက်ရသည်။

ဒေါ်ခင်မကြီးက -

"မြွေ. . . မြွေတဲ့"

ဆိုပြီး ဆိုဖာပေါ် ခုန်တက်သည်။ ဦးဘတင်က ဝရန်းသုန်းကားထလာပြီး . . .

"ဘယ်မှာတုန်း မြွေ. . . ဘယ်မှာလဲ"

"ကျွန်. . . ကျွန်တော့် ခြေထောက်ရှေ့. . . ရှေ့က ဖြတ်ပြေးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်၏ တုန်တုန်ရင်ရင်ပြောသံကြောင့် ဒေါ်ခင်မကြီးမှာ ကြောက်အားပိုပြီး သူ့ယောက်ျားကို လှမ်းဖက်သည်။

"ကို. . ကို. . . တင်. . မြွေတဲ့. . . ကြောက်တယ်"

"ဟော့ကောင်တွေ လာရှာကြစမ်း. . . မြွေ. . မြွေတဲ့"

ဦးဘတင်က ခြံစောင့်တွေကို လှမ်းအော်သည်။ တစ်အိမ်လုံး ပွက်လောရိုက်သွား၏။ ခြံစောင့်နှစ်ယောက် အိမ်ပေါ်တက်လာသည်။

"မြွေ. . . အကြီးကြီးပဲတဲ့. . . ရှာကြစမ်းပါဦး"

ဦးဘတင် ပြောအပြီးသူတို့ရှာကြသည်။ ဒေါ်ခင်မကြီးမှာ ကြောက်အားလန့်အားနှင့် ဦးဘတင်ရဲ့လက်ကို အတင်းဆုပ်ကိုင်ထားပြီး ဘာမှမပြောနိုင်. . .။ အုန်းမောင်တို့ ဝိုင်းရှာကြသည်။ မောင်မြင့်က သူ့အိတ်အကြီးကြီးကို ကိုင်လျှက် မြွေလိုက်ရှာ၏။ မင်းနေက တစ်ချက်တစ်ချက် အပေါ်ထပ်ကို လှမ်းကြည့်သည်။

အိမ်ဖော်တွေလည်း မီးဖိုခန်းထဲမှ ပြေးထွက်လာကြသည်။ သူတို့လည်း လိုက်ရှာကြသည်။ မြွေ. . . တဲ့။။

"ဟဲ့. . . ထမင်းစားခန်းထဲများ ဝင်သွားလား မသိဘူး"

ဒေါ်ခင်မကြီးက စိုးရိမ်တကြီးနှင့် လှမ်းအော်သည်။

ထို့ကြောင့် ခြံစောင့်တစ်ယောက်က ထမင်းစားခန်းထဲဝင်ရှာသည်။

"မတွေ့ဘူး. . . မမကြီး"

"နင်ဟာကလည်း . . . သေချာရှာပါဦး. . . ဇဲပါပါယ်. . . ငါတို့ပါလာရှာတော့မယ်"

ပြောပြောဆိုဆို ဒေါ်ခင်မကြီးက ဦးဘတင်ရဲ့လက်ကိုဆွဲပြီး အခန်းထဲအပြေးလေးဝင်သွားသည်။ ကျန်တဲ့သူများက သူတို့နောက်မှ တစ်ပြုံကြီးလိုက်ဝင်သွားကြသည်။

မင်းနေ တစ်ယောက်သာ ဟိုလိုလို ဒီလိုလိုနဲ့ ချန်နေရစ်ခဲ့သည်။ ထမင်းစားခန်းထဲကို အားလုံးဝင်သွားတာတွေ့တော့မှ



အပေါ်ထပ်ကို လှစ်ကနဲတက်လိုက်သည်။

ဒေါ်ခင်မကြီးက မောင်မြင့်ဖက်သို့ လှည့်လိုက်ပြီး

"နင်. . . မြွေကိုတွေ့လိုက်တာ သေချာလို့လား"

"ဟာ. . . သေချာတယ်. . . သိပ်သေချာတယ်. . အန်တီ. . . အစိမ်းရောင်ကြီး. . . တောက်နေတာပဲ"

"အီး. . . ကြက်သီးတောင်ထလိုက်တာ. . . ရှာ. . ရှာကြပါဦး"

ပြောပြောဆိုဆို ဆက်ရှာကြပြန်သည်။ ထမင်းစားခန်းက ကျယ်လည်းကျယ်သည်။ ပစ္စည်းတွေလည်း အနည်းငယ်ရှုတ်ထွေးနေတာကြောင့် ချောင်ကြိုချောင်ကြားတွေပါမကျန် လိုက်ရှာကြသည်။

မင်းနေ အပေါ်ထပ်ကိုရောက်တော့ သူ့ချစ်သူကို လိုက်ရှာ၏။

ထိုစဉ် လပြည့်ချို့မှာလည်း အောက်ထပ်မှ အသံများကြောင့် အခန်းထဲမှထွက်လာသည်။

"ဟင်"

မင်းနေကို တွေ့တော့ အံ့ဩသွားသည်။ ပြီးတော့ ဝမ်းသာသွားသည်။

ထို့နောက် မင်းနေကို ပြေးဖက်လေသည်။

"ဒီအထဲမှာမရှိဘူးထင်တယ်၊ အပြင်ထွက်ရအောင်"

ဒေါ်ခင်မကြီးအသံကြောင့် အုန်းမောင်က မောင်မြင့်ကို မသိမသာလက်တို့လိုက်သည်။

"အန်တီတို့ ဒီမှာရှာနေလိုက်ပါလား. . .၊ ကျွန်တော်နဲ့ အုန်းမောင် မီးဖိုခန်းထဲမှာ သွားရှာလိုက်မယ်လေ"

ဒေါ်ခင်မကြီးတုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။ ထို့နောက်မှ

"အေး. . . အေး. . . သွားရှာလိုက်လေ. . . တို့ ဒီမှာ ထပ်ရှာလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အုန်းမောင်နှင့် မောင်မြင့်တို့မှာ မီးဖိုချောင်ထဲသို့ လှစ်ကနဲ ပြေးဝင်သွားကြသည်။

"မောင့်ကို သိပ်သတိရတာပဲ. . . သိလား"

"မောင်လည်း အဲဒီလိုပါပဲကွာ. . . အခု လပြည့်နဲ့ အတူနေရအောင် ကြိုးစားနေပါတယ်"

"အခုပဲ သွားကြမလား မောင်. . . မေမေက လပြည့်ကို တခြားတစ်ယောက်နဲ့ လက်ထပ်ပေးတော့မှာ"

"အခုတော့. . အခြေအနေမဟန်သေးဘူး၊ 'လပြည့်' ကို မောင်လာခိုးနိုင်ဖို့ ကြိုးစားမှာပါ၊ 'လပြည့်'ကသာ အသင့်ရှိပစေ"

"အင်းပါ"

**"ဪ. . . လပြည့်နဲ့ မောင့်ကြားမှာ လူယုံရှိဖို့ အတွက် မောင်စီစဉ်ထားတာတစ်ခုရှိတယ်"**

"ဘာလဲ မောင်"

မင်းနေက လပြည့်ချိုကို တိုးတိုးလေးကပ်ပြောသည်။

"ဟာ. . ဒီမှာမြွေကြီး မြွေကြီး၊ အင်းဟာ. . အင်းဟာ"

အောက်ထပ်မှ မောင်မြင့်၏အသံကို မင်းနေကြားလိုက်ရသည်။ အိတ်ထဲမှ မြွေအသေနှင့် လုပ်ငန်းစနေပြီဟုလည်း သိလိုက်၏။ မောင်မြင့်အော်သံကြားတော့ ဒေါ်ခင်မကြီးတို့တစ်ဖွဲ့လုံး ထမင်းစားခန်းထဲမှ ပြေးထွက်လာပြီး မီးဖိုခန်းထဲသို့ ပြေးဝင်ကြသည်။

"ဟဲ့. . . ဟဲ့. . . ဘယ်မှာလဲ"

မင်းနေ အပေါ်ထပ်မှ မသိမသာဆင်းလာသည်။ ထို့နောက် မီးဖိုချောင်ထဲသို့ ရောသောပေါသောဝင်လိုက်၏။ လပြည့်ချိုက အပေါ်ထပ်မှာ ကျန်ရစ်ခဲ့သည်။

"ဒီမှာအဒေါ်. . . နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ ကျွန်တော် ရိုက်လိုက်တာ သေသွားပြီ"

မောင်မြင့်က ကြမ်းပြင်ပေါ်တွင် တွန့်လိမ်ပြီး သေနေ



သော မြွေကို လက်ညှိုးထိုးရင်းပြောသည်။

"ဟယ်. . . နည်းနည်းနောနောကြီး မဟုတ်ပါလား"

ဒေါ်ခင်မကြီးမှာ ရင်ကိုဖိပြီး မျက်လုံးကြီးပြူးဝိုင်းကာ အံ့ဩနေလေသည်။

ထို့နောက် ခြံစောင့်တစ်ယောက်က 'မြွေ'ကို လွှင့်ပစ်ရန်အတွက် ယူသွားသည်။

"ကဲ. . . လာ. . . လာ. . ဧည့်ခန်းမှာ လာထိုင်ကြပါဦး. . . တော်တော်လေးကို မောသွားကြပြီ. . . ဟဲ့. . . မိစန်းရေ အအေးလေး ဘာလေးလုပ်ပါဦး"

"မလုပ်ပါနဲ့တော့ အန်တီ၊ ကျွန်တော်တို့ ပြန်တော့မှာပါ"

"အို. . . ဘယ်ဟုတ်မလဲ. . . မြွေလည်း ဖမ်းပေးရသေးတယ်. . . အအေးလေးတော့ သောက်သွားပါဦး. . . အဲ. . . သမီးတောင် အပေါ်ထပ်မှာလား မသိဘူး"

အခုမှပဲ သူ့သမီးကို သတိရတော့သည်။ ပြီး. . .

"သမီးရေ. . . သမီး"

အပေါ်ထပ်သို့ လှမ်းအော်၏။

"လာပြီ အမေ. . . လာပြီ"

လပြည့်ချို ပြေးဆင်းလာသည်။ ထိုစဉ် အအေးလာချသည်။ မင်းနေတို့က လပြည့်ချိုကိုမကြည့်ဘဲ အအေးကိုသာ ယူသောက်လိုက်ကြသည်။

"သမီး. . . အောက်ထပ်မှာ ဘာတွေဖြစ်နေလဲဆိုတာ မသိဘူးမှတ်လား"

"အောက်ထပ်မှာ ဟုတ်လား၊ ဘာဖြစ်လို့လဲ အမေ"

မျက်လုံးလေး ပေကလပ်၊ ပေကလပ်နှင့် ပြန်မေးသည်။ ဒေါ်ခင်မကြီးက . . .

"မြွေတွေ့လို့ သမီးရေ. . . အခုတော့ သေသွားပါပြီ၊ ဟောဒီက ကောင်လေးတွေ ဖမ်းပေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မင်းနေက အုန်းမောင်ကို မျက်ရိပ်မျက်ကဲပြလိုက်သည်။

"အဲဒါဆို. . . ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်. . . အန်တီ၊ ဒီပြင်အိမ်တွေလည်း လိုက်ဖိတ်ရမှာမို့လို့ပါ"

"ဩော်. . . အေး. . အေး. . . ဟုတ်သားပဲ၊ ဆရာကြီးဦးဘဝင်းနိုင်ကိုလည်း ပြောလိုက်ပါ. . .၊ သူ့အလှူကို အန်တီ ဆက်ဆက်လာခဲ့ပါ့မယ်လို့"

"အလှူ . . . ဟုတ်လားအမေ"

လပြည့်ချိုက ကြားဖြတ်ဝင်မေးသည်။

"ဟုတ်တယ် သမီး. . . သမီးရဲ့ဆရာဦးဘဝင်းနိုင်ရဲ့ အလှူလာဖိတ်ကြတာပါ"

လပြည့်ချို၏မျက်နှာမှာ ဝင်းလက်သွားသည်။

"ဟင်. . . အဲဒါဆိုရင် ဆရာကြီးကို ကျွန်မရေးထားတဲ့ ဒဿနတစ်ခုလောက် ပေး,ပေးပါလားဟင်"

"ရ. . . ရပ့ါတယ်"

အုန်းမောင်က ဝင်ပြောသည်။ တစ်စုံတစ်ခုကိုကြောက်ပြီး ရင်တွေလည်း ထိတ်သွားသည်။ လပြည့်ချိုက အိမ်အပေါ်ထပ်ကို ပြေးတက်သွားပြန်၏။ ဒေါ်ခင်မကြီးက. . .

"အင်း. . . အဲဒါသာကြည့်တော့ ဆရာကြီးရဲ့တပည့် ပီသတယ်ဆိုတာပြနေတာပဲ"

မင်းနေတို့မှာ ပြုံးရုံသာ ပြုံးနေလိုက်သည်။ ခဏကြာတော့ လပြည့်ချို ပြန်ဆင်းလာသည်။

"ဆရာကြီးကို ပေး,ပေးပါ. . .၊ ကျွန်မက ပေးခိုင်းတာလို့လည်း ပြောပေးဦးနော်"

အုန်းမောင်လက်ထဲသို့ စာရွက်တစ်ရွက် လှမ်းထိုးပေးသည်။

"ဟုတ်ကဲ့. . . သေချာပြောပြီး ပေးလိုက်ပ့ါမယ်. . . ဒါဆို. . . အန်တီ. . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး"



"အေးကွယ်. . . ကောင်းပါပြီ. . . ကျေးဇူးလည်း တင်ပါတယ်"

"ရပါတယ် အန်တီ"

ဟု ပြောပြီး ထွက်လာခဲ့ကြသည်။

လမ်းတဝက်ရောက်တော့ မောင်မြင့်က သူ့ရဲ့ကြွတ်ကြွတ်အိတ်အမည်းကြီးကို လှင့်ပစ်လိုက်သည်။

"အိတ်ထဲက ဘာတွေလဲ"

"ကိုင်စရာရှိအောင်လို့ ဒေါ်ခင်မကြီးတို့ မီးဖိုချောင်ထဲက အမှိုက်တွေထည့်လာတာ"

အားလုံးဝိုင်းရယ်မိကြ၏။

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

## သိကြားစေ

မိုးဆန်းပန်းသို့
မလန်းပါနိုင်. . . မယ့်ပန်းခိုင်သည်
ညှိုးယိုင်. . . မဖွယ်မရာတည်း။

"မင်းပြောတဲ့ နောက်ထပ် 'အသိမဲ့'ကဗျာဆိုတာ . . . ဒါလား"

အုန်းမောင်က 'လပြည့်ချို'စာကို ဖတ်နေရင်းမှ . . . မင်းနေကို လှမ်းမေးသည်။ မင်းနေက စာကို ဖတ်ပြီးသွားပြီဖြစ်သောကြောင့်. . .

"ဟုတ်တယ်"

ဟု ပြန်ဖြေ၏။ မောင်မြင့်တို့ကလည်း အုန်းမောင်လက်ထဲမှ စာရွက်ယူပြီး ဖတ်ကြသည်။ မီးသွေးဆိုင်ကိုသန့်စင်က

"ဘယ်လို အသိမဲ့ဖြစ်တာလဲ ရှင်းပြပါဦး"

"ဒီကဗျာက 'ကောင်မလေးက ကောင်လေးကို လွမ်းလို့ ဖြစ်ပျက်နေပုံ'အကြောင်းရေးထားတာ. . .၊ ဒီကဗျာထဲမှာ 'မယ့်ပန်းခိုင်' ဆိုတဲ့စကားလုံးပါတယ်၊ ဒီကဗျာရေးထဲသူက 'မယ့်ပန်းခိုင်' ဆိုတာ ကောင်မလေးရဲ့ မေတ္တာ. . ဒါမှမဟုတ် နှလုံးသားလို့ ဆိုလိုဟန်ရှိတယ်ဗျ. . . ဒါပေမဲ့ ကဗျာကို ဆက်ဖတ်လိုက်တော့. . . 'ညှိုးယိုင်'ဆိုတာလည်းပါတယ်. . . ပြီးတော့ 'မဖွယ်မရာ'ဆိုတာ




ကိုလည်း တွေ့တော့. . . စာဖတ်သူက 'မယ့်ပန်းခိုင်'ကို ကဗျာရေးတဲ့ လူထင်သလို 'မေတ္တာ၊ နှလုံးသား'လို့ မမြင်တော့ဘဲ တစ်မျိုးတစ်မည်ထင်သွားတာပေါ့. . . ဒါကြောင့် စကားလုံးကို အသိမရှိဘဲ ရေးထားတာကြောင့် 'အသိမဲ့ကဗျာ'လို့ဆိုထားတာ"

မင်းနေ စကားဆုံးတော့ အားလုံးက ကဗျာကို ထပ်ဖတ်ကြည့်ကြသည်။ ထို့နောက် ဘာကိုတွေးမိသည်မသိ၊ ပြုံးစစဖြစ်သွားသည်။

ထိုစဉ် နေဒွားက ကဗျာရဲ့အောက်က ပုံလေးတစ်ပုံနှင့် စာကြောင်းလေးတစ်ကြောင်းကို တွေ့သွားပြီး . . .

"ဒီပုံနဲ့ စာကကော ဘာအဓိပ္ပါယ်လဲ"

အုန်းမောင်တို့လည်း ပုံနှင့်စာကို ကြည့်လိုက်ကြသည်။



သူတို့မနက်ဖြန်လာကြမည်။

မင်းနေက သက်ပြင်းဖွဖွရှိုက်သည်။ ပြီး. . .

'မနက်ဖြန်ဆိုရင် သူနဲ့အိမ်ထောင်ချပေးမယ့်သူရဲ့ မိသားစုလာလိမ့်မယ်လို့ ဆိုလိုပုံရတယ်"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ"

မင်းနေက ခေါင်းခါလိုက်သည်။

"စောင့်ကြည့်ရုံပဲ ရှိတော့တာပေါ့"

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

သင်္ဘောဆိပ်. . .။

သင်္ဘောဆိပ်တွင် လူအနည်းငယ် စည်ကားနေသည်။ သင်္ဘောမဆိုက်ကပ်သေးသောကြောင့် လာကြိုနေကြသူများ၊ ဈေးသည်များနှင့် ပြည့်နေတော့သည်။

"တူ. . . တူ"

အဝေးမှ သင်္ဘောသံကို အားလုံးကြားလိုက်ရသည်။

"ဟော. . ကိုဘတင်. . . သင်္ဘောလာပြီထင်တယ်"

ထို့နောက် သူ့သမီး လပြည့်ချိုဖက်သို့လှည့်ပြီး

"သမီး. . . သင်္ဘောဆိုက်တော့မယ်နော်၊ မျက်နှာကို စူစူပုတ်ပုတ်ကြီးလုပ်မထားနဲ့"

ဟု ဆိုလိုက်ပြီး. . . 'အချိုးပြင်'ဟူသော မျက်နှာပေး ဖြင့်ကြည့်လိုက်၏။

လပြည့်ချိုကလည်း 'ဒုံရင်း. . . ဒုံရင်းပဲနေတဲ့ဟာကို' ဆိုသောအကြည့်ဖြင့် ပြန်ကြည့်သည်။ ဦးဘတင်ကတော့ သင်္ဘောကို ငေးနေသည်။

သင်္ဘောဆိုက်ကပ်လေပြီ။ ဆင်းသူတွေ၊ ဈေးရောင်းသူတွေ၊ သင်္ဘောပေါ်တက်ကြိုသူတွေနဲ့ အနည်းငယ်ရှုတ်ထွေးသွားသည်။

"ဟဲ့. . . ရှာကြပါဦး. . . တော်ကြာလွဲသွားမှဖြင့်"

ဒေါ်ခင်မကြီးတစ်ယောက်တည်း ပျာယာခတ်နေသည်။ ဦးဘတင်နှင့် လပြည့်ချိုမှာ ဝတ်ကျေတန်းကျေပဲ လိုက်ရှာ



နေကြသည်။

"ဟဲ့. . . ဟိုမှာလား မသိဘူး၊ အပြာလေးနဲ့. . . ဟုတ်တယ်. . . ဟုတ်တယ်. . . မနှင်းဆီ. . . ဟဲ့. . မနှင်းဆီ. . . ငါတို့ ဒီမှာ"

အသံပြဲကြီးနှင့်အော်သည်။ တစ်ဖက်မှလည်း ဒေါ်ခင်မကြီးတို့ကို မြင်တွေ့သွားလေသည်။

အဒေါ်ကြီးတစ်ယောက်၊ ဦးလေးကြီးတစ်ယောက်နှင့် မျက်နှာတွင် ဝက်ခြံဗရပျစ်ရှိသော (ရုပ်ရှင်တွေထဲက သူဌေးသား ဗီလိန်တွေလို) လူတစ်ယောက်. . .။

ထိုသုံးယောက်သည် ဒေါ်ခင်မကြီးတို့ဆီသို့ လျှောက်လာကြသည်။ သူတို့ အနောက်မှ အထုပ်ထမ်းသမားတွေက လိုက်ပါလာ၏။

အနားရောက်တော့ ဒေါ်ခင်မကြီးက . . .

"ဟယ်. . . မနှင်းဆီ. . . နင်လှလာတယ်နော်"

ဟု စတင်နှုတ်ဆက်လေသည်။ ဒေါ်နှင်းဆီက . .

"ဟီး. . . ဟီး"

ဟု ရယ်ပြလေသည်။ ဒါကိုတွေ့သွားသော ဦးဘတင်က သူ့သမီးကို လက်တို့ပြီးတိုးတိုးလေးပြောလိုက်သည်။

"သမီး. . . သမီးယောက္ခမလောင်းက စကားမပြောတတ်ဘူးထင်တယ်"

"ဟာ. . ဖေဖေကတော့လုပ်ပြီ. . . အမေကြားသွားလို့ ဆူနေပါဦးမယ်"

ဦးဘတင် ဇက်ပုဝင်သွားသည်။ သူနှင့် သူ့သမီးမှာ ဒေါ်ခင်မကြီးကို ကြောက်ရသည် မဟုတ်ပါလား။

"ဒါ. . . ကျွန်မသမီးလေ"

ဒေါ်ခင်မကြီးက လပြည့်ချိုနှင့် မိတ်ဆက်ပေးသည်။ ဒေါ်နှင်းဆီက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . လှလိုက်တာကွယ်၊ ခင်မကြီး ငယ်ငယ်က အတိုင်းပဲ"

ဒေါ်ခင်မကြီး သဘောကျသွားသည်။ လပြည့်ချိုကို ကြည့်နေသော သူဌေးသားဗီလိန်၏ မျက်လုံးပြူးထွက်လာသည်။ ပြူးသထက် ပြူးထွက်လာသည်။

"ဂလု"

"ဟွဲ့. . . ပလုတ်တုတ်"

'ဂလု'ဟူသော အသံကြောင့် ဒေါ်ခင်မကြီးလန့်သွားသည်။

"ချောရီး. . . အန်တီ. . . ချောရီး. . . တား. . . တံတွေးပြူးထွက်လာလို့ ပြန်သွင်းရတာနဲ့ အတံမြည်သွားတာပါ"

ထိုအခါ ဦးဘတင်က သူ့သမီးကို လက်တို့ပြီး တိုးတိုးလေး ကပ်ပြောပြန်သည်။

"သမီး. . . နင့်အမေရှေ့တဲ့ ကောင်က စကားလည်း မပီဘူး"

လပြည့်ချို ပြုံးစစလေးဖြစ်သွားသည်။ သူ့အဖေနှင့် သူ့အကြားမှာ ဤကဲ့သို့သော ရင်းနှီးပွင့်လင်းမှုရှိနေတာကိုက ပျော်စရာလေးပင်. . .။ ဒေါ်ခင်မကြီးက . . .

"နှင်းဆီ. . . နင့်သားနာမည်ဘယ်သူ. . . ကျော် တစ်လုံးတော့မှတ်မိတယ်. . . ဘာတဲ့. . . မေ့နေလို့"

"ကျော်စံလေးလေ. . . ခင်မကြီးရဲ့"

"ဘာ. . . ကျော်စံကွေး ဟုတ်လား"

လပြည့်ချိုက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"မဟုတ်ဘူး ညီမလေး၊ အတို့နာမည်က ကျော်စံလေး. . . ကိုကျော်စံလေးလို့ ခေါ်ပါတယ်. . . ဂလု"

'ဂလု'ဟူသောအသံကြောင့် ဒေါ်ခင်မကြီးမှာ ပြူးကြောင်ကြောင်နှင့်ကြည့်နေပြန်သည်။ ထို့နောက် သတိရသွားပြီး



"လာ. . . လာ အိမ်သွားရအောင်"

ဟု ပြောလိုက်ပြီး အိမ်ကိုခေါ်သွားသည်။

အိမ်ရောက်တော့ စကားဆက်ပြောကြပြန်သည်။ ကျော်စံလေးကတော့ လပြည့်ချိုကိုကြည့်လိုက် တံတွေးမျိုချလိုက်နှင့် ဖြစ်နေသည်။

"မင်္ဂလာပွဲကိစ္စကိုတော့ အေးအေးဆေးဆေးမှပဲ ဆွေးနွေးကြတာပေါ့နော့"

"ရပါတယ် ခင်မကြီးရယ်. . . ဒီလူနဲ့ ဒီလူပြောစရာ မှမလိုတာ"

မိန်းမနှစ်ယောက်သာ ဦးဆောင်ပြီး စကားပြောနေကြသည်။ ဦးဘတင်နှင့် သူ့သမီးလပြည့်ချိုတို့ကတော့ သူတို့အချင်းချင်းတိုးတိုးတိုးတိုးပြောနေကြ၏။ ဒေါ်နှင်းဆီယောကျ်ား ဦးသန်းဆွေမှာမူ အမျိုးသမီးနှစ်ယောက်စကားပြောနေသည်ကို အကြောင်သားလေးငေးကြည့်နေသည်။ ဤသည်ကို သတိပြုမိသွားသော ဒေါ်ခင်မကြီးက ဦးသန်းဆွေဖက်လှည့်ပြီး . . .

"ကိုသန်းဆွေ၊ စကားလေးဘာလေး ဝင်ပြောဦးလေ"

စကားစလိုက်သည်။ ဒေါ်နှင်းဆီက . . .

"ဆွယ်မနေ့ ခင်မကြီးရေ. . . သူက အဲဒီလိုပဲ စကားနည်းတယ်"

ဒေါ်ခင်မကြီးက. . .

"ဩော်. . . ဩော်"

ဟု ဆိုလိုက်ရာ ဦးသန်းဆွေက . . .

"ဟီး. . . ဟီး"

ဟု ရယ်ပြလေ၏။

ဒါကိုတွေ့သွားသော ဦးဘတင်က သူ့သမီးကို လက်တို့လိုက်ပြီး . . .

"တွေ့လား. . . အဖေပြောတဲ့အတိုင်းပဲ၊ 'အ' နေပါတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဖေ. . . ဟုတ်တယ်. . . ဟီး. . ဟီး"

ထိုစဉ် ဒေါ်ခင်မကြီးက ဒေါ်နှင်းဆီမျက်နှာကို အားနာသလိုကြည့်လိုက်ပြီး . . .

"နှင်းဆီတို့ကို အားတော့ အားနာတယ်ရှင်"

"ဘာကိုလဲ ခင်မကြီးရဲ့"

"ဟို. . . တည်းခိုဖို့လေ"

ထိုစကားကြောင့် လပြည့်ချိုတို့သားအဖ စိတ်ဝင်တစားနှင့် နားစွင့်လိုက်ကြသည်။

"အို. . . ဒါက ကိစ္စမရှိပါဘူး၊ ခင်မကြီးတို့မြို့ရဲ့ စည်းကမ်းပဲမဟုတ်လား"

"ဘုန်းကြီးကျောင်းမှာဆိုတော့လေ. . . အဲဒါ"

"ရပါတယ် ခင်မကြီးရယ်. . . ဘုန်းကြီးကျောင်းမှာဆိုတော့. . ဘုရားရိပ် တရားရိပ်နဲ့ ပိုတောင်ကောင်းသေး"

ပြောမယ့်သာပြောရသည်။ ဒေါ်နှင်းဆီမှာ သိပ်မတည်းချင်လှ။ သို့သော်လည်း မတည်းလို့က မဖြစ်ဘူးလေ။

"မနှင်းဆီတို့လို သိတတ်တဲ့လူမျိုးမို့ပေါ့. . . နို့မို့ဆို ဘယ်လွယ်မလဲ. . . အဲဒီလို လူမျိုးနဲ့ ခမည်းခမက်တော်ရတာ ကျွန်မအဖို့ သိပ်ကံကောင်းတာပဲသိလား"

ဒေါ်နှင်းဆီ ကျေနပ်သွားသည်။

ကျော်စံလေးက ဘာဆိုင်ညာမဆိုင် ရှက်ပြုံးလေး ပြုံးရင်းမျက်လွှာလေးချထားလိုက်သည်။ မသိရင် အခြောက်တစ်ယောက် ထိုင်နေပြီး 'အဟင့်'ဟုမလုပ်ရုံတမယ်ပင်ရှိသည်။ ဒေါ်ခင်မကြီးက

"ဘုန်းကြီးကျောင်းမှာတည်းရမှာဆိုတော့. . . ကျွန်မတို့ဆရာတော်နဲ့ ရှင်တို့စကားပြောရလိမ့်မယ်. . .၊ အဲဒီအခါကျရင်သာ ဆရာတော့်စကားကို စဉ်းစားပြီးမှ ဖြေ၊ စဉ်းစားပြီးမှ ပြောနော်၊ အဲဒါလေးတော့ မှာထားချင်တယ်"

"ဘာဖြစ်လို့လဲ ခင်မကြီးရဲ့"



"ကျွန်မတို့ ဆရာတော်က အတွေးသမားရှင့်. . .၊ ဒါကြောင့် သူနဲ့စကားပြောရင် ကတ်သီးကတ်သတ်တွေကြားရတတ်တယ်၊ ပြီးတော့ မေးခွန်းတွေလည်း မေးတတ်တယ်. . .၊ အဲဒါကြောင့် ဆရာတော်နဲ့စကားပြောရင် သူ့မေးခွန်းကို ဖြေနိုင်အောင် တော်တော်လေးကြိုးစားရတယ်. . . အဲဒါကြောင့်မို့ပါ"

"အို. . . ဒါကတော့ကိစ္စမရှိပါဘူး. . . ကျွန်မသားလေးရှိသားပဲ. . . သူက ဒဿနနဲ့ကျောင်းပြီးထားတာလေ. . . ဒါမျိုးတွေ ကျွမ်းပါတယ်"

"ဟယ်. . . တော်လိုက်တာ"

"ဂလု"

အသံထွက်လာပြန်သည်။

"ဩော်. . . ဒါနဲ့. . ."

ဒေါ်ခင်မကြီးက စကားစပြီးမှ တစ်ခုခုကိုတွေးမိပြီး စကားစကိုဖြတ်လိုက်သည်။ ထိုအခါ ဒေါ်နှင်းဆီက . . .

"ဘာလဲ. . . ခင်မကြီး"

"ဩော်. . . အင်း. . . ဘာမှမဟုတ်ပါဘူး. . . ရှင်တို့လည်းပင်ပန်းလာလို့ အနားယူချင်ယူပါလားလို့. . . ညနေလောက်မှပဲ ဘုန်းကြီးကျောင်းကို လိုက်ပို့ပေးမယ်လေ"

"အင်း. . . ကောင်းသားပဲ"

ဒေါ်ခင်မကြီးက ဘုန်းကြီးကျောင်းမှာ ရောက်နေသာ မင်းနေအကြောင်းကို သတိပေးမလို့ပဲ. . .။

ဒါပေမဲ့ တစ်ဖက်မှ စိတ်ခုသွားမှာစိုးသောကြောင့် မပြောဘဲ ထားလိုက်သည်။

ဤသည်ကိုရိပ်မိသော လပြည့်ချိုက . . .

"ဟိ. . . ဟိ"

ဟု ရယ်သည်။

"ဘာရယ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မကြီးက ပြန်ဟောက်သည်။

"မဟုတ်ပါဘူး မေမေ၊ ပျော်တွားလို့ပါ. . . ဂလု"

ဟု နောက်ပြောင်ရင်း အပေါ်ထပ်သို့ ပြေးတက်သွားသည်။

ဒါကိုကြည့်ပြီး ကြည်နူးနေသော ကျော်စံလေးက တပြုံးပြုံး၊ တပြုံးပြုံးနှင့် . . . ။

■

(၁၄)

"ဆရာတော်ဘုရား. . . ဆရာတော်ဘုရား"

ကျောင်းအောက်မှ လှမ်းခေါ်သံကြောင့် ဆရာတော်နှင့် မင်းနေမှာ စကားပြောခဏရပ်သွားသည်။

"ဘယ်သူတွေတုန်း"

"တပည့်တော် ခင်မကြီးပါဘုရား"

"အေး. . . အေး. . . တက်ခဲ့လေ ဒကာမကြီး"

ဤတွင် မင်းနေမှာ မီးဖိုချောင်ထဲသို့ ဝင်သွားလေသည်။

ဒေါ်ခင်မကြီးနှင့် ဧည့်သည်များ တက်လာကြသည်။ ဦးဘတင်နှင့် လပြည့်ချိုတော့မပါချေ။ လပြည့်ချိုက လိုက်မယ် လုပ်သော်လည်း ဒေါ်ခင်မကြီးက 'မလိုက်ရ'ဟု ဆိုသောကြောင့် လိုက်ခွင့်မရချေ။

ဦးဘတင်ကတော့ မလိုက်ချင်၍နေခဲ့ခြင်းဖြစ်သည်။

ကျောင်းပေါ်ရောက်သောအခါ ဒေါ်ခင်မကြီးက ဟိုကြည့်သလို၊ ဒီကြည့်သလိုနှင့် မင်းနေကိုရှာသည်။ မတွေ့တော့မှ စိတ်ချသွားသလို ပုံစံဖြင့် ဆရာတော်အား ရှိခိုးလိုက်သည်။

"ဒကာမကြီး. . . ဧည့်သည်တွေလာပို့တာလား"

"တင်ပါ့ဘုရား. . တပည့်တော်ရဲ့ခမည်းခမက်လောင်းတွေပါ ဘုရား"

ဆရာတော်က မည်သို့မျှ ပြန်မမိန့်ချေ။

"အဲဒါ . . . သူတို့တွေက မင်္ဂလာဆောင်ပြီးမှ ပြန်ကြမှာပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . ဘုန်းကြီးဆီမှာတော့ ကြိုက်သလောက် တည်းနိုင်တယ်. . . ဒါနဲ့ ဒကာတို့က ဘယ်မြို့ကလာကြတုန်း"

ဒေါ်နှင်းဆီက သူ့သားကို လက်တို့လိုက်သည်။ 'ဖြေလေ'ဆိုသည့် သဘော. . .။ ကျော်စံလေးကလည်း ရင်ကို ကော့ မျက်နှာကိုမော့ကာ . . .

"တပည့်တော်တို့က ဒီမြို့နဲ့ အတန်ငယ်ဝေးတဲ့ 'ပျော်စရာရွှင်စရာ'မြို့တော်မဟာလို့ ပြောကြတဲ့ မြို့ကလာတာပါ ဘုရား"

"ဒါဆို ဒကာလေးတို့မြို့က မြို့သူ မြို့သားတွေဟာ နာမည်နဲ့လိုက်အောင် ပျော်ရွှင်ကြရဲ့လားကွဲ့"

"ပျော်တယ်လို့တော့ ထင်တာပဲ ဘုရား"

ဆရာတော် မျက်မှောင်ကျုံ့သွားသည်။ ပြီး . . .

"ထင်တာပါပဲဆိုတော့ တကယ်မသိဘူးပေါ့"

"သိတော့ သိပါတယ် ဘုရား. . . ဟို"

ကျော်စံလေးမှာ စကားတွေ ထစ်ထစ်ငေါ့ငေါ့ဖြစ်ကုန်သည်။ ဘာပြောလို့ ပြောရမှန်း မသိတော့ချေ။ သူ့မာမီကိုလည်း 'ဘယ်လိုပြောရမလဲ'ဟူသော ပုံစံဖြင့် မျက်ခုံးလေးပင့်ကာ မေးလိုက်သည်။

ကြည့်ကျက်ဖြေ'ဟူသော အဖြေသာရသည်။ ဆရာတော်က

"ဒကာလေး သိတယ်ဆိုတော့ . . . ဘုန်းကြီးတစ်ခု မေးရဦးမယ်"

ကျော်စံလေး တွန့်သွားသည်။

သို့သော် . . .

"မေးပါ ဘုရား"

"အင်း. . . လူတစ်ယောက် ပျော်နေသလား၊ မပျော်ဘူးလားဆိုတာကို ဘယ်လိုလုပ်သိသလဲ"

ကျော်စံလေး မျက်နှာမှာ ပြုံးရောင်သန်းသွားသည်။



ထို့နောက် 'ဒါလေးများ ဆရာတော်ရယ်'ဟူသော အကြည့်ဖြင့် ဆရာတော်အား ကြည့်လိုက်ပြီး . . .

"ရယ်နေတဲ့လူတွေ့ရင် ပျော်နေတဲ့လူ. . . ငိုနေတဲ့လူ (ဒါမှမဟုတ်) ရှုံ့မဲ့မဲ့ဖြစ်နေတဲ့သူဆိုရင် ဝမ်းနည်းနေတဲ့လူလို့ ခွဲခြားပြီး သိနိုင်ပါတယ်ဘုရား"

ဆရာတော်က ကျော်စံလေးကို စူးစိုက်ကြည့်သည်။ ပြီး. . . မေးခွန်းတစ်ခုမေးလိုက်သည်။

"ဒါဆို . . . ဘုန်းကြီး အခုပျော်နေသလား၊ ဝမ်းနည်းနေသလားဆိုတာကို ဖြေနိုင်မလား ဒကာလေး"

ကျော်စံလေး ကြောင်သွားသည်။ ခေါင်းကိုလည်း မသိမသာကုတ်၏။ ထို့နောက် ဆရာတော့်မျက်နှာကိုကြည့်လိုက်ပြန်သည်။

ဆရာတော့်မျက်နှာက ခပ်တည်တည်ပင်။ မပြုံးလည်း မပြုံး. . . မမဲ့လည်း မမဲ့။

ဝေခွဲရခက်သွားသည်။ ဒေါ်ခင်မကြီးတို့ကလည်း ကျော်စံလေး ဘယ်လိုဖြေမလဲဟု စိတ်ဝင်တစားကြည့်နေကြသည်။ ကျော်စံလေးဇောချွေးတွေပြန်လာသည်။

"ဂရု"

တံတွေးမျိုချသံ 'ဂလု'မှ 'ဂရု'ပင်ဖြစ်သွားသည်။ ကဲ. . ဖြစ်ချင်ရာဖြစ်ဆိုပြီးတော့. . .

"ဟို. . . ဆရာတော်က . . ."

ဆိုပြီး စကားက တို့လို့တန်းလန်းနှင့် ရပ်သွားသည်။

"ပြောလေ ဒကာလေး၊ ဆရာတော်က ဘာဖြစ်လဲ"

ကျော်စံလေးက ကြောက်ကြောက်ရွံ့ရွံ့နှင့်

"ဟို. . . မသိပါဘူး ဘုရား"

ဆရာတော် တစ်ချက်ပြုံးလိုက်ပြန်သည်။ ပြီး . . .

"ဆရာတော်ဆီကို ဟိုတစ်ရက်, နှစ်ရက်လောက်တုန်းက ရောက်နေတဲ့ ဧည့်သည်လေးတစ်ယောက်ရှိတယ်. . . အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဒကာလေးရဲ့အတွေးတွေက မဆိုးဘူးကွဲ့"

ဒေါ်ခင်မကြီးရဲ့စိတ်တွေ ဂနာမငြိမ်ဖြစ်သွားသည်။ ဆရာတော်က ဆက်ပြီး . . .

"အင်း . . . ဒီကိစ္စလေးနဲ့ ပတ်သက်ပြီး သူဘယ်လို ဖြေမလဲမသိဘူး၊ နောက်ပြီး ဒကာတို့နဲ့လည်း မိတ်ဆက်ပေးရဦးမယ်"

ထိုသို့ပြောပြီးနောက် ဆရာတော်သည် ကျောင်းအောက်သို့လှမ်းအော်သည်။

"ဒကာမင်းနေ . . . ခဏလာပါဦး"

"လာပါပြီဘုရား . . . လာပါပြီ"

မင်းနေ၏အသံကိုကြားလိုက်ရသည်။ ထို့ကြောင့် ဒေါ်ခင်မကြီးမှာ မျက်နှာထားတင်းတင်းလေးပြင်လိုက်သည်။

မင်းနေ ဝင်လာသည်။ ဒေါ်ခင်မကြီးက လှမ်းကြည့်၏။ မင်းနေက ပြုံးပြလိုက်သည်။ ဒေါ်ခင်မကြီးက 'ဟင်း'ဆိုပြီး မဲ့ကာရွဲ့ကာနှင့် တစ်ဖက်လှည့်သွားသည်။

တစ်ခုသေချာသည်က ဒေါ်ခင်မကြီး မင်းနေကို မမှတ်မိခြင်းဖြစ်သည်။

"ထိုင်ပါဦး . . . ဒကာမင်းနေ"

"တင်ပါ့"

"ဒီက ဒကာတွေက ဒေါ်ခင်မကြီးရဲ့ ဧည့်သည်တွေကွဲ့"

မင်းနေ ဘာမှပြန်မပြောသေးဘဲ ငြိမ်၍ နားထောင်နေသည်။

"အဲဒါ . . . စကားပြောနေတုန်း ကိစ္စလေးတစ်ခု ရောက်သွားတော့ ဒကာသာဆိုရင် ဒီနေရာမှာ ဘယ်လိုဖြေမလဲ သိချင်လို့ လှမ်းခေါ်လိုက်တာပါ"

"ဘယ်လိုကိစ္စမျိုးလဲ ဘုရား"

မင်းနေက ဆရာတော်အား လျှောက်လိုက်သည်။ ဆရာတော်က . . .



"ဒီလိုပါ . . . ဒီဒကာ,ဒကာမတွေက 'ပျော်စရာ၊ ရွှင်စရာမြို့တော်မဟာ'လို့ ပြောကြတဲ့ မြို့မှာနေတယ်၊ အဲဒီမှာ ဘုန်းကြီးက ပျော်နေတဲ့လူ၊ ဝမ်းနည်းတဲ့လူကို ဘယ်လိုခွဲခြားပြီး သိလဲလို့ မေးလိုက်တော့ . . . ဒီဒကာလေးက 'ရယ်နေတဲ့လူဆိုရင် ပျော်တဲ့လူ၊ ငိုနေတဲ့သူ (ဒါမှမဟုတ်) ရှုံ့မဲ့နေတဲ့သူဆိုရင် ဝမ်းနည်းနေတဲ့လူဆိုပြီး သိနိုင်တယ်တဲ့ . . .၊ ဒကာမင်းနေကော ပျော်နေတဲ့သူ၊ ဝမ်းနည်းတဲ့သူကို ဘယ်လိုခွဲမလဲ . . ဘုန်းကြီးကို ပြောပြပါဦး"

ဒေါ်ခင်မကြီးက မင်းနေကို မသိမသာစောင့်ကြည့်သည်။ ကျော်စံလေးက မင်းနေကို ဘုကြည့်ကြည့်သည်။ ဒေါ်နှင်းဆီနှင့် ဦးသန်းဆွေမှာတော့ မျက်လွှာချထားရင် မင်းနေစကားကို နားစွင့်ထားကြသည်။

"အများအားဖြင့်တော့ သူပြောသလို မှန်ပါတယ်ဘုရား၊ ဒါပေမဲ့ အတိအကျကြီးဆိုရင်တော့ မှန်လောက်မယ်မထင်ဘူး ဘုရား"

"ဆိုစမ်းပါဦး . . . ဘယ်လိုမျှားလဲ"

"ဒီကိစ္စနဲ့ဆိုင်လား မဆိုင်လားတော့ မသိပါဘူး ဘုရား၊ တပည့်တော်ပုံပြင်လေးတစ်ပုဒ်တော့ကြားဖူးပါတယ်"

"ဘာပုံပြင်လဲကွဲ့ . . . လုပ်စမ်းပါဦး"

အားလုံးစိတ်ဝင်စားသွားသည်။ ဒေါ်ခင်မကြီးပင် နားစွင့်မိသည်။

"ဒီလိုပါဘုရား . . . တစ်ခါတုန်းက 'အရယ်'ရယ်၊ 'အငို'ရယ် ဆိုပြီးတော့ ဝိညာဉ်နှစ်ဦးရှိတယ်တဲ့"

"အင်း . . . "

" 'အရယ်'ကတော့ ပျော်ရွှင်နေ၊ ဝမ်းသာနေတဲ့သူတွေရဲ့ ခန္ဓာကိုယ်ထဲမှာ လိုက်နေတယ် . . .၊ 'အငို'ကျတော့ ဝမ်းနည်းနေ စိတ်ပျက်နေတဲ့ လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာ လိုက်နေတယ်"

"အင်း . . . စိတ်ဝင်စားစရာပဲ ဆက်ပါဦး"

"သူတို့နှစ်ဦးဟာ လူတွေနိုးတဲ့အချိန်ကနေပြီး၊ လူ

www.burmeseclassic.com

www.burmeseclassic.com



တွေအိပ်တဲ့အချိန်အထိ လူတွေရဲ့ခန္ဓာကိုယ်ထဲမှာ လိုက်နေကြတယ်၊ အဲ. . . လူတွေအိပ်တဲ့အချိန်ရောက်ပြီဆိုရင်တော့ လူတွေရဲ့ ခန္ဓာကိုယ်ထဲကထွက်ပြီး သူတို့နှစ်ယောက်ဟာ တစ်နေရာမှာဆုံပြီး စကားပြောလေ့ရှိကြတယ်၊ 'အရယ်'ကလည်း သူဝင်ခဲ့တဲ့လူတွေအကြောင်းပြော၊ 'အငို'ကလည်း သူဝင်ခဲ့တဲ့ လူတွေရဲ့အကြောင်း ပြောကြရင်းနဲ့ပေါ့၊ ညတိုင်းညတိုင်း သူတို့တွေ အဲဒီလိုပဲ တွေ့ဆုံကြလေ့ရှိတယ်"

"အင်း. . . လူတွေမှာ အိပ်တဲ့အချိန်ဆိုရင် အပူအပင်သောကတွေ၊ ရယ်မောခြင်းတွေ မရှိဘူးလို့ဆိုလိုတာထင်တယ်"

ဆရာတော်က မှတ်ချက်ပြုသည်။ မင်းနေက ပုံပြင်ကိုဆက်ပြော၏။

"အဲဒီလိုနဲ့. . . ညဆိုရင်တွေ့လိုက်၊ မနက်မိုးလင်းပြီဆိုရင်ပြန်သွားလိုက်နဲ့ နေလာလိုက်တာ တစ်နေ့လည်းရောက်ရော ချိန်းထားတဲ့နေရာကို 'အရယ်'တစ်ယောက်ပဲရောက်သေးပြီး၊ 'အငို'ကတော့ရောက်မလာသေးဘူးဖြစ်နေတယ်၊ ဒါပေမဲ့. . . 'အရယ်'ကတော့စောင့်နေပါတယ်၊ ဒီလိုနဲ့ပဲ သန်းခေါင်ကျော်ပြီး တော်တော်လေးကြာမှ 'အငို'က ရုတ်တရက်ဆိုသလို ရောက်လာခဲ့တယ်၊ အဲဒီမှာ 'အရယ်'က အံ့ဩပြီး. . . 'ဘာဖြစ်လို့ နောက်ကျတာလဲ'မေးတော့. . . 'အငို'က. . . 'အဒေါ်ကြီးတစ်ယောက်ကွာ ဝမ်းနည်းလို့ဆိုပြီး တငိုတည်းငိုနေလို့ ငါမှာသူအိပ်ဘဲအထိ စောင့်နေရတယ်'လို့ ပြန်ဖြေတယ်၊ ပြီးတော့. . . သူတို့ရဲ့တစ်နေ့တာအကြောင်းတွေ ဆက်ပြောကြတာပေါ့"

မင်းနေက စကားကိုခဏရပ်ထားလိုက်ပြီး ဆရာတော့်ဘေးနားမှာချထားတဲ့ ရေနွေးအိုးထဲက ရေနွေးကို ခွက်နှင့်ငှဲ့ပြီးသောက်လိုက်၏။

"ဆက်ပါဦး. . . ဘယ်လိုဖြစ်သွားကြသလဲ"

ဒေါ်နှင်းဆီက အားမလိုအားမရနှင့် ဝင်မေးသည်။ ထို့ကြောင့် မင်းနေက. . .



"အဲဒီလို စကားပြောရင်းနဲ့ပဲ. . . အရယ်က အတွေးတစ်ခုရသွားတယ်. . . ဘာအတွေးလည်းဆိုတော့ 'သူနဲ့ အငိုနဲ့ နေရာချင်းသာလဲလိုက်မယ်ဆိုရင်' ဆိုတဲ့ အတွေးပေါ့. . .၊ သူက ဝမ်းနည်းတဲ့သူတွေဆီသွားမယ်. . . အငိုက ဝမ်းသာနေတဲ့သူတွေဆီသွားမယ်ပေါ့. . . ဒါနဲ့သူလည်း အငိုနဲ့ချက်ချင်းပဲ တိုင်ပင်လိုက်တယ်. . . . အငိုကလည်းသဘောတူတယ်. . . သူလည်းပဲ လူတွေဘယ်လိုဖြစ်သွားမလဲဆိုတာကို သိချင်နေတာကိုး. . . အဲဒီလိုနဲ့ လူတွေနိုးတဲ့အချိန်လောက်မှာ အရယ်က အငိုသွားနေတဲ့လမ်းကြောင်းကိုဦးတည်လိုက်ပြီး. . . အငိုကလည်း အရယ်ဦးတည်နေတဲ့ဖက်ကို ဦးတည်ပြီး ထွက်သွားကြတယ်"

ထို့နောက် မင်းနေက ရေနွေးသောက်ပြန်သည်။ ပြီးမှ ဆက်ပြော၏။

"အဲဒီလိုနဲ့ ညဖက်ရောက်တော့ အရင်နေရာမှာပဲ တွေ့ကြတယ်. . . နှစ်ယောက်စလုံးကလည်း အချိန်မှန်ပဲရောက်လာတယ်. . . အဲဒီမှာ အငိုက စပြောတယ်. . .၊ ပထမဆုံး သူ ထီပေါက်တဲ့ လူတစ်ယောက်ဆီမှာ ဝင်ပူးမိတယ်တဲ့၊ အဲဒီအခါမှာ ထီပေါက်တဲ့လူက ထီပေါက်လို့ဝမ်းသာပျော်ရွှင်နေရမယ့်အစား ထိုင်ငိုနေတော့တာပါပဲ. . .၊ ပါးစပ်ကလည်း 'ပျော်လို့. . . ဟီး. . . ဟီး. . . ပျော်လို့'ဆိုပြီး အဆက်မပြတ်ငိုနေတော့တာပဲ. . . အိမ်နီးနားချင်းတွေနဲ့ သူ့ဆွေမျိုးတွေက တော်တော်လေးအံ့ဩသွားတယ်. . . အဲဒါနဲ့ သူ့မိသားစုက စိတ်ဖောက်ပြန်သွားပြီအမှတ်နဲ့ စိတ်ရောဂါကုဆရာဝန်ဆီပို့လိုက်တယ်. . . ဆရာဝန်က အိပ်ဆေးတစ်လုံးထိုးပေးလိုက်တာနဲ့ အိပ်ပျော်ပျော်ချင်း သူ့ဆီကထွက်ပြီး အခြားသူတွေဆီဆက်ကူးသွားလိုက်တယ်'ဆိုပြီး အငိုက သူ့စကားကို အဆုံးသတ်လိုက်တယ်"

"ဟို. . . 'အရယ်' ကရော"

ဒေါ်နှင်းဆီက ဝင်မေးပြန်သည်။

" 'အရယ်'ကလည်း . . . 'အငို'နည်းတူ တွေ့ကြုံခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရတာပေါ့. . . ပထမဆုံးသူက သားလည်းဆုံး၊ ငွေလည်းဆုံးတဲ့ အဒေါ်ကြီးတစ်ယောက်ဆီဝင်ပူးတယ်. . . အဲဒီ့အဒေါ်ကြီးလည်း ငိုရမယ့်အစား 'တဟားဟား၊ တဟီးဟီး'နဲ့ဖြစ်တော့တာပေါ့. . . ဒါနဲ့ ရပ်ကွက်က လူတွေက အဲဒီအဒေါ်ကြီးကို ရူးသွားပြီထင်ပြီး ဆေးရုံပို့လိုက်ကြရော"

မင်းနေက စကားကို ခဏရပ်သည်။

ပြီးမှ ဆက်ပြော၏။

"သူတို့လည်း အဲဒီလိုလုပ်ရတာ တော်တော်လေး ပျော်သွားကြတယ်ပေါ့၊ အဲဒါကြောင့် မကြာခဏဆိုသလိုပဲ နေရာလဲလေ့ရှိတယ်၊ တစ်ခါတစ်ခါဆိုရင် သူတို့နှစ်ယောက်လုံးတွဲပြီးတော့ကို ဝင်သေးတာ၊ ဒါကြောင့် တငိုငို၊ တရယ်ရယ်လို့ဖြစ် လာတာ ထင်ပါတယ်ဘုရာ့. . . ငိုရင်းနဲ့ကို ရယ်နေတာလေ"

မင်းနေက စကားကို အဆုံးသတ်လိုက်သည်။ ဆရာတော်က မင်းနေရဲ့ပုံပြင်ကိုသဘောကျသွား၏။ ထို့နောက် ခေါင်းတဆတ် ဆတ်ညိတ်လိုက်ရင်း . . .

"အဲဒီတော့. . . ဒကာမင်းနေ ဆိုလိုချင်တာက"

"တပည့်တော်ထင်တာကို ပြောရမယ်ဆိုရင်. . . လူဆိုတာ စိတ်အခြေအနေ၊ အမူအရာ တသတ်မှတ်တည်းမရှိပါဘူး ဘုရား၊ သူတို့ရဲ့ပျော်ရွှင်မှုအတိုင်းအတာ၊ ဝမ်းနည်းမှုအတိုင်းအတာစိတ်အခြေအနေပေါ်မူတည်ပြီး အမူအရာမျိုးစုံကွဲပြားကြ ပါတယ် ဘုရား၊ ပြီးတော့ လူတွေရဲ့ တကယ့်စိတ်အခြေအနေကိုလည်း သူတို့ရဲ့ အမူအရာကို ကြည့်ပြီးတော့ ခွဲခြားလို့မရဘူး ထင်ပါတယ် ဘုရာ့"

"ဘယ်လိုဖြစ်လို့လဲ ပြောပါဦး"

"မိတ်ဆွေသူငယ်ချင်းတွေနဲ့ ဟေးလားဟားလား ပျော်ရွှင်နေတဲ့လူတစ်ယောက်ကိုကြည့်မယ်ဆိုရင်. . . အမူအရာကို ကြည့်ခြင်းအားဖြင့် ထိုသူပျော်ရွှင်နေမှန်းသိနိုင်ပါတယ်. . . ဒါပေမဲ့ အတွင်းစိတ်ထဲမှာတော့ သူဘယ်လိုဖြစ်နေမလဲဆိုတာတော့ ဘယ်သူမှမတွေ့နိုင်ပါဘူး. . . 'အိမ်ပြန်ရင် ဘယ်လိုများဖြစ်မလဲ၊ ကလေးတွေရော၊ မိန်းမတွေရော'စတဲ့ ပူပင်မှုတွေရှိချင်ရှိနိုင်ပါတယ်၊ လူဆိုတာကလည်း ဟန်ဆောင်ကောင်းတဲ့ အမျိုးပဲမဟုတ်လား ဘုရာ့"



"အင်း. . . ဟုတ်တော့ ဟုတ်ပါတယ်"

"အဲဒါကြောင့် လူတိုင်းလူတိုင်းမှာ နှစ်ဖက်ဆို တာ အမြဲတမ်းရှိတယ်လို့ ပြောတာပေါ့ ဘုရာ့"

"ဟေ. . . ဆိုစမ်းပါဦး"

"အချစ်ရှိရင် အချစ်နဲ့အတူတူ အမုန်းက ကပ်နေပါတယ်. . . အမုန်းရှိရင်လည်း အချစ်က ကပ်နေပါတယ်. . . ထို နည်းတူပဲ ပျော်ရွှင်မှုရှိရင် ပျော်ရွှင်မှုနဲ့အတူတူ ဝမ်းနည်းမှုဆိုတာလည်းကပ်နေတယ်. . . အဲဒီလိုပဲ ဝမ်းနည်းမှုရှိရင်. . . ပျော်ရွှင်မှုဆိုတာကလည်း လိုက်ကပ်နေတတ်ပါတယ်. . . ဒါကြောင့် ပျော်ရွှင်မှုကနေ ဝမ်းနည်းမှု၊ ဝမ်းနည်းမှုကနေ ပျော်ရွှင်မှု၊ အချစ်ကနေ အမုန်း၊ အမုန်းကနေ အချစ်ဆိုတာ ပြောင်းလဲမှုလွယ်တာပါ ဘုရာ့"

ဆရာတော်က ဘာမှပြန်မပြောဘဲ ပြတင်းပေါက်က နေတစ်ဆင့် အပြင်ကို ငေးကြည့်နေသည်။ မင်းနေရဲ့စကားကို တွေးနေပုံရသည်။

ကျော်စံလေး မျက်နှာက ရှုသိုးသိုးဖြစ်နေသည်။ မင်းနေကိုလည်း မကျေမနပ်ဖြင့် ကြည့်နေ၏။

ဒေါ်နှင်းဆီတို့ လင်မယားကတော့ ခေါင်းငိုက်စိုက်ချထားသည်။ ဒေါ်ခင်မကြီးက ဆရာတော်အား မော့ကြည့်လိုက်ပြီး

"တပည့်တော် ပြန်လိုက်ပါဦးမယ် ဘုရာ့"

ဆရာတော်ကလည်း ဒေါ်ခင်မကြီးကို မကြည့်ဘဲ

"အေး. . . အေး"

ဟု ဆိုသည်။ ဒေါ်ခင်မကြီးမှာ ဆရာတော်အား ရှိခိုးပြီး 'လှစ်ခနဲ'ပြန်သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ညဖက် လူခြေတိတ်နေသည်။ ဘုန်းကြီးကျောင်းတွင် မည်သည့်အသံမှ မကြားရချေ။

ထိုစဉ် ကျောင်းအပေါ်ထပ်မှ လူးလွန့်သံတစ်ချက် ကြားလိုက်ရသည်။

"အင်း. . . ဗိုက်နာလိုက်တာ"

ကျော်စံလေးအသံဖြစ်သည်။ ဗိုက်ကို နှိပ်ရင်း. . . လူးလိမ့်ရင်းနဲ့ပဲ ထပ်ညည်းနေပြန်သည်။ ထတော့ မထသေး။

ထို့နောက် မခံမရပ်နိုင်ဖြစ်လာသောကြောင့်လား မသိ။ ထထိုင်လိုက်၏။ ထထချင်း 'ငါဘယ်ရောက်နေတာလဲ'ဟု ကြောင်တောင်တောင်ဖြစ်နေသေးသည်။ နောက်မှ 'ဘုန်းကြီးကျောင်းမှာ အိပ်နေတာပါလား'ဆိုသည့် အသိက သတိပြန်ရသွားသည်။

ဗိုက်က ရစ်လာပြန်သည်။ ညက စားထားသော ပဲဟင်းက လက်စွမ်းပြလေပြီ . . .

"ဂွီ. . . ဂလီး. . . ဂလီး. . ဂွီ"

မခံမရပ်နိုင်တော့. . . ထို့ကြောင့် အိမ်သာသွားရန် ပြင်လိုက်သည်။

ထိုစဉ်. . .

"အူး. . . အူး. . . အူး"

ခွေးအူသံတွေ ထွက်ပေါ်လာသည်။ ကျော်စံလေး ပြန်ထိုင်လိုက်သည်။ သူက သရဲကြောက်တတ်သည်။



ယခု ခွေးအူသံတွေ. . . သရဲမျက်နှာ. . . ပေါက်ကရတွေ.တွေးရင်း . . . ကျော်စံလေး ရင်တွေတုန်လာသည်။ မသွားတော့ဟု ဆုံးဖြတ်ပြီး ပြန်အိပ်ရန် ကြိုးစားသည်။

"ဂွီ. . . ဂွီ"

ဗိုက်က အသံပေးပြန်သည်။ ကျော်စံလေးက သူ့ဘေးမှာ အိပ်နေသည့်သူကို တစ်ချက်ကြည့်လိုက်သည်။

မင်းနေ. . .။ ဟုတ်ပါသည်။ သူ့ဘေးနားမှာ အိပ်နေသူမှာ မင်းနေဖြစ်၏။ သူတို့နှစ်ယောက် အတူတူအိပ်ရပြီး သူ့မိဘတွေက အခြားတစ်နေရာမှာ အိပ်ရသည်။ ကျော်စံလေးမှာ မင်းနေကို အဖော်ခေါ်သွားရန် စဉ်းစားလိုက်၏။ ထို့ကြောင့် နှိုးရန်ပြင်လိုက်သည်။

"ဟေ့လူ. . . ဟေ့လူ. . . ခဏထဦးဗျ"

မင်းနေက မနိုးပေ။ နောက်တစ်ခေါက်ထပ်နှိုးပြန်၏။

"ဟေ့လူ. . . ဟေ့လူ. . . ထပါဦးဗျ"

မင်းနေထံမှ ညည်းသံတစ်ချက်ကြားလိုက်ရသည်။ ထို့ပြင် တစ်ဆက်တည်းခွေးအူသံပါ ပေါ်လာပြန်သည်။

"အူး. . . အူး. . . အူး"

ကျော်စံလေး ကြက်သီးဖြန်းဖြန်းထသွားသည်။

"ဟေ့လူ. . . ကျုပ်ကို အိမ်သာအဖော်လိုက်ခဲ့စမ်းပါ"

မင်းနေက မျက်လုံးကို ပွတ်ပြီးကြည့်သည်။

"ဘာလဲဗျာ၊ ခင်ဗျားကလည်း အိပ်လို့ကောင်းတုန်း"

"ကျုပ်ကို အိမ်သာအဖော်လိုက်ခဲ့စမ်းပါလို့"

"ဟာဗျာ. . . အိမ်သာအဖော်ကြီးတော့ မလိုက်ချင်ပါဘူး"

"ဟာ. . ခင်ဗျားကလည်း အိမ်သာကို ကျုပ်နဲ့အဖော်လိုက်ခဲ့စမ်းပါလို့ ပြောတာပါဗျ"

"အေး. . . အဲဒီလိုလုပ်စမ်းပါ. . . ဘယ်နှယ်"

"လိုက်မယ်. . . မှတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းရဲ့အောက်ဖက်ကိုဆင်းပြီး နောက်ဖေးဘက်ကိုလျှောက်လိုက်ရင် မြုံပုတ်နှစ်ခုရဲ့နောက်မှာ အိမ်သာတွေ့လိမ့်မယ်"

"လာ. . . သွားရအောင်ဗျာ"

"သွားလေ. . . ငါကတော့ အိပ်တော့မယ်"

"ခင်ဗျားပဲ လိုက်ခဲ့မယ်ဆို"

"ဘယ်တုန်းကပြောလဲ"

ပြောပြောဆိုဆို မင်းနေက တစ်ဖက်သို့ လူးလှိမ့်ရင်း ပြန်လှည့်သွားသည်။ ကျော်စံလေး စိတ်ညစ်သွား၏။ သူ့အမေတို့ကလည်း ဘယ်နားမှာ အိပ်နေမှန်းမသိ။ မှောင်မှောင်မည်းမည်းနှင့်ဖြစ်နေသည်။

ခွေးအူသံတွေကလည်း ကြားနေရပြန်သည်။ ဗိုက်ကလည်းနာလာ၏။ ထို့ကြောင့် မင်းနေကို မရမကခေါ်ရန် ဆုံးဖြတ်လိုက်သည်။

"ခင်ဗျားဗျာ. . လိုက်ခဲ့စမ်းပါ၊ ဟေ့လူ. . ထ. . ထ"

ဗိုက်ကိုဖိထားရင်း မင်းနေကို ဆွဲနှိုးသည်။ ဒီတစ်ခါ မင်းနေမှာ အိပ်ချင်မူးတူးနှင့်ပါလာလေ၏။

"အင်း. . ခင်ဗျားကလည်း သွားမယ်ဆိုရင်. . လက်နှိပ်ဓာတ်မီးယူလေ. . . လက်နှိပ်ဓာတ်မီး"

ဟု ဆိုလိုက်ပြီး 'ဘုန်းကနဲ'ပြန်အိပ်သွားသည်။

"ဟာ. . . ဒီလူ. . . ကျုပ်ဒီမှာ လက်နှိပ်ဓာတ်မီးတွေ့ပြီ. . . ပြန်ထတော့"

မင်းနေ ထလိုက်သည်။ ထို့နောက် အိပ်ချင်မူးတူးဖြင့် ကျော်စံလေးအနောက်မှ လိုက်သွားလေသည်။

"ခင်ဗျားကလည်းဗျာ. . . တစ်ယောက်တည်းသွားပြီးရော. . . ကျုပ်က အိမ်သာတက်ချင်တာ မဟုတ်ဘူးဗျ"

"ခင်ဗျားကို ဘယ်သူက အိမ်သာတက်ခိုင်းနေလို့လဲ၊ ကျုပ်သရဲကြောက်လို့ ခေါ်လာတာဗျ"

"သရဲ. . . ဟုတ်လား. . . သရဲ"



မင်းနေအသံကြောင့် ကျော်စံလေး လန့်သွားသည်။ လက်နှိပ်ဓာတ်မီးကိုလည်း ဟိုဟိုဒီဒီလျှောက်ထိုးမိ၏။ ပြီး. . .

"ဘာ. . . ဘာလဲဗျ. . . ခင်ဗျားကလဲ"

"ဘာမှမဟုတ်ပါဘူး. . . ခင်ဗျားက သရဲဆိုတော့ ကျုပ်က သံယောင်လိုက်ကြည့်တာပါ"

"မြန်မြန်လာဗျာ. . . ထွက်ကျတော့မယ်"

ကျော်စံလေးက ကျောင်းအောက်ကို ဓာတ်မီးထိုးရင်း ခပ်သွက်သွက်လေးဆင်းသည်။ မင်းနေက နောက်မှ ကပ်ပါလာ၏။

အိမ်သာနားရောက်တော့ ကျော်စံလေးက လက်နှိပ်ဓာတ်မီးပိတ်ပြီး အိမ်သာထဲသို့ ဝရုန်းသုန်းကား ဝင်လိုက်၏။

"ဟေ့လူ. . . ဒီမှာ ခဏစောင့်ဦးနော်"

"ဓာတ်မီးပေးခဲ့လေဗျာ"

"ဟာ. . . ကျွန်တော်ပဲ ယူထားလိုက်မယ်"

မင်းနေက ဘာမှပြန်မပြောဘဲ အိမ်သာနဲ့ မလှမ်းမကမ်းတွင် ငုတ်တုပ်ထိုင်လိုက်သည်။ အိမ်သာထဲမှ အသံဗလံများထွက်လာ၏။ ထို့နောက် လူအသံထွက်လာပြန်သေးသည်။

"ဟေ့လူ. . . ခင်ဗျား ဘယ်မှာလဲဗျ"

မင်းနေ၏ပြန်ဖြေသံမကြားရချေ။ ကျော်စံလေး ထိတ်လန့်သွားသည်။ ထို့ကြောင့် နောက်တစ်ခေါက်ထပ်ခေါ်၏။

"ဟေ့လူ. . . ဘယ်မှာတုန်း"

ထိုအခါမှ မင်းနေ၏အိပ်ချင်မူးတူးအသံပေါ်လာသည်။

"ကျုပ်ရှိပါတယ်ဗျ. . . ဘာဖြစ်လို့ ဒီလောက်တောင် အော်နေရတာလဲ. . . ဒီမှာ ခြင်ကိုက်ရတဲ့အထဲ"

"သြော်. . . ခင်ဗျားပြန်သွားပြီလားလို့ပါ"

"စကားသိပ်မများနဲ့ဗျ. . . မြန်မြန်လုပ်ပါ"

"ဒါတော့ သည်းခံပါဗျာ. . . ကျုပ်က အိမ်သာတက်ရင် အရမ်းကြာတတ်တာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်. . . သေပြီ"

ယောင်ပြီး ကိုယ့်နဖူးကိုယ် ရိုက်လိုက်သည်။ တော်တော်လည်း စိတ်ညစ်သွား၏။ လိုက်ပြီးမှတော့ မထူးပါဘူးလေဆိုပြီး ခြင်တွေကိုတဖျတ်ဖျတ်နဲ့ ရိုက်ရင်း ထိုင်စောင့်နေလိုက်သည်။

"ဒါနဲ့. . . စပ်စုတယ် မထင်ပါနဲ့၊ ဒီမြို့ကို ဘာလာလုပ်တာလဲဗျ"

အိမ်သာထဲမှ လှမ်းမေးသည်။ မင်းနေမှာ ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွား၏။

"အဲ. . . ဟို. . . အလျှုတစ်ခုလာတာပါ"

"ဩော်. . . အင်း. . . အင်း"

သူ့ကိုများ ပြန်ပြောတာလား (ဒါမှမဟုတ်) အင်. . . အင်း. . . ညစ်တာလားမသိ။ အသံက မပီဝိုးတဝါးထွက်လာသည်။ ခဏကြာတော့မှ ကျော်စံလေးက စကားဆက်ပြန်သည်။

"ကျုပ်ကတော့ ဒီမှာ မိန်းမယူဖို့လာတာဗျ"

ခြင်ကို ဖျန်းကနဲရိုက်လိုက်သည်။

"ဟဲ. . . အခုတော့ သေပြီမှတ်လား"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ခင်ဗျားကို ပြောတာမဟုတ်ပါဘူး. . . ခြင်ကို ပြောတာ"

"ဩော်. . . မသိပါဘူးဗျာ. . . ကျုပ်ကိုပြောတယ် အောက်မေ့လို့. . ဘာပဲဖြစ်ဖြစ်ဗျာ. . . သေမယ့်သေ ကောင်မလေး ချောချောလေးရပြီးမှာ သေပါရစေ. . . ဟဲ. . . ဟဲ"

မင်းနေမှာ အောင့်အီးသည်းခံပြီး နားထောင်နေရသည်။

"ဒါနဲ့ ခင်ဗျား. . ကျုပ်ကောင်မလေးကို မြင်ဖူးလားဗျ"

မင်းနေပြန်မဖြေချေ။ ထို့ကြောင့် သူကပင် ဆက်ပြောသည်။



"အင်းလေ. . . ခင်ဗျားက ဧည့်သည်ပဲ ဘယ်မြင်ဖူးမှာလဲ. . .၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာတော့မဟုတ်ဘူး. . . ကျုပ်ယူမယ့် ကောင်မလေးက အရမ်းလှတယ် သိလား၊ အသားလေးက ဘယ်လိုပြောရမလဲ. . . အင်း. . . သိပြီ. . . သိပြီ. . . ကဗျာဆရာတွေဖွဲ့သလိုမျိုး 'ဝါဝင်းမှုံညက်'နေတာပဲဗျို့"

ထိုစဉ်ကျောင်းပေါ်မှ လက်နှိပ်ဓာတ်မီးရောင်ကို မင်းနေတွေ့လိုက်ရသည်။

"ဒါတောင် သူ့ရဲ့ဆံကေသာလေးကို မပြောရသေးဘူး၊ 'ပိတုန်းရောင်ကေသာ'ဆိုတဲ့စကားဟာ သူ့ဆံပင်နဲ့သိပ်လိုက်ပဲ"

ဓာတ်မီးရောင်သည် ကျောင်းအောက်ထပ်သို့ ဆင်းစပြုနေလေပြီ. . .။

"ဟာ. . . ခင်ဗျားကို ပြောဖို့မေ့နေတယ်. . . မြန်မြန်လုပ်ဗျို့"

"ဘာ. . . ဘာလဲဗျ"

ကျော်စံလေးက ကြောက်ကြောက်လန့်လန့်နှင့် ပြန်မေးသည်။

"မ. . . မပြောချင်ပါဘူးဗျာ. . . အခု. . ခင်ဗျားက 'ပိတုန်းအရောင်'လို့ဆိုလိုက်မှ ကျုပ်. . . သ. . တိ. . ရ. . လို့ပါ"

မင်းနေက အထစ်ထစ်အငေါ့ငေါ့နှင့်ပြောသည်။

"ဘာ. . . ဘာလဲဗျ. . . ပြောစမ်းပါ"

ကျော်စံလေးကပါ အသံတွေတုန်နေသည်။

"ပြောရင်. . . ခင်ဗျားက ယုံမှာမဟုတ်ဘူးဗျ"

"ယုံ. . . ယုံပါတယ်ဗျ. . .၊ ပြော. . . ပြောမှာသာ ပြောစမ်းပါ"

"ပြောတောင် မပြောချင်ဘူးဗျာ. . ပြောရမှာတောင် ခပ်ကြောက်ကြောက်ပဲ"

မပြောချင်ပါဘူးဆိုမှ ကျော်စံလေးက သိပ်သိချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောဗျာ. . . ကျုပ်. . . ကျုပ်တောင် မကြောက်ပဲ ခင်. . . ခင်ဗျား. . . ပြောဗျာ"

"ပြီးရောနော်. . . နောက်မှ ကျုပ်အဆိုးမဆိုနဲ့"

"အင်းပါ"

ကျောင်းပေါ်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ခတ်မီးရောင်က ကျောင်းအပေါ်ထပ်မှ အောက်ဖက်သို့ ရွေ့လျားလာနေပြီဖြစ်သည်။

"ဒီလိုဗျ. . ဒီကျောင်းမှာ အလင်းရောင်သရဲရှိတယ်"

"ဘာ. . . သရဲ. . . အလင်းရောင်သရဲ ဟုတ်လား"

"ဟာဗျာ. . . ဖြည်းဖြည်းအော်စမ်းပါ. . သရဲကြားသွားပါဦးမယ်"

"အီး. . . ဟုတ်တယ် တရဲကြားတွားလိမ့်မယ်"

စကားများပင် မပီချင်တော့. . .။

"အင်း. . . ဟုတ်တယ်. . . အဲဒီသရဲက ညဖက်မှ ထွက်တာ. . . အလင်းတန်းကြီးလိုလို၊ ဘာလိုလိုနဲ့ အရင်လာတာ. . . အမလေး. . . ပြောရင်းနဲ့တောင် ကြက်သီးထလာပြီ"

ပြောပြောဆိုဆို မင်းနေက ကျောင်းဖက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ ခတ်မီးရောင်မှာ ကျောင်းလှေကားအောက်သို့ ရောက်နေလေပြီ။

"ခင်. . . ခင်ဗျားကလည်း ဟုတ်လို့လား"

"ဟာ. . . ကျုပ်ကိုယ်တွေ့ဗျ. . . တစ်နေ့ ကျုပ်လည်း ခင်ဗျားလိုပဲ အိမ်သာတက်နေတုန်း အလင်းတန်းမီးလုံးကြီး. . . အီး. . ကြောက်တောင် ကြောက်လာပြီ"

ကျော်စံလေး တုန်လှုပ်သွားသည်။ ထတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ဤတွင် မင်းနေ၏အသံကိုကြားလိုက်ရသည်။

"ဟာ. . . အလင်းတန်းကြီး. . . အလင်းတန်းကြီးလာ. . . လာနေပြီ"



ကျော်စံလေးမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။

ဒီအတိုင်းပဲ ထွက်ရတော့မလို. . .။ ဟိုဒင်းပြုပြီးမှပဲ ထွက်ရတော့မလိုဖြစ်သွား၏။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်သွားသည်။

"ဟော့လူ. . . ဟော့လူ"

ကျော်စံလေးက တိုးတိုးလေးလှမ်းခေါ်သည်။ ပြန်ထူးသံမကြားရ။ ကျော်စံလေး တုန်လှုပ်သွားပြန်သည်။ အလင်းတန်းကြီးလာနေပြီတဲ့။

ခတ်မီးနှင့်ထိုးကြည့်ရန် စဉ်းစားလိုက်သေးသည်။ မဖြစ်သေး. . .။ သရဲက သူ့ကိုတွေ့သွားလိမ့်မည်ဟု တွေးမိကာ ဒီအတိုင်းပဲ ငုတ်တုတ်ထိုင်နေလိုက်သည်။

မတုန်မလှုပ်. . .။ ဘာမှလည်း လုပ်လို့ ကိုင်လို့မရ။

တဆတ်ဆတ်တုန်လာသည်။ မင်းနေလည်း ဘယ်ရောက်သွားပြီမသိ။

ထိုအချိန်တွင် ကျောင်းအပေါ်ထပ်မှ ဆင်းလာသော ခတ်မီးရောင်သည် အိမ်သာဆီသို့ ဦးတည်ပြီးလာနေသည်။

အိမ်သာနားရောက်ခါနီးမှာ ဘာစိတ်ကူးပြောင်းသွားသည်မသိ။ ခတ်မီးပိတ်လိုက်လေ၏။ ပြီး. . . အိမ်သာဆီသို့ ဆက်လျှောက်လာလေသည်။

ကျော်စံလေးမှာ အပြင်ထွက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ကိစ္စကို အပြီးသတ်ရန်အတွက် ရေကိုအသုံးပြုလိုက်၏။

ခတ်မီးရှင်သည် ရေသံကိုကြားလိုက်ရ၍ အိမ်သာရှေ့မှာ တုန့်ကနဲရပ်သွားသည်။ အိမ်သာထဲက ဘာလဲဟု သိရန်အတွက် ခတ်မီးထိုးဖို့ ပြင်လိုက်၏။

ကျော်စံလေးမှာ တုန်နေလေပြီ။ ရေနဲ့ကိစ္စပြီးပြီးချင်း တံခါးကို ဖွင့်လိုက်ရာ. . .

www.burmeseclassic.com

www.burmeseclassic.com



ခါတ်မီးရောင်ကလည်း အလင်း. . .

"ဗျုန်း"

"အမလေး. . အရင်းရောင်တရဲ. . . အရင်းရောင်တရဲ"

အိမ်သာထဲမှာ မေ့လဲသွားသည်။

"သားလေး. . . အမလေး ငါ့သားလေး. . . လာပါဦး လာကြပါဦး"

ခါတ်မီးရှင်၏အသံထွက်ပေါ်လာသည်။ ဘုန်းကြီးကျောင်းပေါ်မှမီးများ တဖျပ်ဖျတ်လင်းလာလေ၏။

■

(၁၆)

"နင်. . . ငါပေးစားတဲ့ ယောကျ်ားပဲယူရမယ်"

ဒေါ်ခင်မကြီး၏အသံဖြစ်၏။ သူ့သမီးကို ပြောနေခြင်းဖြစ်သည်။ လပြည့်ချိုက . . .

"အမေ. . . သမီး အမေ့ကို ဗွီဒီယိုထဲက အတိုင်းပြန်ပြောပါတယ် အမေ"

ဒေါ်ခင်မကြီး ကြောင်တောင်တောင်ဖြစ်သွားသည်။ နားမလည်သည့် ဟန်ပန်ဖြင့် သူ့သမီးဖက်လှည့်လိုက်ကာ. . .

"ဗွီဒီယိုထဲက ဘာပြောလို့လဲ"

"ဩော်. . . သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့ဆိုတာလေ"

"ဘာ. . . "

အသံနည်းနည်းကျယ်သွားသည်။ ဦးဘတင်ကတောင် 'ဘာကွ'ကြော်ငြာကို တစ်မျိုးပြောင်းရိုက်တယ် ထင်ပြီး လှမ်းကြည့်၏။ မဟုတ်မှန်းသိ၍ ပြန်လှည့်သွားသည်။

"မိဘက လက်နဲ့ရေးတာကို၊ နင်က ခြေနဲ့ဖျက်တာပေါ့လေ"

ဒေါ်ခင်မကြီးက မျက်နှာကိုတင်းထား၊ ရင်ကိုကော့ထားပြီး ခပ်တင်းတင်းပြောပြန်သည်။ ဤတွင် လပြည့်ချိုက ခေါင်းငိုက်စိုက်ချလိုက်ကာ ဝမ်းနည်းသည့်ပုံစံဖြင့်. . .

"ဩော်. . . အမေရယ်. . . "

ဟု လေပြေလေးနဲ့ စကားစလိုက်သည်။ ဒေါ်ခင်မကြီးလည်း စိတ်ထဲစို့နင့်သွားသည်။ လပြည့်ချိုကပဲဆက်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ သမီးဟာ အမေမွေးထားတဲ့လူပါ အမေ. . . လူအစစ်ပါ. . . အဟင့်"

"ဟင်"

ဒီတစ်ခါတော့ ဒေါ်ခင်မကြီးမှာ 'ကြောင်တောင်တောင်'မဟုတ်တော့ဘဲ၊ ထို့ထက်ပိုဆိုးသည့် 'ကြောင်မတ်မတ်'ဖြစ်သွားသည်။

"အမေ. . . သမီးကို . . . အဟင့်. . လူလို့မထင်ဘဲခဲ. . . ခဲဖျက်လို့ထင်တော့. . . သမီး. . . သမီးက . . . ဝမ်းနည်းတာပေါ့အမေ. . . ဟီး. . ဟီး"

"အယ်"

ဒေါ်ခင်မကြီးမှာ ဘာပြောလို့ ပြောရမှန်းတောင် မသိဖြစ်သွားရသည်။ ထို့နောက် သတိပြန်ရမိပြီး ဒေါသတကြီးဖြင့်

"နင်က ငါ့ကို နောက်နေတာလား လပြည့်. . . ဟမ်. . နောက်နေတာလား. . ငါက နင့်အမေဆိုတာကိုရော နင်သိသေးရဲ့လား"

ပြန်မဖြေချေ။ ထိုအခါ ဒေါ်ခင်မကြီးက တင်းသွားပြီး

"ဟဲ့. . . လပြည့်. . . ၊ ငါမေးနေတယ်လေ. . ငါဟာ နင့်အမေဆိုတာကိုရော သိသေးရဲ့လားလို့"

လပြည့်ချိုက သူ့အဖေဘက်လှည့်လိုက်သည်။ ပြီး မေးလိုက်သည်။

"အဖေ. . . သမီး တကယ်ပြောလိုက်ရတော့မှာလား"

ဦးဘတင်က သူ့သမီးကို လှည့်ကြည့်သည်။ စိတ်မကောင်းသည့် လေသံလေးဖြင့် . . .

"အင်း. . ပြောရင်လည်း ပြောလိုက်ပါတော့ သမီးရယ်"

ဒေါ်ခင်မကြီး ရင်ထိတ်သွားသည်။ ဘာများဖြေမလို့လဲဟူသော စိုးရိမ်စိတ်ကလေးဖြင့် သူ့သမီးကိုကြည့်လိုက်ပြန်သည်။ အို. . ဘာပဲဖြစ်ဖြစ် ခပ်တင်းတင်းနေမှပဲဟုလည်း တွေးလိုက်ပြန်၏။



"အမေ"

ခေါ်သံကြားရသည်။ ဒေါ်ခင်မကြီးက ခပ်တင်းတင်းနှင့် . . .

"ဘာတုန်း"

"ဟုတ်ကဲ့"

"အင်"

အူကြောင်ကြောင်ဖြစ်သွားပြန်သည်။ ထို့နောက် ဒေါဖောင်းလာကာ

"ဒီမှာ လပြည့်"

"ရှင်"

"နင် ဘာတွေပြောနေတာလဲ"

"ဟင်. . . အမေ့စကားကို ပြန်ဖြေတာလေ"

"ဘယ်မှာ ဖြေလို့တုန်း"

"စောစောကပဲ ဖြေလိုက်တာလေ. . . ဟုတ်ကဲ့ဆိုပြီးတော့"

ထပ်ပြီးဘာပြောရမှန်းမသိအောင်ဖြစ်သွားရပြန်သည်။ ခဏကြာမှ စိတ်ကိုဆုံးဖြတ်ချက်ချလိုက်ကာ. . .

"အို. . . ဘာပဲပြောပြောလေ. . . ငါပေးစားတာပဲ နင်ယူရမယ်. . . ဒါပဲ"

လပြည့်ချိုက တစ်ချက်ရှိုက်ငိုသည်။ ဒေါ်ခင်မကြီးက မျက်နှာကိုတစ်ဖက်လွှဲထား၏။ ထို့နောက် လပြည့်ချိုက စကားစပြောပြန်သည်။

"အမေ"

"ဘာလဲ"

အသံတော့ နည်းနည်းပျော့သွားသည်။

"အမေ ပေးစားတဲ့သူကို သမီးယူမှ အမေစိတ်ချမ်းသာမယ်ဆိုရင်. . . သမီးယူပါ့မယ် အမေ. . . သမီးယူပါ့မယ်. . အဟင့်. . . ဟင့်"

www.burmeseclassic.com

www.burmeseclassic.com



"အို. . . သမီးရယ်"

ဒေါ်ခင်မကြီးက သူ့သမီးကို လှည့်ကြည့်လိုက်သည်။ ဗွီဒီယိုထဲကလို 'လိမ္မာလိုက်တဲ့ သမီးလေးရယ်'ဆိုသည့် ပီတိအကြည့်လေးနှင့်ဖြစ်၏။

"ဒါပေမဲ့. . . သမီးကိုတော့ အမေတစ်ခုလိုက်လျော ရမယ်"

"အင်. . . လုပ်ပြီ"

ဒေါ်ခင်မကြီး ပီတိမှာ ငုတ်တုတ်တုတ်ဖြစ်သွားသည်။ သို့သော် ဘယ်တတ်နိုင်ပါ့မလဲ။ သူက ကိုယ့်ဆန္ဒလိုက်လျောမှ တော့. . . သူ့ဆန္ဒက မခက်ခဲဘူးဆိုရင် ကိုယ့်ဖက်က ပြန်လိုက် လျော့ရမှာပေါ့"

"ကဲ. . ပြော. . .၊ ဒါပေမဲ့နော်. . . နင်ပြောသလို ဗွီဒီယိုထဲကအတိုင်း သမီးချစ်သူနဲ့ နောက်ဆုံးလေးတွေ့ပါရစေ ဘာညာဆိုရင်တော့ မရဘူးနော်. . . ဒါပဲ"

"မဟုတ်ပါဘူး အမေရယ်၊ အဲဒါတွေ မဟုတ်ရပါဘူး"

"ကဲ. . . ပြော. . . ဒါဆို ဘာလဲ"

"အမေ"

"အေး. . . ပြောဆို"

"သမီးက အိမ်ထောင်ပြုပြီးသွားရင်. . . အဲဒီလူကြီး နောက်ကို လိုက်သွားရမှာပေါ့နော်"

ကြေကြေကွဲကွဲလေးပြောသည်။

"အေးပေါ့"

"အမေတို့နဲ့ခွဲပြီး အဲဒီလူကြီးနောက်လိုက်သွားရမှာ ဆိုတော့. . . အမေ"

"ပြောလေ. . . သမီး"

"သမီး. . . ဆရာကြီးတင့်တယ်ရဲ့ လိုက်တော်မူဝတ္ထု ဖတ်ချင်တယ် အမေ"



"ဟမ်"

မထင်မှတ်သောစကားကြောင့် ဒေါ်ခင်မကြီး ခပ်ငေး ငေးလေးဖြစ်သွားသည်။

"အမှတ်တရအနေနဲ့ အဲဒီဝတ္ထုဖတ်ပြီးမှ သူနဲ့လက် ထပ်ပါရစေ အမေ. . . ခွင့်ပြုမယ် မဟုတ်လားဟင်"

ဒေါ်ခင်မကြီးမှာ စိတ်မကောင်း ဖြစ်သွားသည်။ ထို့ ပြင် ခေါင်းလည်းစားသွားသည်။ အင်းလေ. . . သူ့ဆန္ဒက ခက်မှ မခက်ဘဲဟု တွေးလိုက်ပြီး . . .

"ကောင်းပြီ. . . ညည်းကတိသာ ညည်းတည်ပစေ၊ ငါ စာကြည့်တိုက်မှာ သွားရှာပေးမယ်. . . အဲဒါရလို့ဖတ်ပြီးသွား ရင် ကျော်စံလေးနဲ့ လက်ထပ်ရမယ်. . . ဒါပဲ"

"ဟုတ်ကဲ့. . . လက်ထပ်ပါ့မယ်"

ထိုစဉ် ဒေါ်နှင်းဆီတို့ မိသားစု ဝင်လာလေသည်။ ဒေါ်ခင်မကြီးက ကျော်စံလေးခေါင်းမှ ပတ်တီးကြီးကို မြင်လိုက် သောအခါ. . .

"ဟဲ့. . . ဟဲ့. . . ဘာဖြစ်လာတာတုန်း. . . ခေါင်း မှာလည်း ပတ်တီးကြီးနဲ့ပါလား"

ဒေါ်နှင်းဆီက . . .

"မပြောချင်ပါဘူး ခင်မကြီးရယ်"

ဟု စကားစလိုက်ပြီး ဖြစ်ကြောင်းကုန်စင်ပြောပြလေ သည်။

ဒေါ်နှင်းဆီစကားဆုံးတော့ ဒီကိစ္စဟာ မင်းနေ တမင်သက်သက်လုပ်မှန်း သိလိုက်သည်။

ဒေါ်ခင်မကြီး ဒေါသလည်း ထွက်သွားသည်။

လပြည့်ချိုကတော့ တဟားဟားနှင့် ရယ်နေလေ ၏။ ဦးဘတင်က ပြုံးစိ. . ပြုံးစိနှင့်။ ဒါကိုတွေ့သွားသော ဒေါ်ခင် မကြီးက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . လပြည့်. . . ၊ အပေါ်ထပ်မှာ သွားနေစမ်း တကတည်း ဘယ်လိုဖြစ်နေလည်း မသိဘူး"

လပြည့်ချိုလည်း လျှာလေးတစ်လစ် တစ်လစ်လုပ်ကာ အပေါ်ထပ်ကို တက်သွားလေသည်။ ကျော်စံလေးကလည်း လိုက်ကြည့်ရင်း . . .

"ဂလု"

ဟု အသံမြည်လိုက်သေးသည်။

ထို့နောက် ဒေါ်ခင်မကြီးက သူတို့သားအမိကို တီးတိုးတီးတိုးပြောလိုက်၏။ စကားဆုံးတော့ ကျော်စံလေးက . . .

"ဒါဆို. . သူက သဘောတူပြီပေါ့နော်. . . အမလေး ဝမ်းသာလိုက်တာ. . . ဟိ. . ဟိ"

"သူဖတ်ချင်တဲ့ ဝတ္ထုဖတ်ပြီးမှတဲ့နော်"

"ဪ. . . ဘာခက်တာမှတ်လို့ စာကြည့်တိုက်သွားရှာ. . . အိုး. . ဟိုး. . လွယ်လွယ်လေး. . . ဂလု"

■

(၁၇)

"သမီးရေ. . . မြန်မာဝတ္ထုတွေထားတဲ့ ရည်ညွှန်းစင်က ဘယ်နားမှာလဲ မသိဘူး"

ဒေါ်ခင်မကြီးက စာကြည့်တိုက်ဝန်ထမ်းကောင်မလေးတစ်ယောက်ကို မေးလိုက်သည်။ ကျော်စံလေးက ဘေးဘီဝဲယာကို လျှောက်ကြည့်နေ၏။ စိတ်လောနေပုံရသည်။

"ဟိုဖက် ထောင့်လေးမှာပါရှင်"

ကောင်မလေးက ညွှန်ပြသည်။ သိသိချင်းပင် ဒေါ်ခင်မကြီးနှင့် ကျော်စံလေးတို့ ထိုနေရာသို့ အပြေးတစ်ပိုင်းသွားမိကြသည်။

ထောင့်တစ်ထောင့်တွင် ထောင်ထားသော စာအုပ်ကတ်တလောက်စင်ကြီးကိုတွေ့လိုက်ရ၏။ ဒေါ်ခင်မကြီးက . . .

"အန်တီက ဒီဖက်ရှာမယ်. . . မင်းက ဟိုဖက်က ရှာ၊ 'တင့်တယ်'ရဲ့ 'လိုက်တော်မူ'ဝတ္ထုနော်"

"ဟုတ်ကဲ့ . . . သိပါတယ် မေမေ"

'မေမေ'ဟု ဆိုလိုက်၍ ဒေါ်ခင်မကြီးမှာ ကျော်စံလေးကို ကြောင်ပြီးကြည့်လိုက်မိ၏။ ကျော်စံလေးက ရှက်ပြုံးလေးပြုံးရင်း. . .

"အဟီး. . . အစမ်းခေါ်ကြည့်တာပါ မေမေ"

"အဲ. . . ဟို. . . ရ. . . ရပါတယ်"

ဒေါ်ခင်မကြီးလည်း ဘာမှထပ်မပြောတော့ဘဲ ဟိုဖက်မှာရှိတဲ့ ကတ်တလောက်စင်ကြီးမှ စရှာလေသည်။ ကျော်စံလေး

www.burmeseclassic.com

www.burmeseclassic.com



က လည်း သူ့ဖက်အခြမ်းမှ 'စာရေးဆရာများ'ဆိုသည့် နေရာမှ ဝရှာ၏။

ပထမဆုံးတွေ့သည်မှာ ဆရာကြီးတက်တိုးဝတ္ထုတွေ။ ပြီး. . . ဆက်ရှာကြည့်ပြန်သည်။ တင်မြင့် ဝတ္ထုတွေကို တွေ့ပြန်သည်။

ထို့နောက်မှ . . .

"ဟာ. . . ဒီမှာ မေမေ. . . ဒီမှာ ဆရာကြီးတင့်တယ် ဝတ္ထုတွေ"

ကျော်စံလေးက ဝမ်းသာအားရအော်ပြောသည်။ စာကြည့်တိုက်ရှိလူများက သူ့ကို ဝိုင်းကြည့်ကြ၏။ ဂရုမစိုက်အား အခု အချိန်မှာ တင့်တယ်က သူတို့ချစ်ခြင်းအတွက် အရေးကြီးတယ် မဟုတ်လား။

"အင်း. . ဆရာကြီးတင့်တယ်ရဲ့ ချစ်သံသရာ၊ အဲ. . ပြီးတော့. . ချစ်မုံယို. . . လာလုလုငေး. . . လိုက်တော်မူ. . . အင်း. . နံပါတ်က . ."

ကတ်တလောက်နံပါတ်ကို မှတ်လိုက်၏။ ပြီး . . .

"မေမေ. . . ဒီမှာလေရပြီ. . . သွားမယ်"

ဒေါ်ခင်မကြီးကို လှမ်းပြောရင်း ကောင်တာဆီသို့ အပြေးအလွှားသွားလိုက်၏။ ဒေါ်ခင်မကြီးက အနောက်မှကပ် လိုက်လျှက်. . .။

"ညီမလေး. . . ဒီ. . ဒီစာအုပ်လေးရှာပေးပါ"

လက်ကတုန်နေသည်။ ကောင်မလေးက ကျော်စံလေး လှမ်းပေးသောစာရွက်ကိုကြည့်လိုက်၏။ ထို့နောက် ကျော်စံလေးကိုပြန်ကြည့်လိုက်ပြီး. . .

"ဆရာကြီးတင့်တယ်ရဲ့ လိုက်တော်မူစာအုပ်က မရှိဘူးအစ်ကို. . . ဟိုနေ့က လာငှားသွားတာ"

"ဘာ. . ."

ကျော်စံလေး မျက်နှာမှာ သရဲထက်ပိုပြီး ဆိုးသည့်



ပုံစံဖြစ်သွားသည်။ ပြီး. . . ကောင်မလေးကို ပြူးကြောင်ကြောင် နှင့်ကြည့်နေသေး၏။

ကောင်မလေးမှာ လန့်လာလေသည်။ ဤတွင် ဒေါ်ခင်မကြီးက ကြားဖြတ်၍. . .

"သမီး. . . အဲဒီစာအုပ်ကို ဘယ်သူငှားသွားလဲ သိလို့ရမလား"

ဒေါ်ခင်မကြီး၏အမေးကြောင့် ကောင်မလေးမှာ စဉ်းစားသလိုပြု၏။ ထို့နောက်. . .

"ဒါဆို ခဏနော်. . . အန်တီ"

ဟု ပြောပြီး ကောင်တာနောက်ဖက်သို့ လှစ်ကနဲ ဝင် သွားလေသည်။

ကျော်စံလေး 'ဟင်း'ကနဲ သက်ပြင်းချလိုက်၏။ ခဏ ကြာတော့ ကောင်မလေးပြန်ထွက်လာပြီး . . .

"ဆရာကြီး ဦးဘဝင်းနိုင် ငှားသွားပါတယ်ရှင်"

ဒေါ်ခင်မကြီး ပျော်သွားသည်။ ဒေါ်ခင်မကြီး၏ လက် ကနဲ. . . လက်ကနဲတက်သွားတဲ့အပြုံးကြောင့် ကျော်စံလေးက. . .

"မေမေနဲ့ သိလို့လား မေမေ"

ဟု ခပ်ချွဲချွဲလေး မေးလိုက်၏။

'သိတာပေါ့. . . သိတာမှ သိပ်သိ. . . လာ. . . သူ့ အိမ်သွားကြရအောင်. . . ကျေးဇူးပဲနော် သမီး"

ပြောပြောဆိုဆို ထွက်သွားကြလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ဦးဘဝင်းနိုင်အိမ်ရောက်တော့ တစ်အိမ်လုံးတံခါး ပိတ်ထားသည်။ အိမ်နီးနားချင်းတစ်ယောက်က ဦးဘဝင်းနိုင်တို့ မိသားစု ဘုန်းကြီးကျောင်းမှာဟု ဆိုလိုက်၍ ဘုန်းကြီးကျောင်းသို့ သွားရပြန်သည်။

ဘုန်းကြီးကျောင်းကိုရောက်တော့ အလုပ်ရှုပ်နေသော ဦးဘဝင်းနိုင်ကို တွေ့လိုက်ရ၏။

ဦးဘဝင်းနိုင်က ဒေါ်ခင်မကြီးကိုတွေ့တော့ ဝမ်းသာအားရနှင့် . . .

"ဟော့. . . ဆရာမဟောင်းခင်မကြီး. . . ဘုန်းကြီးကျောင်းလာတာလား"

"ဟင့်အင်း. . . အဲ. . ဟုတ်တယ်"

ဒေါ်ခင်မကြီးက ယောင်နနနနှင့်ပြန်ဖြေသည်။ ဦးဘဝင်းနိုင်က ဒေါ်ခင်မကြီးတို့နှစ်ယောက်ကို ခုံတန်းတစ်ခုံစီသို့ ခေါ်သွားပြီး စကားစမြည်ပြောကြ၏။

"သူက. . . ကျွန်မသမီးနဲ့ လက်ထပ်ပေးမယ့် ကောင်လေးလေ. . . ကျော်စံလေးတဲ့"

ဒေါ်ခင်မကြီးက ကျော်စံလေးနဲ့ မိတ်ဆက်ပေးသည်။

"ဩော်. . အင်း. ဒါနဲ့ သူတို့က ဘယ်မြို့မှာနေတာလဲ"

"ကျွန်တော်က × × × × × မြို့မှာ နေပါတယ်"

"မနက်ဖြန် ဦးအလှူကိုလာခဲ့ဖို့ တစ်ခါတည်း ဖိတ်လိုက်ပါတယ်. . . ဒေါ်ခင်မကြီးတို့နဲ့လာခဲ့ပေါ့. . . ဟုတ်လား"



"ဟုတ်ကဲ့ပါ"

ထို့နောက် ဦးဘဝင်းနိုင်က ဒေါ်ခင်မကြီးဖက်လှည့်လိုက်ပြီး. . .

"ဩော်. , . ဒါနဲ့ နင့်သမီး မင်္ဂလာဆောင်က ဘယ်တော့ဆောင်မှာလဲ"

ကျော်စံလေးက ဘာမဆိုင်ညာမဆိုင် အိုးတိုးအမ်းတမ်းဖြစ်သွား၏။

"အင်း. . . ကျွန်မသမီး မင်္ဂလာဆောင်က သိပ်မလိုတော့ပါဘူး. . . ဒီဘုန်းကြီးကျောင်းမှာပဲဆောင်မှာဆိုတော့. . . ဆရာကြီးအလှူပြီးရင် တစ်ပတ်အတွင်းလုပ်မှာပါ"

"အင်း. . . ကောင်းပါတယ်"

ကျော်စံလေးက ဒေါ်ခင်မကြီးကို မျက်ရိပ်မျက်ကဲပြလိုက်၏။ ဒေါ်ခင်မကြီးက . . .

"ဩော်. . . ဒါနဲ့ ဆရာကြီး"

"ပြော"

"ဟို စာကြည့်တိုက်မှာ ဆရာများ စာအုပ်တစ်အုပ်လာငှားသွားလားလို့"

"ငါက . . . ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့"

ဦးဘဝင်းနိုင်မှာ ခပ်တွေတွေဖြစ်သွားသည်။ ထို့နောက် တစ်စုံတစ်ခုကို သတိရသွားပြီး . . .

"ဩော်. . ဟုတ်တယ်. . . ဟိုညီအစ်ကိုနှစ်ယောက်ကွာ. . . ဘယ်သူလဲ. . . ဩော်. . . သိပြီ. . . ငမျက်စိနဲ့ ငနားလေ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့. . . သိပါတယ်"

"အေး. . . သူတို့က ဖတ်ချင်တယ်ဆိုလို့ ငါစာကြည့်တိုက်ကာဒ်ပေးလိုက်တယ်၊ အင်း. . . သူတို့ငှားထားတာဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . သူတို့ကောဟင် ဆရာကြီး"

"အင်း. . . ငမျက်စိက စာသိပ်ဖတ်တတ်တာ မဟုတ်တော ငနားက ဖတ်ပြ၊ သူညီက နားထောင်နဲ့ တချောင်ချောင်မှာ ဖတ်နေကြမှာပေါ့. . . နေစမ်းပါဦး. . . ဘာကိစ္စရှိလို့လဲ ခင်မကြီး"

ဒေါ်ခင်မကြီးမှာ ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

"ဟို. . . ကိ. . . ကိစ္စရှိလို့ပါဆရာကြီး. . . သူတို့ ဆီက စာအုပ်လေးယူချင်လို့ပါ"

"သူတို့ ပြီးမှရော. . ."

"သူတို့က ဖတ်ပြနေတာဆိုတော့ ကြာမယ်ထင်တယ်၊ ပြီးတော့. . . ဟို. . ."

ဘာပြောရမှန်းမသိ၍ ရပ်သွားသည်။ ဒါကို ရိပ်မိသော ဦးဘဝင်းနိုင်က . . .

"ကဲ. . . ကဲ. . . ဒါဆိုလည်း သူတို့ကို ပြောကြည့်ပေါ့ဟုတ်လား. . . သူတို့ရှိမယ့်ဆီ မေးပေးမယ်"

"ဟုတ်ကဲ့. . . ဆရာကြီး ကျေးဇူးတင်ပါတယ်"

ဒေါ်ခင်မကြီးပျော်သွားသည်။ ကျော်စံလေးမှာ ပြုံးနေရာကနေ ဖြီးတောင် ဖြီးသွား၏။

"အုန်းမောင်. . . ဟိုညီအစ်ကိုနှစ်ယောက်ကော"

ဦးဘဝင်းနိုင်က ခပ်လှမ်းလှမ်းမှ ထင်းခုတ်နေသော အုန်းမောင်ကို လှမ်းမေးလိုက်သည်။ အုန်းမောင်က ထင်းခုတ်နေရင်းမှ ခဏရပ်ပြီး. . .

"ဗျာ. . . ဆရာကြီး ဘာလဲမသိဘူး"

"ဟို. . . ညီအစ်ကိုနှစ်ယောက်လေ၊ သူတို့ဘယ်မှာလဲလို့"

"ဩော်. . . ခုနကပဲ သူတို့အလုပ်ကိစ္စပြီးလို့ ဗန်ဒါပင်အောက်ခဏသွားဦးမယ်ဆိုပြီး ထွက်သွားတယ် ဆရာကြီး. . . ဘာဖြစ်လို့လဲ မသိဘူး"



"အေး. . . ဘာမှမဟုတ်ပါဘူး. . . . မေးကြည့်တာဆက် လုပ်တော့"

"ဒါဆို ကျွန်မတို့လိုက်သွားလိုက်ပါမယ် ဆရာကြီး"

"ဩော်. . . အေး. . . အေး"

သုတ်သုတ်သုတ်သုတ်နှင့် လျှောက်သွားသော ဒေါ်ခင်မကြီးနှင့် ကျော်စံလေးကိုကြည့်ရင်း ဦးဘဝင်းနိုင်မှာ သက်ပြင်းရှည်ကြီးချလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"ခရွေးရပင့်စသတ်ချစ်. . . ကြားလား ဟော့ကောင်"

"ကြားပါတယ်. . . အစ်ကိုကြီးသာ ကိုယ်မကြားတိုင်း အတင်းလျှောက်အော်နေတာ"

ဗန်ဒါပင်အောက်မှ ငနားနှင့် ငမျက်စိတို့၏အသံကို ကြားလိုက်ရသည်။ ဒေါ်ခင်မကြီးက . . .

"သားတို့. . . သားတို့. . ."

ဟု လှမ်းခေါ်သည်။ ထိုအသံကိုကြားတော့ ငနားက ငမျက်စိကို ဆတ်ကနဲကြည့်၏။

"မင်းကွာ. . . ကိုယ့်အစ်ကို,ကိုများ"

"ဟာ. . . ဘာလုပ်လို့လဲ"

"မင်း ငါ့ကို ဆဲတာလေ"

"ဘာဆဲလို့လဲ"

"မင်းပဲ. . . သေချင်းဆိုး. . သေချင်းဆိုး. . . ဆို"

"ဟာ. . မပြောရပါဘူး"

ဒေါ်ခင်မကြီးက သူတို့ရှေ့တွင် ရပ်လိုက်ရင်း. . .

"အန်တီခေါ်တာပါ သားတို့ရဲ့"

မျက်နှာချိုသွေးသည့်အသံလေးနှင့်ဖြစ်သည်။ ငနားနှင့် ငမျက်စိတို့က ဒေါ်ခင်မကြီးကို မော့ကြည့်လိုက်၏။ ကျော်စံလေးက ဒေါ်ခင်မကြီးဘေးနားတွင် ရပ်နေသည်။

"ဩော်. . . အန်တီဒေါ်ခင်မကြီး"

ငမျက်စိက ပြုံးတုံးပြုံးပြတဲကြည့်လိုက်သည်။ ပြီး. . .



အံ့ဩသွား၏။ ဒေါ်ခင်မကြီး၏ သူတို့အပေါ်ဆက်ဆံပုံက ပြေပြစ်နေခြင်းကြောင့်ဖြစ်သည်။ ဒေါ်ခင်မကြီးက . . .

"မင်းတို့ ဘာလုပ်နေကြတာလဲကွယ်"

အပြေပြစ်ဆုံးအနေအထားဖြင့် မေးသည်။ ဒါကို ငနားက မကြားလိုက်ရ၍ ငမျက်စိကို တံတောင်နှင့် တွတ်သည်။

"ဘာလုပ်နေတာလဲလို့ မေးတာ"

"ဩော်. . . အေး. . . ဖြေလိုက်လေ"

ငမျက်စိက ဒေါ်ခင်မကြီးကိုကြည့်လိုက်ပြီး

"ယတြာချေနေတာပါ အန်တီ"

"ဟေ"

ဒေါ်ခင်မကြီးနှင့် ကျော်စံလေးမှာ အံ့ဩသွားသည်။ မည်သို့ဆိုသော် သူတို့က စာဖတ်နေတာကိုပဲ တွေ့တာကိုး. . ။

"ဟို. . . အန်တီနားမလည်းဘူး. . . အန်တီတို့မြင်တာက သားတို့စာဖတ်နေတာပဲ မြင်တာ"

"အင်း. . . အဲဒါကိုက ယတြာချေနေတာပါ အန်တီ"

ဒေါ်ခင်မကြီးနှင့် ကျော်စံလေးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းကုတ်မိကြ၏။

"ဘယ်လို ယတြာချေတာလဲလို့ အန်တီ့ကိုရှင်းပြပါလား"

"ဩော်. . . ဒီလိုပါအန်တီ. . . ကျွန်တော်တို့ညီ အစ်ကို နှစ်ယောက်က အလုပ်မရှိ အကိုင်မရှိဆိုတော့ အိမ်က သိပ်မကျေနပ်ဘူးဖြစ်နေတယ်လေ. . . ကျွန်တော်တို့ကလည်း အလုပ်လုပ်ချင်နေပေမယ့် ကျွန်တော်တို့ကို ခိုင်းမယ့်လူမရှိဘူးဖြစ်နေတယ်"

"ဒါနဲ့ မီးသွေးအိတ်ပို့တဲ့ အလုပ်ကရော‌ကွယ်"

"အင်း. . . အဲဒါက. . . အဲဒီက အလုပ်သမားလေး နေမကောင်းလို့ခဏလုပ်ပေးတာပါ အန်တီ. . . အခု သူကလည်း နေပြန်ကောင်းသွားပြီဆိုတော့ ကျွန်တော်တို့လည်း ထိုင်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဆက်ပြောပါဦး"

"အဲဒါကြောင့် ကျွန်တော်တို့လည်း ကံများညွှံနေလား ဆိုပြီး ဗေဒင်သွားမေးတယ်. . . အဲဒီမှာ ဗေဒင်ဆရာက အလုပ်ရချင်ရင် ယတြာချေရမယ်တဲ့. . . အခုဒီစာအုပ်ကို အလုပ်မရမချင်း ဖတ်နေပါတဲ့. . . အလုပ်ရမှဆက်မဖတ်ပါနဲ့တော့တဲ့. . . အဲဒါကြောင့်မို့ပါ အန်တီ"

"ဒီစာအုပ်နဲ့ အလုပ်ရမှာနဲ့ ဘာဆိုင်လို့လဲကွဲ့"

"အဲဒါတော့ သေချာမသိဘူး အန်တီ. . . ဒါပေမဲ့ ဗေဒင်ဆရာကတော့ပြောတယ်. . . အလုပ်ရှင်နောက်ကို ကောက်ကောက်ပါအောင်လိုက်သွားရအောင်လို့ ခာတ်တူနာမ်တူဖြစ်သွားရအောင်ဆိုလားပဲ. . . ဒီစာအုပ်ဖတ်တဲ့. . .၊ ဘာဖြစ်လဲဆိုတော့ ဒီစာအုပ်နာမည်ကလည်း 'လိုက်တော်မူ' စာအုပ်လေ"

ဒေါ်ခင်မကြီးနှင့်ကျော်စံလေးမှာ စိတ်ညစ်သွားလေသည်။ သို့သော်လည်း ခပ်အေးအေးပင် စာအုပ်ကိုတောင်းကြည့်ရမည်။

"အန်တီကို တစ်ခုလောက် ကူညီပါလားကွယ်"

ဒီလိုလူမျိုးကို အောက်ကျနောက်ကျခံရတာ ဒီတစ်ခါပဲရှိသေးသည်။ တော်တော်ဒုက္ခပေးတဲ့ စာအုပ်ဟု ဖြစ်တင်မိ၏။

"ဘာများလဲ အန်တီ"

မျက်စိကပဲ ဖြေနေခြင်းဖြစ်သည်။ နေားက သူမကြားဘူးဆိုရင် မျက်စိကို တံတောင်နှင့် တွတ်လိုက်၊ မေးလိုက်လုပ်နေသည်။

"ဟို. . . အန်တီ့ကို ဒီစာအုပ်လေး တစ်ရက်နှစ်ရက်လောက်ငှားပါလားလို့"

နေားက မျက်စိကို တံတောင်နှင့်တွတ်ပြန်သည်။ မကြားဘူး. . . သူ့ကိုပြန်ပြောပြဆိုသည့်သဘော. . .။

"အစ်ကိုကြီး၊ ဒီစာအုပ်ကို သူတို့က လာငှားနေတယ်"



"ဘာ. . . ဒါဆို ဗေဒင်ဆရာမှန်တာပေါ့၊ ဒီကြားထဲ အခက်အခဲတွေ့မယ်တဲ့. . . ဘာပဲဖြစ်ဖြစ် စိတ်မရှိပါနဲ့ အန်တီ. . ဗေဒင်ဆရာက အလုပ်မရမချင်း ဒီစာအုပ်ကိုဖတ်နေရမယ် ပြောထားလို့ပါ. . . ဘယ်သူလာငှားငှား မပေးရဘူးဆိုပြီးလည်း မှာထားလို့ပါ"

ဒေါ်ခင်မကြီးက ကျော်စံလေးကိုကြည့်လိုက်သည်။ ကျော်စံလေး၏မျက်နှာမှာ ရှုံ့တွနေ၏။

"ဘယ်လိုလုပ်မလဲ မေမေ"

သူ၏အသံမှာ ဝမ်းချုပ်၍ ညှစ်သောအသံထက် ဆိုးသေးသည်။ ပျင်းတွဲတွဲ၊ ချွဲပျစ်ပျစ်နှင့် . . .။

"ဘယ်တတ်နိုင်မလဲ၊ ငှားလို့မရဘူးလို့ပဲ ပြောရမှာပေါ့"

"ဒီပြင်နေရာတွေမှာရော မရှိဘူးလား မေမေ"

"မရှိတော့ဘူး. . . ဒီမှာက စာအုပ်နဲ့ပတ်သက်ရင် ဒီစာကြည့်တိုက်ပဲရှိတာ. . .၊ စာအုပ်အရောင်းဆိုင်တွေ မှာလည်းရှိမှာမဟုတ်ဘူး. . . ဒီစာအုပ်က ရှားနေပြီ"

ထို့နောက် သူတို့နှစ်ယောက်မှာ ပြန်လာခဲ့ကြသည်။

ညီအစ်ကိုနှစ်ယောက်ကတော့ ဗန်ဒါပင်အောက်မှာ. . .။

■

www.burmeseclassic.com

www.burmeseclassic.com



"ဒါကလွယ်ပါတယ်. . . သူတို့က အလုပ်မရခင်သာ ဖတ်မှာပါ. . . အလုပ်ရရင် ဖတ်တော့မှာမဟုတ်ဘူး. . . ဒီတော့"

"ဒီတော့ ဘာဖြစ်လဲ မေမေ"

ကြားထဲက ဦးဘတင်မှာ သောက်မြင်ကပ်နေသည်။ ဒီကောင်. ငါ့မိန်းမကို မေမေ. . . မေမေနဲ့ခေါ်နေတာ တစ်ခုခု ပေးလိုက်ရသလိုမျိုးခံစားနေရတယ်ဟု လည်းတွေးနေ၏။

"ဒီတော့. . . ဟိုညီအစ်ကိုနှစ်ယောက်ကို ဒီအိမ်မှာ တောက်တိုမရခေါ်ခိုင်းလိုက်မယ်ဆိုရင် . . . သူတို့လည်း အလုပ်ရ ပြီ. . . ငါ့သမီးလည်း စာအုပ်ဖတ်လို့ရပြီ. . . အင်း. . . မင်္ဂလာ ဆောင်ပြီးလို့ သူတို့ကိုထုတ်ပစ်တာကတော့ နောက်အပိုင်းလေ"

"အိုး. . . မေမေ သိပ်တော်"

ဟု ဆိုပြီး ဒေါ်ခင်မကြီးကို ပြေးဖက်လေသည်။

■

(၂၀)

"ဟင့်အင်း. . . ဟင့်အင်း. . . အဲဒီစာအုပ်ကို သမီး မဖတ်ရရင် လက်မထပ်ဘူး. . သမီးလည်း သမီးကတိတည်အောင် ကြိုးစားမယ်. . မေမေတို့လည်း မေမေတို့ကတိတည်အောင် ကြိုးစားပေး"

"ဟဲ့. . . အခုဟာက ငှားမှငှားလို့မရတာ"

"မသိဘူး. . . သမီး အဲဒါတွေမသိဘူး. . .၊ သမီး မဖတ်ရရင် လက်မထပ်ဘူး ဒါပဲ"

ပြောပြောဆိုဆို ဆူဆူအောင့်အောင့်နှင့် အပေါ်တက် သွားသည်။ ဒေါ်ခင်မကြီးတောင် ပြန်ပြောဖို့အချိန်မရဖြစ်သွားသည်။

ဒေါ်နှင်းဆီကို မျက်နှာပူစွာကြည့်လိုက်၏။ ဒေါ်နှင်း ဆီကလည်း နားလည်လိုက်သည်။

"သမီးလေးက တစ်ဦးတည်းသော သမီးဆိုတော့ ဆိုး နွဲ့တာပေါ့ကွယ်. . . ကျွန်မတို့ကလည်း သည်းခံရမှာပေါ့"

"အင်း. . . ကျွန်မကိုက အလိုလိုက်ခဲ့မိတာပါရှင်"

"မေမေ. . . အဲဒါဆို ဘယ်လိုလုပ်ကြမလဲဟင်"

ကျော်စံလေးက ထုံးစံအတိုင်း ချွဲချွဲနွဲ့နွဲ့လေး ဝင်မေး ၏။ ဒေါ်ခင်မကြီးက. . .

"ဘယ်တတ်နိုင်မလဲကွယ်. . . သူ့အကြိုက်လိုက် လျှောရုံပေါ့"

"ဘယ်လိုလိုက်လျှောမှာလဲ မေမေ. . . ဟိုက စာအုပ် ပေးမှမပေးတာ"

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

ဆရာကြီးဦးဘဝင်းနိုင်၏အလှူသည် စည်ကားလေ၏။ မနက်ပိုင်းတွင် ရှင်လောင်းလှည့်ကြသည်။ ရှင်လောင်းလှည့်ပြီးသောအခါ ဗုဒ္ဓဘာသာထုံးစံအတိုင်း ရှင်လောင်းများကို သင်္ကန်းစည်းပေးခြင်း၊ ဆရာတော်မှတရားဟောခြင်း စသည်တို့ပြုလုပ်လေ၏။

ထို့နောက် ကြွရောက်လာသော သူများအား အကျွေးအမွေးဖြင့် ဧည့်ခံသည်။ လူစည်ကား၏။ လက်မလည်နိုင်အောင်လည်းရှိလှလေသည်။

"လာဟေ့. . . ကိုခင်မောင်ဝင်းတို့ နောက်ကျတယ်နော်. . . ဟော့ ဒီမှာ ခုံလေးလုပ်ပါဦး"

ဧည့်သည်များအား ကြိုဆိုနေသော အလှူရှင်ဦးဘဝင်းနိုင်၏အသံကိုလည်း ကြားနေရသည်။ ထိုစဉ် . . .

"ဟာ. . . ခင်မကြီးတို့ပါလား. . . ဧည့်သည်တွေလည်းပါတယ်ဟေ့. . . ကဲ. . . ကဲ. . . ဒီဖက်ကိုကြွ. . ."

ဆရာကြီး၏အသံကြောင့် အုန်းမောင်က ခုံတစ်စုံကိုကပျာကယာရှင်းပေးရသည်။ ပြင်ပေးရသည်။ ဆရာကြီးကိုယ်တိုင်ဒေါ်ခင်မကြီးတို့ကို ဧည့်ခံလေသည်။

"စားနော်. . . ဦးဘတင်နဲ့ ဒေါ်ခင်မကြီးတို့. . . ဧည့်သည်တွေလည်း အားမနာနဲ့နော်. . .၊ စားသာစား. . . သမီးလေးလပြည့်ချိုလည်း မတွေ့ရတာကြာလို့လားမသိဘူး ပိုလှလာတယ်"

လပြည့်ချိုက ဆရာကြီးကို ပြုံးပြလိုက်သည်။ ထို့နောက် ဘေးဘီဝဲယာသို့ တစ်ချက်ကြည့်ပြီး မင်းနေကိုရှာလိုက်၏။ မတွေ့။



ဒေါ်ခင်မကြီးနှင့် ဆရာကြီးဦးဘဝင်းနိုင်တို့မှာ စကားကောင်းနေကြသည်။ ကျော်စံလေးနှင့် ဒေါ်နှင်းဆီက တစ်ချက်တစ်ချက်ဝင်ပြောသည်။

ဦးသန်းဆွေကတော့ သူတို့ပြောနေသည်များကို ငေးစိုက်နားထောင်နေ၏။

လပြည့်ချိုနှင့် ဦးဘတင်ကတော့ ဘာတွေပြောနေမှန်းမသိ။ တွတ်ထိုးနေသည်။

ခဏကြာတော့ ဦးဘဝင်းနိုင်က သူတို့ကို နှုတ်ဆက်ပြီး အခြားဝိုင်းများသို့ ဧည့်ခံရန်အတွက် ထွက်သွားလေသည်။

အသံများ. . . . .။

အချင်းချင်းစကားပြောသံများနှင့် ဆူညံနေလေသည်။

ဒေါ်ခင်မကြီးတို့ ဝိုင်းသည်လည်း အခြားဝိုင်းနှင့်စကားကောင်းနေပြန်သည်။

ကျော်စံလေးကတော့ လပြည့်ချိုကို စကားပြောရန်ကြိုးစားနေ၏။

တစ်ဖက်ဝိုင်းမှ လပြည့်ချို၏ သူငယ်ချင်းများမှာလည်း ရေပက်မဝင်အောင်ပြောနေသောကြောင့် ကျော်စံလေးမှာ တစ်ခွန်း၊နှစ်ခွန်းပဲပြောရသေး၏။ လပြည့်ချိုသူငယ်ချင်းတစ်ယောက်က . . .

"ဟဲ့. . . နင်ကြားပြီးသွားပြီလား"

"ဘာကိုလဲဟဲ့၊ နင့်ဟာကလည်း အစမရှိ အဆုံးမရှိ"

လပြည့်ချိုက ပြန်မေးသည်။

"ပြိုင်ပွဲလေ. . . ပြိုင်ပွဲ. . . ငါတို့လည်း သေချာသိပ်မသိသေးပါဘူး. . . ဒါပေမဲ့ ကြားတာကတော့ ဆရာကြီးအလှူမှာကူညီတဲ့လူငယ်တွေရော ကျန်တဲ့လူငယ်ယောကျ်ားလေး၊ မိန်းကလေးအားလုံးအတွက်ဆိုပြီးတော့ ကျောင်းအောက်က မြေကွက်လပ်မှာစကားပြောပွဲဆိုလား၊ အခြေအတင်ပွဲဆိုလား လုပ်ပေးမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ဒါဆို ပျော်စရာကြီး"

လပြည့်ချိုက တအံ့တသြလေးပြန်ပြောသည်။ သူသည် အပြင်လောကနှင့် အဆက်အသွယ်ပြတ်နေသည်မှာ ကြာပြီမဟုတ်ပါလား။

ထိုစဉ်. . .

ဦးဘဝင်းနိုင်၏အသံကို ကြားလိုက်ရသည်။

"ကြွရောက်လာကြတဲ့ လူကြီးမင်းများနဲ့ ဧည့်ပရိသတ်များ ခင်ဗျား"

ထိုသို့ပြောပြီး ဧည့်ပရိတ်သတ်များကို တစ်ချက်ဝေ့ကြည့်သည်။ အားလုံးနားထောင်နေသည်ကို တွေ့ရတော့မှ ဆက်ပြော၏။

"ကျွန်တော့်ရဲ့အလှူကို အခုလို ကြွရောက်ချီးမြှင့်တဲ့အတွက် လွန်စွာမှကျေးဇူးတင်ပါတယ်. . . နောင်မှာလည်း ဒီထက်လှူနိုင်အောင် ကြိုးစားပါမယ်"

ခဏရပ်ပြီး တံတွေးမျိုချသည်။ ပြီး. . . ဆက်ပြောပြန်၏။

"အခုနောက်ဆုံးအစီအစဉ်လေးအနေနဲ့. . . ဒီမှာကြွရောက်လာကြတဲ့ လူငယ်ယောကျ်ားလေး၊ မိန်းကလေးတွေရောကျွန်တော့်ရဲ့အလှူမှာ ကူညီကြတဲ့ ယောကျ်ားလေး၊ မိန်းကလေးတွေရော အားလုံးအတွက် အစီအစဉ်လေးတစ်ခုပြုလုပ်ထားပါတယ်"

မသိသေးသော လူများ၏စကားသံများ တီးတိုးတီးတိုး ထွက်လာသည်။ ဦးဘဝင်းနိုင်က ဆက်ပြော၏။

"ပြိုင်ပွဲလေးတစ်ခုလို့ ဆိုရမှာပေါ့. . . ယောကျ်ားလေးကတစ်ဖက်၊ မိန်းကလေးက တစ်ဖက်ပါ. . . စကားကို ကာရန်လေးနဲ့ အချေအတင်ပြောရမှာပါ ခင်ဗျာ. . ၊ ဒီလိုပါ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ကို မဲနှိုက်ပြီးရွေးပါ့



မယ်. . . ပြီးတော့ အချေအတင်ပြောရမယ့် စကားအကြောင်းကဘာလဲဆိုပြီးတော့ မဲထပ်နှိုက်ရပါမယ်. . . ဥပမာ. . . မဲလိပ်ကယောကျ်ားလေးရဲ့ ပုံသဏ္ဌာန်အကြောင်းကို မိန်းကလေးက စပြော'ဆိုပါတော့"

ပရိသတ်တွေအားလုံး စိတ်ဝင်တစားနားထောင်နေကြသည်။

"အဲဒီအခါမှာ ပွဲစလို့ ကောင်မလေးက ဒီလိုပြောမယ်ဆိုပါစို့. . .၊ 'ပုဆိုးရှည်ရှည်. . ခပ်ပိန်ပိန်. . ကျွန်မ,မကြိုက်ပေ'. . .၊ မိန်းကလေးပြောလိုက်တဲ့စကားက 'ပေ'နဲ့ အဆုံးသတ်သွားပါတယ်. . . အဲဒီတော့ ယောကျ်ားလေးက ပြန်ပြောတဲ့အခါမှာ'ပေ'နဲ့စတဲ့စကားပဲ ပြန်ပြောရပါမယ်. . .၊ လေးစက္ကန့်လောက်ပဲစဉ်းစားခွင့်ရှိပါတယ်. . . အကယ်၍များ လေးစက္ကန့်ကြာလို့မှ ပြန်မပြောနိုင်ဘူး(ဒါမှမဟုတ်) ပြောတဲ့စကားလည်းတဖက်သားပြောတဲ့စကားနဲ့ ဘယ်လိုမှ ဆက်စပ်မှုမရှိဘူးဆိုရင် ရှုံးတယ်လို့ သတ်မှတ်ပါမယ်. . . မဲအလှည့်ကျယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်ပြိုင်ကြပြီး. . နိုင်တဲ့ဖက်ကို အမှတ်တရဆုပေးပါ့မယ်"

ဒသနဆရာကြီး၏ ရှုံးကြောင်ကြောင်ကစားနည်းဖြစ်ပေမယ့်လည်း အားလုံးက လွန်စွာစိတ်ဝင်စားသွားကြသည်။

"အဲဒါကြောင့်. . အခုဒီမှာရှိနေတဲ့ လူငယ်ယောကျ်ားလေး၊ မိန်းကလေးတွေအားလုံး ကျောင်းအောက်မှာ စုပေးဖို့နဲ့. . .လူကြီးများကလည်း ကြည့်ရှုအားပေးဖို့အတွက် ကျောင်းအောက်ကိုကြွရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါတယ်"

လက်ခုပ်သံတွေ ဆူညံသွားသည်။ လူငယ်တွေ၏လက်ခုပ်သံမှာ ပိုပြီးတော့ ညံနေ၏။

ဒေါ်ခင်မကြီးက သူ့သမီးကို တစ်ချက်ကြည့်လိုက်သည်။ လပြည့်ချိုက သူ့သူငယ်ချင်းတွေနှင့် ပျော်တပြုံးပြုံးဖြစ်နေ၏။ ပတ်ဝန်းကျင်သို့ တစ်ချက်ကြည့်လိုက်ပြန်သည်။ လူနေကို

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရသောကြောင့် သက်ပြင်းချမိသည်။

လူငယ်များ ကျောင်း အောက်သို့ ဆင်းသွားကြသည်။ ကျော်စံလေးကိုလည်း အုန်းမောင်တို့ လူစုမှလာခေါ်သောကြောင့် ကျော်စံလေးမှာ နဂိုကတည်းက လိုက်ချင်ချင်ဖြစ်နေပေရာ ခုန်ဆွ ခုန်ဆွနှင့် ပါသွားသည်။

ဦးဘဝင်းနိုင်က လူကြီးများကို ကျောင်းအောက်သို့ ခေါ်သွားသည်။ လူကြီးများကလည်း စိတ်ဝင်တစားနှင့် လိုက်သွားကြ၏။ သူတို့မြို့မှာ ဒီလို ကိစ္စမျိုးလုပ်ဖူးတာမှမဟုတ်ဘဲ. . .။

ကျောင်းအောက်ဖက်ကွက်လပ်တွင် လူများနှင့်ပြည့်နေသည်။ ခုံများလည်း အစီအရီချထားသောကြောင့် ညီညီညာညာရှိနေကြ၏။

ယောကျ်ားလေးများက တစ်ဖက်၊ မိန်းကလေးများက တစ်ဖက် ထိုင်နေကြပြီး၊ လူကြီးများကတော့ ထိုနှစ်ဖွဲ့ရဲ့ဘေးမှာ ထိုင်နေကြသည်။

ဦးဘဝင်းနိုင်က ပြိုင်ပွဲစရန်အတွက် လူငယ်တွေကို အဆင်သင့်ဖြစ်မဖြစ်ကြည့်လိုက်သည်။ လူငယ်တွေ အဆင်သင့်ဖြစ်နေတာကိုမြင်သောကြောင့် . . .

"ကဲ. . . ပြိုင်ပွဲစကြရအောင်. . . အခုဒီမှာ ဖလားသုံးခုရှိတယ်"

ခုံပေါ်တွင် တင်ထားသော ဖလားသုံးခုကို လက်ညှိုးထိုးပြီးဆက်ပြောလေ၏။

"ဖလားတစ်ခုက ယောကျ်ားလေးတွေ နာမည်ပါတဲ့ ဖလား၊ နောက်တစ်ခုက မိန်းကလေးတွေနာမည်ပါတဲ့ ဖလား၊ ကျန်တဲ့ဖလားကတော့ ခေါင်းစဉ်တွေ ထည့်ထားတဲ့ဖလားဖြစ်တယ်. . . ကဲ. . . ပြိုင်ပွဲစမှာဖြစ်တဲ့အတွက် ယောကျ်ားလေးဖက်က တစ်ယောက်နဲ့ မိန်းကလေးဖက်က တစ်ယောက်ကိုရွေးပါ့မယ်"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"



လက်ခုပ်သံများ ဆူညံသွားသည်။ ထို့နောက် ဦးဘဝင်းနိုင်က ယောကျ်ားလေးမဲလိပ်ဖလားမှ မဲလိပ်တစ်ခုနှိုက်လိုက်သည်။ ပြီး. . . မဲလိပ်ကို ဖြည်လိုက်၏။

ပရိသတ်ကို တစ်ချက်ကြည့်လိုက်ပြန်သည်။ လူငယ်တွေက သူ့ကိုရင်ခုန်စွာနှင့် ကြည့်နေကြ၏။ ဦးဘဝင်းနိုင်မှာ ကျေနပ်သွားပြီး . . .

"မျိုးမင်းအောင်"

ယောကျ်ားလေးများဖက်မှ 'ဟေး'ဟူသော အသံထွက်ပေါ်လာသည်။ မရွံ့မရဲနှင့် ခပ်ပိန်ပိန်ယောကျ်ားလေးတစ်ယောက်ကိုလည်း ရှေ့သို့တွန်းထုတ်နေသည်။ ထိုကောင်လေးမှာ ရှက်နေပုံရ၏။ မတတ်သာသည့်အဆုံး ရှေ့သို့ထွက်ပြီး သတ်မှတ်ထားသည့် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ 'ဟေး'ဟု အော်ကြပြန်သည်။

"ကဲ. . . မိန်းကလေးဖက်က လူရွေးမယ်"

တစ်ဖန်တိတ်ဆိတ်သွားပြန်သည်။

ဦးဘဝင်းနိုင်က မဲလိပ်နှိုက်ပြန်သည်။ ထို့နောက် ဖွင့်လိုက်၏။

"ဖြိုး အေး အေး"

မိန်းကလေးများဖက်မှ အားပေးသံပေါ်လာသည်။ ကောင်မလေးတစ်ယောက်ထွက်လာသည်။ သူလည်း ပိန်ပိန်ပါးပါးလေးပင် . . .။

'ဟေး'ဟု ယောကျ်ားလေးဖက်မှ အော်ပြန်၏။

လူကြီးများကလည်း လူငယ်များကိုကြည့်ရင်း ပျော်ပျော်ရွှင်ရွှင်ဖြစ်လာကြသည်။ ရွေးချယ်ခံရသော 'ဖြိုးအေးအေး'ကလည်း သတ်မှတ်ထားသည့်နေရာတွင် ဝင်ထိုင်လိုက်သည်။

ဦးဘဝင်းနိုင်က မဲလိပ်တစ်ခုနှိုက်လိုက်သည်။

"မိန်းကလေးက စပြောရမယ်တဲ့ ပြောရမယ့်အကြောင်းက 'ကောင်လေးကို မကြိုက်တဲ့အကြောင်း. . .' ဒါကိုယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



လေးက ပြန်ချေပရမယ်. . . ဟုတ်ပြီနော်"

မိန်းကလေးများက ပြောရမည့် ကောင်မလေးနှင့် တီးတိုးတီးတိုးတိုင်ပင်ကြသည်။ ယောကျ်ားလေးများကတော့ နောက်နောက်ပြောင်ပြောင်နှင့်. . .။ ပြောရမည့် မျိုးမင်းအောင် ဆိုသည့် လူငယ်မှာသာ ချွေးအရွှဲသားနှင့်ဖြစ်နေသည်။ မျက်လုံးတွေလည်း ကလယ် ကလယ်နှင့် ဖြစ်နေ၏။

"ကဲ. . . စမယ်"

ဦးဘဝင်းနိုင်အသံကြောင့် ပြောရမည့်ကောင်မလေးမှာ ကောင်လေးဖက်မျက်နှာမူလိုက်သည်။ ပြီး . . .

"ရှင့်လိုလူမျိုး. . . မစဉ်းစားဘူး"

တစ်ဖက်မှ ကောင်လေးမှာ ကြောင်သွားသည်။ 'ဘူး' နဲ့ပတ်သက်ပြီး ဘာမှစဉ်းစားမရဖြစ်သွားသည်။ မိန်းကလေးများကလည်း တစ်စက္ကန့် နှစ်စက္ကန့်ဖြင့် အော်နေသည်။ ယောကျ်ားလေးများက . . .

"ဟေ့ကောင် ပြောတော့လေ. . . 'ဘူး'နဲ့ဆိုင်တာ"

ကောင်လေးက ကိုယ်ကိုဆတ်ခနဲမတ်လိုက်သည်။ ပြီး. . .

"ဘူးမမှုတ်နဲ့ အချစ်လေးရယ်. . . ကိုကိုယ့်ကိုချစ်တယ်ဆို. . . ကိုကိုလေးကို ချစ်တယ်ဆို. . . ဆို. . ဆို. . . ဆို"

ယောကျ်ားလေးများက 'ဟေး'ဟု အော်ကြသည်။ ကောင်မလေးကလည်း ပထမတော့ ဘာပြောရမှန်းမသိဖြစ်သွားသည်။ ဒါပေမယ့်လည်း မိန်းမဉာဏ်ပဲ သိတယ်မဟုတ်လား. . .၊ ဒါလောက်တော့ စပျော့ပေါ့။ ထို့ကြောင့် ကောင်မလေးက . . .

"ဆိုတာလည်းလေ. . . မကောင်းဘဲနဲ့ လျှောက်ဆိုနေတယ်. . . ဟွန်း"

ကောင်လေးမှာလည်း ဘာပြောရမှန်းမသိဖြစ်သွားပြန်သည်။ 'ဟွန်း'နဲ့ပတ်သက်တာလည်း ရှာလို့မရ။ သူ့သူငယ်ချင်း



တွေကိုလည်း အားကိုးရလိုရငြားကြည့်လိုက်သည်။ သူတို့လည်း သိမည့်ပုံမပေါ်ကြ. . .။

"အချိန်စေ့သွားပြီ. . . အချိန်စေ့သွားပြီ"

ယောကျ်ားလေးများဖက်က ရှုံးသွားသည်။ မကျေမနပ်သံတွေလည်း ထွက်လာ၏။ ကောင်မလေးတွေဖက်က ပြောသွားတာ ကာရန်မညီဘူး ဘာဘူးပေါ့. . .။

"ကဲ. . . ကဲ . . . နောက်တစ်ပွဲစမယ်"

လူကြီးတစ်ယောက်က မဲလိပ်တစ်လိပ်နှိုက်လိုက်သည်။

" မောင်မြင့်ပါတဲ့ခင်ဗျား. . . မောင်မြင့်"

ယောကျ်ားလေးတွေက 'ဟေး'ဟု အော်ကြသည်။ မောင်မြင့်ထွက်လာ၏။ စစ်သူကြီးတွေလို ရင်ကိုကော့ထားသည်။ ပရိသတ်ကို တစ်ချက်ကြည့်ပြီး 'ဟဲ. . . ဟဲ'ဟု ရယ်ပြနေသေးသည်။

"မိန်းကလေးဖက်က သင်းသင်းနိုင်"

မိန်းကလေးတွေကလည်း ယောကျ်ားလေးများနည်းတူ 'ဟေး'ဟု အော်ကြသည်။ ထို့နောက် ဝဝတုတ်တုတ်နှင့် မိန်းကလေးတစ်ယောက်ထွက်လာသည်။

မောင်မြင့်မျက်နှာ ရှုံ့တွသွား၏။ သူက မိန်းကလေးချောချောနဲ့ကျမယ်ထင်တာကိုး. . .။

"ပြောရမယ့်အကြောင်းအရာ 'ကောင်လေးက. . . ကောင်မလေးရဲ့ပုံသဏ္ဌာန်ကို ပြောရမှာဖြစ်တယ်' ဒါကို မိန်းကလေးက ပြန်ချေပရမယ်. . . ဒီတစ်ခါ ယောကျ်ားလေးကစပြောရမှာနော်"

အားယူသည့်သဘောဖြင့် မောင်မြင့်က အင်္ကျီလက်တွေကို ခေါက်တင်လိုက်သည်။

ထိုအချိန်တွင် မင်းနေရောက်လာသည်။ ဦးဘဝင်းနိုင်က. . .

"ဘယ်ရောက်နေတာလဲ မင်းနေ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ခိုင်းထားတာလေး သွားလုပ်ပေးနေလို့ပါ"

ဘာမှထပ်မပေးတော့။ ဒေါ်ခင်မကြီးက မင်းနေကို မကြည့်ချင်၍ မျက်နှာလွှဲထားသည်။ လပြည့်ချိုကတော့ သူ့အမေနှင့် ဆန့်ကျင်ဘက်. . .။ မင်းနေက ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ကဲ. . . ကဲ. . . ပြိုင်ပွဲစမယ်"

ဦးဘဝင်းနိုင်က ခွင့်ပြုလိုက်သည်နှင့်တပြိုင်နက် မောင်မြင့်က တရကြမ်းစကားဝင်၏။

"စည်ပိုင်းခန္ဓာ. . အလွန်ကြီး. . ဖေထိ. . . ဖေထိ"

တစ်ဖက်မှ မိန်းကလေးမှာ မခံချင်ဖြစ်သွားသည်။ မိန်းကလေးတွေကလည်း သူတို့လူကိုထိ၍ 'အံမယ်. . အံမယ်'ဟု ပွစိပွစိဖြစ်သွားကြ၏။

မိန်းကလေးကလည်း မခေပေ။ ပြန်ပြော၏။

"ထိရက်ပါဘူး အချစ်ရယ်. . . လူတိုင်းပြောကြတယ်"

မိန်းကလေးတွေက 'ဟေး'ကနဲအော်၏။ မောင်မြင့် တစ်ချက်တွေဝေသွားသည်။ သို့သော်လည်း ချက်ခြင်းပဲ. . .

"တယ်လီပေးရှင်း ပေးပြောခိုင်းတောင် မပြောဘူး ဗျို့. . . မပြောဘူး"

တစ်ဖက်မှမိန်းကလေးမှာ တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်. . ။ ကြာပါဘူး ပြန်လည်ချေပသည်။

"ဘုံးသီးခန္ဓာ ဘောဒီဝိတ်. . ကျွန်မလှလို့ ရှင်ကရှိတ်"

မောင်မြင့်မှာ ပြန်မပြောနိုင်တော့ . . .။ 'ရှိတ်'ကို မည်သို့ ပြောရမည်နည်း။ စဉ်းစားသည်။ ချက်ခြင်းစဉ်းစား၍မရ။ ထိုအချိန်တွင် . . .

"ဟေး. . အချိန်ပြည့်သွားပြီ. . . တို့နိုင်ပြီ"



မိန်းကလေးတွေ နိုင်သွားပြီ။ နှစ်ပွဲရှိလေပြီ။ မောင်မြင့်မှာ မျက်နှာငယ်ကလေးနှင့် ကိုယ့်နေရာကို သွားထိုင်နေသည်။

နောက်တစ်ပွဲအတွက် ယောကျ်ားလေးမှာ ကတုံးပြောင်ပြောင်နှင့်ဖြစ်ပြီး မိန်းကလေးများဖက်ကတော့ စွာတီစွာလန်နှင့် ကောင်မလေးတစ်ယောက်ဖြစ်၏။ ပြောရမည့်အကြောင်းမှာ 'မိန်းကလေးက ယောကျ်ားလေးကို ဘာကြောင့် မချစ်ကြောင်း' ပြောရမည်ဖြစ်သည်။

"ကဲ. . . စမယ်"

ဦးဘဝင်းနိုင် အသံပေးလိုက်သည်နှင့် ကောင်မလေးမှာ ကောင်လေးကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး

"ကတုံးလည်းပြောင်၊ နဖူးလည်းပြောင်. . . ရှင့်ကို ကျွန်မ ချစ်မရပေါင်"

ကောင်လေးကလည်းသွက်သည်။ ချက်ခြင်းပြန်ပက်၏။

"ပေါင်ကအထက် အပေါ်တက်. . . ခန္ဓာကိုယ်က လှပါလျှက်နဲ့ ဘာကြောင့်မကြိုက်ခဲ့"

တစ်ဖက်မှ ကောင်မလေးတိတ်သွားသည်။ 'ခဲ့'ဆိုသော စကားလုံးကို ချက်ခြင်းရှာတွေ့သေးဟန် မတူပေ။ သို့သော် အချိန်စေ့သွားလေပြီ။

"ဟေး. . . "

ယောကျ်ားလေးများဖက်က အသံဖြစ်သည်။ မိန်းကလေးတွေဖက်က တိတ်နေ၏။

ဒီတစ်ခါ တခြားလူကြီးတစ်ဦးက မဲလိပ်နှိုက်သည်။ ထို့နောက် အော်ပြောလိုက်၏။

"ကျော်စံလေးပါတဲ့ ခင်ဗျား"

ထိုအသံကြားတော့ ကျော်စံလေးတွန့်သွားသည်။ သူက မဲလိပ်တွေထဲမှာ သူ့နာမည်မပါဘူး ထင်တာကိုး. . .။ သို့သော်လည်း အခြားသူများက တွန်းပို့သောကြောင့် အရှေ့ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကိုအားကိုးတကြီးကြည့်လိုက်တော့ သူ့ကို ပြုံးပြုံးကြီးကြည့်နေသည်ကို တွေ့ရသည်။

တစ်ဖက်မှ မဲပေါက်သော မိန်းကလေးကိုကြည့်လိုက်တော့ ထပ်ပြီး စိတ်ညစ်သွားပြန်သည်။ တစ်စက်မှ ချစ်ချင်စရာမရှိ။ လပြည့်ချိုကိုကြည့်လိုက်တော့ လပြည့်ချိုက တဟားဟားနှင့် ရယ်နေသည်။

"ကဲ. . . စမယ်၊ ဒီတစ်ခါလည်း မိန်းကလေးကပဲ စပြောရမှာ 'အိမ်ကိုလာတောင်းရမ်းခိုင်းတဲ့အကြောင်း' ပြောရမယ်"

ဦးဘဝင်းနိုင်က သူတို့နှစ်ယောက်ကိုကြည့်လိုက်ပြီး စပြောရန်အတွက် အချက်ပေးလိုက်၏။ ကောင်မလေးက ကျော်စံလေး ကို ချစ်ရည်ရွှန်းလဲ့သောမျက်လုံးနှင့်ကြည့်လိုက်ကာ

"တို့ကို ချစ်ရင်. . . တို့အမေပြောပါ"

ကျော်စံလေးမှာ 'အန်'ဟု ကြောင်သွားသေးသည်။ နောက်တော့မှ သတိရပြီးပြန်ပြောလိုက်သည်။

"ပါပါကြီးကို ပြောလို့ မရလား"

ကျော်စံလေးမှာ စိတ်ထဲက 'ငါကွ'ဟု ရေရွတ်လိုက်သည်။ ပီတိပြုံးဖြင့် ပြုံးနေသည်။ ကောင်မလေးမှာ ကျော်စံလေး၏ နောက်ဆုံးစာလုံးကို အလျင်အမြန်စဉ်းစားနေသည်။ 'လား' တဲ့. . .။ အချိန်စေ့ခါနီးဖြစ်သောကြောင့် စဉ်းစားမနေတော့ဘဲ ပါးစပ်ထဲတွေ့ရာ ပြောချလိုက်သည်။

"လားစီးပြီးတော့ ပြောလို့ရတယ်"

ကျော်စံလေးမှာ ရှုံ့မဲ့သွားသည်။ ယောကျ်ားလေးတွေက ဝိုင်းရယ်ကြ၏။ အချိန်လည်း စေ့သွားလေပြီ။ ကျော်စံလေးမှာ ရှက်ရှက်နှင့်ပင် သူ့ခုံသူ သွားပြန်ထိုင်နေလိုက်ရသည်။

ဦးဘဝင်းနိုင်၏အသံ ထွက်ပေါ်လာပြန်သည်။

"ဒီတစ်ခါ မဲလိပ်ကို မြို့ရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ဦးထွန်းဝေက နှိုက်ပေးပါလိမ့်မယ်"



လက်ခုပ်သံများ ဆူညံသွားသည်။

ဦးထွန်းဝေက မိန်းကလေး မဲလိပ်ဖလားကို အရင် နှိုက်သည်။ မဲလိပ်ဖြည်ပြီးတော့ ပရိတ်သတ်ကို တစ်ချက်ဝေ့ ကြည့်လိုက်ပြီး. . .

"လပြည့်ချိုပါခင်ဗျား"

ဒေါ်ခင်မကြီး တွန့်သွားသည်။ အားလုံးက လက်ခုပ်တီးလိုက်ကြ၏။ လပြည့်ချိုတို့ သူငယ်ချင်းတစ်သိုက်ကတော့ လွန်စွာပျော်နေကြသည်။

ယောကျ်ားလေးမဲလိပ်ဖလားကို နှိုက်ပြန်သည်။ ပြီး ကြေညာပြန်၏။

"မင်းနေ. . . မင်းနေ ဖြစ်ပါတယ်"

ဒေါ်ခင်မကြီး မျက်လုံးထပ်ပြူးသွားပြန်သည်။

တခြားလူများကလည်း 'ဟယ်. . . ဟင်'နှင့် တော်တော်လေးအံ့သြသွားကြသည်။ ကျော်စံလေးက မင်းနေကို 'ဘု' ကြည့်ကြည့်နေသည်။ မင်းနေသည် လပြည့်ချို၏ချစ်သူဆိုတာ ကို ဒေါ်ခင်မကြီးဆီက သူသိထားပြီးဖြစ်သည်။ ထို့ကြောင့် 'ဘု'ကြည့် ထပ်ကြည့်ပြန်၏။

ဒေါ်ခင်မကြီးမှာ တော်တော်လေးမျက်နှာပျက်နေ၏။ မကျေနပ်ဘူးပြောဖို့ကလည်း မဲလိပ်ကို ဥက္ကဋ္ဌကိုယ်တိုင်နှိုက်သည်ဆိုတော့ ပြောလို့ကလည်းမကောင်းချေ။

"ပြောရမယ့်အကြောင်းက 'ခွဲခွာရလို့ လွမ်းနေတဲ့ အကြောင်း' ပြောရမှာ ဖြစ်ပါတယ်. . . ယောကျ်ားလေးက စပြော ရမှာပါ"

လက်ခုပ်သံတွေနဲ့အတူ အံ့သြမှုတွေကလည်း လွှမ်းမိုး သွားသည်။ 'ဘာပြောကြမှာလဲ'ဟူ၍လည်း စိတ်ဝင်စားနေကြ၏။

"ဟော့ကောင် သွားတော့လေ"

အုန်းမောင် လက်တို့လိုက်မှ မင်းနေသတိဝင်စွာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကိစ္စသည် တိုက်ဆိုင်မှုတစ်ခုသာဖြစ်၏။ မည်သို့မျှ ကြို တင်စီစဉ်မထားဘဲဖြစ်လာသော အဖြစ်အပျက်သာဖြစ်သည်။

မင်းနေ အရှေ့သို့ထွက်လိုက်သည်။ ထို့အတူ လပြည့်ချိုသည်လည်း အံ့ဩသည့်မျက်နှာလေးနှင့် အရှေ့သို့ထွက်လာလေ၏။

ဒေါ်ခင်မကြီးနှင့် ကျော်စံလေးတို့ကတော့ သူတို့နှစ်ယောက်ကို စူးစိုက်ကြည့်နေကြသည်။

ဦးဘတင်မှာ တပြုံးပြုံးနှင့် သူ့သမီးကိုလှမ်းတောင် ပြောလိုက်သေးသည်။

"သေချာပြောနော်"တဲ့။

"ကဲ. . . ပြောလို့ရပါပြီ"

မင်းနေက လပြည့်ချိုကို ကြည့်လိုက်သည်။

သူ့ချစ်သူလေးရဲ့မျက်ဝန်းတွေမှာ အပြုံးရိပ်လေးတွေ သန်းနေသည်။ ဖုံးဖိလို့မရတဲ့ အံ့ဩမှုနှင့်အတူ သူ့ကိုတစ်ခုခုပြော နေသလိုလို. . .။

မင်းနေက လေသံအေးအေးလေးနှင့် စပြောသည်။

"ဖျားလို့သေမှာ မကြောက်ပါဘူး. . . လွမ်းလို့သေမှာ ကြောက်မိတယ်လေ"

ယောက်ျားလေးတွေဖက်မှ 'ဟေး'ဟု အော်ကြသည်။ ကျော်စံလေးတော့ မပါဘူးပေါ့. . .။

လပြည့်ချိုက ခေါင်းလေးငုံလိုက်သည်။ ပြီးမှ. . . သူ့ချစ်သူကို အကြည့်တစ်ချက်ဖြင့် ဝင့်ကြည့်လိုက်ကာ. . .

"လေညှင်းတွေခ. . . လေတိမ်တိုက်နဲ့ ကျွန်မ မောင့်ကို လွမ်းမိနေကြောင်း ပြောလိုက်တယ်လေ"

ကောင်မလေးတွေဖက်မှ ဩဘာသံတွေထွက်လာပြန်သည်။

"လပြည့်ချို. . . လပြည့်ချိုဟေ့. . . လပြည့်ချို" ဟူ



သော အသံတွေစီနေသည်။

လပြည့်ချို စကားဆုံးတော့ မင်းနေက . . .

"လေညှင်းလေးက ပြောတော့ပြောတယ် မင်းချစ်သူလည်း လွမ်းနေတယ်တဲ့"

လပြည့်ချိုက 'အို'ဟု ရေရွတ်လိုက်ကာ သူ့ချစ်သူကို သေချာကြည့်ပြီး. . .

"တဲ့တိုးပြောချ ကျွန်မစိတ်ထဲ သူတို့ပြောတာ ကျွန်မချစ်သူနားလည်ရဲ့လားကွယ်"

ဒေါ်ခင်မကြီးမှာ မျက်စိမျက်နှာပျက်နေပြီး ဒေါသလည်း ထွက်နေသည်။

မင်းနေက သူ့ချစ်သူရဲ့စကားကို ချက်ခြင်းပြန်ဖြေ၏။

"ကွယ်လည်းမကွယ်၊ ပျောက်လည်း မပျောက် ချစ်သူစိတ်ကြောင့် မင်းနဲ့ကိုယ့်ကြား ဘာ‌ပြောပြောကွယ်. . . တို့နားလည်ပါတယ်"

နှစ်ဖက်လုံးမှ ဩဘာသံတွေထွက်လာပြန်သည်။ ကျော်စံလေးမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေသည်။ လပြည့်ချိုကိုကြည့်လိုက်၊ ရှိုးတိုးရှတဖြစ်လိုက်နှင့်ဖြစ်နေ၏။

လပြည့်ချိုက မင်းနေရဲ့အဖြေကို သဘောကျသလို ပြုံးလိုက်ပြီး . . .

"တယ်လည်းထူးဆန်း၊ အချစ်ဆန်းကြောင့် မောင်နဲ့ အတူနေချင်ပြီ"

ဒေါ်ခင်မကြီး ထပြန်ရန်ပြင်လိုက်သည်။ သို့သော် 'သူများအလှူမှာပါလား'ဟု စိတ်ကတွေးမိပြန်သောကြောင့် ကိုယ်ရှိန်သတ်လိုက်သည်။

ထိုစဉ် မင်းနေ၏အသံကိုကြားရပြန်သည်။

"ပြိတ်တီနဲ့ လုပ်မယ့်သူတွေ ရှိနေတာကြောင့် မောင်လည်းအတူနေချင်ပါတယ် အချစ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေထွက်လာသည်။ ကျော်စံလေးမှာ သူ့ကို ရယ်နေမှန်းသိလေသည်။

လပြည့်ချိုက ကျော်စံလေးဖက်တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီး သူ့ချစ်သူဘက်ပြန်လှည့်ကာ . . .

"ရယ်မနေနဲ့ ကျွန်မကတော့ ပြီတီတီနဲ့ သွားရတော့မယ်"

လက်ခုပ်သံတွေတဖြောင်းဖြောင်းနှင့် အားပေးနေကြသည်။ မင်းနေကလည်း လပြည့်ချိုစကားကိုဆက်ပြောသည်။

"မယ်မစိုးရိမ်နဲ့ မောင်ကြံစည်မယ်. . . သိပ်မကြာတော့သော အချိန်ဝယ်"

ဒေါ်ခင်မကြီးက ဝုန်းကနဲ ထရပ်သည်။ အားလုံးက သူ့ကို ဝိုင်းကြည့်ကြသည်။ အခြေအနေကိုလည်း သဘောပေါက်လိုက်သည်။

ဒေါ်ခင်မကြီးက ဦးဘဝင်းနိုင်ဘက်လှည့်လိုက်ပြီး

"ဆရာကြီး. . . ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး"

နှုတ်ဆက်စကားဆိုသည်။ ဦးဘဝင်းနိုင်ကလည်း ဘာမှမေးမနေတော့ဘဲ 'အင်း. . အင်း'ဟုသာဆိုသည်။

ဒေါ်ခင်မကြီးက ကျန်တဲ့သူများကို နှုတ်ဆက်လိုက်ပြီး သူ့သမီးလက်ကိုဆွဲကာ 'ဒုန်းဒိုင်း. . . ဒုန်းဒိုင်း'အသံမမြည်ရုံသာ လမ်းလျှောက်ရင်း ပြန်သွားလေသည်။

အားလုံးစိတ်မကောင်းဖြစ်ကြသော်လည်း ပြိုင်ပွဲကို ဆက်ကျင်းပကြသည်။ မင်းနေကတော့ ဘယ်ရောက်သွားမှန်း မသိချေ။

■

(၂၂)

ဒေါ်ခင်မကြီးမှာ ဒေါသအရမ်းထွက်နေသည်။ ထွက်လည်းထွက်ချင်စရာပင်. . .။ သူ့ရဲ့ရှေ့မှာကြားနေရသည့် စကားတွေက . . .။

"နင်နဲ့ ကျော်စံလေးကိစ္စကို မြန်မြန်စီစဉ်မှဖြစ်မယ်"

"သမီး. . . ဝတ္ထုဖတ်နေတာ မပြီးသေးဘူးလေ"

"မလိုချင်ဘူး. . . မပြီးသေးဘူးဆိုရင် မင်္ဂလာဆောင်ဖို့ပြင်ဆင်နေတဲ့ အချိန်မှာဖတ်. . . ဒါပဲ"

"ဒါဆိုလည်းပြီးရော. . . သွားဖတ်လိုက်ဦးမယ်"

ဆောင့်ဆောင့်အောင့်အောင့်နှင့် အပေါ်ထပ်တက်သွားသည်။ ဒေါ်ခင်မကြီးက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ပြီးမှ ဒေါ်နှင်းဆီတို့ဖက်လှည့်ပြီး . . .

"ကဲ. . . မင်္ဂလာပွဲကိစ္စအတွက် ဆွေးနွေးရအောင်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

မင်းနေမှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေသည်။

စိတ်တွေလှုပ်ရှားနေသည်။ မထင်မှတ်ဘဲဖြစ်လာသောကိစ္စအတွက် ရင်လေးနေမိသည်။

သို့သော် ခဏကြာတော့ စိတ်ထဲမှ. . .

'ဖြစ်ပြီးမှပဲ'ဟု သဘောထားလိုက်ရသည်။ ထို့နောက် အုန်းမောင်ကို လှည့်ကြည့်လိုက်ပြီး. . .

"ငမျက်စိတို့၊ ငနားတို့ဆီက ဘာများကြားသေးလဲ"

မင်းနေအမေးကြောင့် အုန်းမောင်မှာ ဆတ်ကနဲဖြစ်သွားပြီး လေသံအေးအေးလေးနှင့် ပြန်ဖြေသည်။

"မင်္ဂလာပွဲရက်သတ်မှတ်လိုက်ပြီတဲ့. . .၊ ပြီးတော့ ဒီနေ့ပဲ ကျော်စံလေးက သူတို့မြို့မှာရှိတဲ့ 'မိတ်ကပ်'ပြင်တဲ့သူတွေရော၊ 'ဘိသိပ်သွန်းမယ့် သူတွေရော'၊ နောက်ပြီး သူတို့မြို့က ဧည့်သည်တွေရော သွားခေါ်တယ်တဲ့. . . မနက်ဖြန်ဆိုရင် သူတို့အားလုံး ရောက်လာကြတော့မှာ"

မောင်မြင့်နှင့် မီးသွေးဆိုင်ကိုသန့်စင်တို့မှာ မင်းနေကို စိုးရိမ်တကြီးနှင့်ကြည့်နေကြသည်။

အုန်းမောင်စကားဆုံးတော့ မင်းနေက အုန်းမောင်ကို စိုက်ကြည့်လိုက်ပြီး . . .

"နေစမ်းပါဦး. . . သူတို့က ဘာဖြစ်လို့ အခြားမြို့က မိတ်ကပ်ပြင်တဲ့သူတွေရော၊ ဘိသိပ်သွန်းတဲ့သူတွေရော သွားခေါ်ရတာလဲ"



"ဒီလိုကွ. . . ငါတို့မြို့မှာ ဒီလိုလုပ်ပေးမယ့်သူတွေ မရှိဘူး. . . ဘယ်သူပဲ မင်္ဂလာဆောင်ဆောင် အခြားမြို့က သွားခေါ်ရတယ်"

မင်းနေက ဘာမှဆက်မမေးတော့ဘဲ အဝေးသို့ ငေးနေလိုက်သည်။ သူတို့စကားထိုင်ပြောနေသည့်နေရာမှာ (ထုံးစံအတိုင်းပင်) ကန်ရေပြင်နားက သစ်ပင်မှာဖြစ်၏။

အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။ အုန်းမောင်က သက်ပြင်းတွေ ခဏခဏချရင်း မင်းနေကို ငေးကြည့်နေသည်။

မင်းနေက ကန်ရေပြင်ကိုငေးကာ တစ်ခုခုတွေးနေ၏။ အုန်းမောင်လည်း တစ်ဖက်သို့ ပြန်လှည့်နေလိုက်သည်။

"မင်္ဂလာဆောင်မယ့်နေ့က ဘယ်နေ့တဲ့လဲ"

မင်းနေ မေးလိုက်ခြင်းပင်. . .။ အုန်းမောင်က လှည့်မကြည့်ဘဲ ပြန်ဖြေသည်။

"(၁)ရက်နေ့မှာ မင်္ဂလာဆောင်မှာတဲ့. . . မနက်ဖြန်ဆိုရင် (၂၈)ရက်၊ ပြီးတော့ ဒီလက (၃၁)ရက်သတ်မှာဆိုတော့. . . မင်းလုပ်ရမယ့်အချိန်လေးရက်လောက်တော့ရပါတယ်"

"အင်း. . . အဲဒါဆိုရင်တော့ လုံလောက်ပါတယ်"

"မင်း. . . ဘယ်နေ့လောက် ခိုးမယ်စဉ်းစားထားလဲ မင်းနေ"

မောင်မြင့်က ဝင်မေးသည်။

မင်းနေက သူတို့အားလုံးကို တစ်ချက်ကြည့်လိုက်သည်။ သူတို့ကလည်း မင်းနေကို ကြည့်နေကြ၏။ ထို့နောက်. . . မင်းနေက မောင်မြင့်အမေးကို လေးလေးကန်ကန်ဖြင့် ပြန်ဖြေသည်။

"မင်္ဂလာဆောင်တဲ့နေ့ ခိုးမယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

(၂၈) ရက်နေ့. . .။

သဘော်ာဆိပ်မှာ ခါတိုင်းနေ့ထက်ပိုပြီး လူများနေသည်။ မည်သို့ဆိုသော် ကျော်စံလေးနှင့် ဧည့်သည်များပါလာသောကြောင့်ပင်။

ဧည့်သည်အားလုံးမှာ (၁၃)ယောက်ဖြစ်သည်။ မိတ်ကပ်ပြင်သည့် အခြောက်နှစ်ယောက်ပါထည့်ပေါင်းမည်ဆိုပါက (၁၅)ယောက်ဖြစ်သည်။

ရှေ့ဆုံးမှ ဦးဆောင်လာသော ကျော်စံလေးက သူ့အမေတို့ကိုလိုက်ရှာနေသည်။

"ဟယ်. . . ဟိုမှာ ကျွန်မသားလေး မှတ်လား"

ဒေါ်နှင်းဆီက သူ့သားကို အရင်စမြင်သည်။ ကျော်စံလေးကလည်း သူတို့ကိုမြင်သွားတော့သည်။

"လာကြ. . . လာကြ. . . ဟိုမှာ ကျွန်တော့်အမေတို့"

လူအုပ်ကြီးကို သူတို့အမေရှိရာဆီသို့ ဦးဆောင်ခေါ်သွားသည်။

ရောက်သောအခါ ဒေါ်နှင်းဆီက သူ့မိတ်ဆွေအားလုံးကို အရင်နှုတ်ဆက်သည်။ အားလုံးကလည်း ဒေါ်နှင်းဆီကို ပြန်နှုတ်ဆက်သည်။

ပြီး. . . ကျော်စံလေးက သူတို့အားလုံးကို ဒေါ်ခင်မကြီးနှင့် မိတ်ဆက်ပေးသည်။



"ဒါ. . . ကျွန်တော်တို့နဲ့ ဆွေမျိုးနီးစပ်တော်တဲ့ ဒေါက်တာဦးဝင်းတဲ့"

မျက်မှန်ထူထူပိန်ပိန်ကပ်ကပ်လူနှင့် စတင်မိတ်ဆက်ပေးသည်။ ထို့နောက် ကျန်တဲ့သူများကိုလည်း အစဉ်အလိုက်တိုင်း မိတ်ဆက်ပေး၏။

"ဟယ်. . . တို့ကိုလည်း မိတ်ဆက်ပေးဦးလေ"

အခြောက်တစ်ယောက်က ကျော်စံလေးကို ကန္တကလျနှင့် ပြောသည်။ ကျော်စံလေးမှာ မျက်နှာကြီးရှုံ့မဲ့သွားပြီး . . .

"သူတို့နှစ်ယောက်က ကျွန်တော်တို့မြို့မှာ အတော်ဆုံး အလှဖန်တီးရှင်တွေပါ. . ဒီဖက်က မာမီထက်ထက်တဲ့"

"သမီးက ထက်ထက်ပါရှင့်. . . ထက်ထက်"

ပဲများ၏။ ပြီးတော့ လက်ကလေးကိုချိုးကာ ကြော်ငြာထဲက မင်းသမီးစတိုင်လို ပေကလပ်ပေကလပ်လုပ်နေတော့ ကျော်စံလေးမှာ ပို၍စိတ်ညစ်သွားသည်။

"ဟိုဖက်ကတော့ မာမီတွယ်တာကျော်ဇင်တဲ့"

"ဟုတ်ကဲ့ပါရှင့် သမီးက မာမီတွယ်တာကျော်ဇင်ရှင့်"

သူက ပိုဆိုးသည်။ ဦးဘတင်ကို မျက်စောင်းပင်ထိုးလိုက်သေးသည်။ ဦးဘတင်မှာ ရင်ဖိုရမလိုလို၊ ဘာလိုလိုတောင်ဖြစ်သွားသည်။ ထို့နောက် ကျော်စံလေးက တစ်ခုခုကို သတိရသွားပြီး-

"ဪ. . . ဒါနဲ့ မင်္ဂလာဆောင်အတွက် ဘိသိတ်ဆရာငှားတာ မရခဲ့ဘူးဖြစ်လာတယ်"

ဒေါ်နှင်းဆီက စိုးရိမ်သွားပြီး. . .

"ဟယ်. . . အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ရပါတယ် အမေ. . . သားအသိစာရေးဆရာတစ်ယောက်ခေါ်လာတယ်. . . ဟော့ဒီမှာ"

ကျော်စံလေးက လူတစ်ယောက်ကို ညွှန်ပြလိုက်ပြီး ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာရေးဆရာက အသိမင်္ဂလာဆောင်တွေမှာ ခဏခဏဘိသိတ်ဆရာလုပ်ဖူးတယ်လေ"

"ဟုတ်ပါတယ်. . . ကျွန်တော်က အတွေ့အကြုံရှိပါတယ်၊ အခုလည်း သူက အကူအညီလာတောင်းရင်းနဲ့ ကျွန်တော်လည်း ခရီးထွက်ရင်း ဝတ္ထုတစ်ပုဒ်လေးရေးချင်လို့ သူနဲ့အတူ လိုက်လာတာပါ"

စာရေးဆရာက ဝင်ပြောသည်။ ဒေါ်ခင်မကြီးက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ကာ . . .

"ကဲ. . . သွားကြရအောင်လား"

ဒေါ်ခင်မကြီးက ဦးဆောင်ပြီး ဘုန်းကြီးကျောင်းသို့ ခေါ်သွားသည်။

ဘုန်းကြီးကျောင်းရောက်တော့ ဆရာတော်အား လျှောက်ထားရသည်။ ဆရာတော်က ဝမ်းပန်းတသာပင် လက်ခံသည်။ ဆရာတော်က ဧည့်သည်များတာကို သဘောကျသည် မဟုတ်ပါလား. . .။

ဤသို့ဖြင့် . . .

ဆရာတော်၏ ဘုန်းကြီးကျောင်းတွင် . . .

မင်းနေတစ်ယောက်၊

ကျော်စံလေးတို့ မိသားစု၊

ဧည့်သည်တွေနှင့်. . .

စည်စည်ကားကားဖြစ်နေလေသည်။

■

# (၂၉)

(၂၉)ရက်နေ့. . .။

မင်္ဂလာဆောင်အတွက် ဖိတ်စာဝေသောနေ့ဖြစ်သည်။ ထို့ကြောင့် ဒေါ်ခင်မကြီးတို့မိသားစုနှင့် ဒေါ်နှင်းဆီတို့မိသားစုမှာ လွန်စွာအလုပ်ရှုပ်နေလေသည်။

သို့သော် ဘုန်းကြီးကျောင်းမှာရှိသော ဧည့်သည်များမှာမူ အေးအေးဆေးဆေးရှိနေကြသည်။ ကိုယ့်နေရာနှင့်ကိုယ်၊ ကိုယ့်အစုနှင့်ကိုယ် အနားယူနေကြ၏။

"အဲဒီ ဟိုနားမှာထိုင်နေတာ ဒေါက်တာဦးဝင်းပဲ"

မင်းနေက မီးသွေးဆိုင်ကိုသန့်စင်ကို တိုးတိုးလေး ကပ်ပြောသည်။ မီးသွေးဆိုင်ကိုသန့်စင်က လှမ်းကြည့်လိုက်သည်။

မျက်မှန်ထူထူ၊ ပိန်ကပ်ကပ်နှင့် အူကြောင်ကြောင်ပုံစံ ပေါက်နေသော လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။ သူ၏ရှေ့တွင် အင်္ဂလိပ်စာအုပ်ကြီးအထူကြီးချထားပြီး စာအုပ်ကိုကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့်လုပ်နေသည်။

မင်းနေက မီးသွေးဆိုင် ကိုသန့်စင်လက်ကို ဆုပ်ကိုင်ပြီး. . .

"ကဲ. . . စပေတော့"

မီးသွေးဆိုင်ကိုသန့်စင်က ဒေါက်တာဦးဝင်းဆိုသော သူဆီသို့ ဦးတည်ပြီးလျှောက်သွားလိုက်သည်။ သူလည်း ထွက်သွားပြီးပြီးချင်း မင်းနေလည်း အနီးအနားမှာရှိတဲ့ လူတစ်ယောက်ကို ဝင်ရောနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးဝင်းမှာ မှုန်ကုတ်ကုတ်မျက်နှာထားဖြင့် စာကိုသဲကြီး မဲကြီးဖတ်နေသည်။

"ဆရာ. . . ခဏလောက်ထိုင်မယ်နော်"

အသံကြားရာသို့ မော့ကြည့်လိုက်သည်။ ပိန်ပိန်ရှည် ရှည်လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ပြီး. . . မျက်မှောင်ကုတ် လိုက်၏။

သူစာပေလေ့လာနေတာကို မည်သူက လာနှောင့် ယှက်လေသနည်း။

"ဆရာက ဒေါက်တာဦးဝင်းနော်"

'အိုး'. . . ငါ့ကိုသိနေပါလားဆိုပြီး ဒေါက်တာဦးဝင်း မှာ ဘဝင်ခိုက်သွားသည်။

"ဟုတ်ပါတယ်. . . ထိုင်ပါ"

လေသံကလည်း သူ့ဆီလာနေကျလူနာကို ဆက်ဆံ သလိုမျိုးဖြစ်နေသည်။

"ဆရာဟာ အလွန်တော်တဲ့ဆရာဝန်ကြီးတစ်ဦးလို့ ကျော်စံလေးက ပြောပါတယ်"

ဒေါက်တာဦးဝင်းမှာ ပြုံးဖြီးဖြီးကြီးဖြစ်သွားသည်။ ထို့ နောက်အလွန်ကျေနပ်သွားသလိုဖြင့် သွားကြီးဖြဲကာ . . .

"ဟီး. . . ဟီး. . ဟုတ်ပါတယ်. . ဟုတ်ပါတယ် . . ကျော်စံလေးပြောတာလည်း မလွန်ပါဘူးလေ. . .၊ ဆရာက အနောက်နိုင်ငံမှာ ပညာစုံသင်လာတာကိုး. . . ပြီးတော့ အနောက် နိုင်ငံသားတွေနဲ့လည်း ဆရာကယှဉ်လာတာလေ. . .၊ ဒါပေမဲ့ သူ တို့တွေက ဆရာ့ကို မနိုင်ပါဘူးလေ. . . မနိုင်ပါဘူး"

"ဩော်"

မီးသွေးဆိုင်ကိုသန့်စင်က စကားဝင်ထောက်ပေး သည်။ ဒေါက်တာဦးဝင်းကလည်း ဘယ်တုန်းက ပြောချင်နေမှန်း မသိသည့် စကားလုံးတွေဖြင့် တရစပ်လွှတ်ပြောတော့သည်။



"ဒါနဲ့ စကားစပ်လို့ပြောရဦးမယ်. . . ဆရာတော်တဲ့ အကြောင်းပေါ့လေ"

"ဩော်. . . ဟုတ်ကဲ့"

"ဆရာ ဘယ်လောက်တောင်တော်သလဲဆိုရင်. . . အဲဒီအနောက်နိုင်ငံတစ်နိုင်ငံမှာပေါ့လေ. . "

"ဟုတ်ကဲ့"

"ဆရာနဲ့ ပြိုင်ဖက်အနောက်နိုင်ငံသားတစ်ယောက် ရှိတယ်. . .၊ သူ့နာမည်ကတော့ ဆရာထုတ်ဖော်မပြောတော့ပါ ဘူးကွယ်။ သူ့သိက္ခာထိခိုက်မှာစိုးလို့ပါ"

"ဩော်. . . အင်း. . . ဟုတ်တာပေါ့၊ ဆရာတို့လို ဂုဏ်သရေ ရှိတွေက သူများထိခိုက်ရာ ထိခိုက်ကြောင်း ဘယ်လုပ် မလဲ"

"ဒီကောင်လေးမဆိုးဘူး တော်တယ်"ဟု ဒေါက်တာ ဦးဝင်း စိတ်ထဲက ချီးကျူးလိုက်သည်။ အင်္ကျီကော်လံကိုလည်း သေချာသပ်သပ်ရပ်ရပ်လုပ်လိုက်သည်။ ပြီး. . . ဆက်ပြော သည်။

"အဲ. . . ဆရာတို့ကျောင်းမှာ စာမေးပွဲဖြေတော့ ဆရာက ပထမရတယ်လေ. . . ဒုတိယကိုတော့ ခုနကပြောတဲ့ အနောက်နိုင်ငံသားက ရတယ်. . . ဆရာကလည်း သူ့ကို ကျော ချင်လို့ရယ်မဟုတ်ပါဘူးကွယ်. . . ဆရာ့ရဲ့ ပင်ကိုဗီဇကိုက တော် နေတာဆိုတော့လည်း အခက်သားလား"

နားကြားပြင်းကတ်လာသည်။ သို့သော်လည်း ကိစ္စက ရှိနေသေး၍ အောင့်အီးသည်းခံနေရသည်။

"ဆက်ပြောရရင်တော့. . . ဆရာ. . တော်တာတွေ အများကြီးပေါ့သားရယ်၊ အဲ. . . ခုနက အနောက်နိုင်ငံသားက ဆရာ့ကို မနာလိုဖြစ်ပြီး ရန်လုပ်မယ်တကဲကဲလုပ်နေတာ ဘာပဲဖြစ်ဖြစ်လေ. . . ဆရာက သူ့ကိုမေတ္တာထားပါတယ်. . . မေတ္တာထားတာပေါ့လေ. . . ဒါတောင် ကျောင်းပြီးတော့ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကပဲ ဆရာ့ကို ပါမောက္ခလုပ်ပါဆိုလို့ ဆရာ့မှာ ငြင်းခဲ့ရသေးတယ်"

စကားဖြတ်မှ ဖြစ်တော့မည်ဟု မီးသွေးဆိုင်ကိုသန့်စင် သိလိုက်သည်။ ထို့ကြောင့် . . .

"ဪ. . . ဒါနဲ့ ဆရာ"

ဒေါက်တာ ဦးဝင်းက မျက်လုံးလေး ပင့်ကြည့်လိုက်ပြီး . . .

"ပြော. . . သား. . . ဆရာ့ဆီက ဘာများသိချင်သေးလဲ"

"ဒီလိုပါဆရာ. . . ကျွန်တော်ကြားဖူးတာတစ်ခုရှိပါတယ်"

"အင်း. . . ပြောပါဦး"

"ဆရာဝန်တွေကတဲ့ လူနာတွေကို ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်လိုအတန်းအစားမျိုးပဲဖြစ်ဖြစ် ကုပေးတယ်ဆို ဆရာ"

"အခြားလူတွေအကြောင်းတော့ မပြောချင်တော့ပါဘူး သားရယ်၊ ဆရာ့အကြောင်းပဲပြောပြပါ့မယ်. . . ဆရာဆိုရင်လေ လူနာတွေပေါ်မှာ စေတနာအရမ်းရှိတာ. . .၊ ဘယ်နေရာသွားသွား ဆေးလွယ်အိတ်ကို လွယ်ပြီးသွားတာသာကြည့်တော့သား. . . ဒါက ဆရာ့စေတနာပေ့ါနော်. . . စေတနာ"

မီးသွေးဆိုင်ကိုသန့်စင်က မင်းနေဖက်သို့ထစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီး. . ဒေါက်တာဦးဝင်းဖက်သို့လှည့်လိုက်ပြီး . . .

"ဒါဆို တစ်ခုလောက်ကူညီပါလား ဆရာ၊ ဆရာ့လိုသမားတော်ကောင်းကြီးနဲ့ တွေ့ရတာ ကျွန်တော့်သူငယ်ချင်းတော့ကံကောင်းတာပါပဲ ဆရာရယ်"

ထိုစကားကို ဒေါက်တာဦးဝင်း သဘောကျသွားသည်။ မီးသွေးဆိုင် ကိုသန့်စင်ကို သေချာကြည့်ပြီး . . .



"ကဲ. . . ပြောပါဦး သား. . . သူက ဘာဖြစ်လို့လဲ၊ ဆရာနဲ့တွေ့ရင် စိတ်ချနော်သား. . . စိတ်ချ"

မီးသွေးဆိုင်ကိုသန့်စင်က သက်ပြင်းရှိုက်လိုက်သည်။ ထို့နောက် မင်းနေဖက်သို့ မသိမသာလက်ညှိုးထိုးလိုက်ပြီး ခပ်တိုးတိုးလေသံလေးဖြင့် . . .

"ဟော. . ဟိုက ခပ်ချောချောကောင်လေးကိုတွေ့လားဆရာ"

ဒေါက်တာဦးဝင်းက မီးသွေးဆိုင်ကိုသန့်စင် ညွှန်ပြရာသို့ မသိမသာစောင်းငဲ့ကြည့်သည်။ ထိုအချိန်တွင် မင်းနေက လူကြီးတစ်ယောက်နှင့် စကားပြောနေသည်။

"အင်း. . . သူက ဘာဖြစ်လို့တုန်း"

"ဒီအကြောင်းတွေကို ဘယ်သူမှမပြောပါနဲ့နော် ဆရာ"

"အေး. . . ပြောပါကွ၊ ငါတို့ဆရာဝန်တွေက နှုတ်လုံပါတယ်"

"ဒီလိုပါဆရာ. . .၊ သူက ကျွန်တော့်သူငယ်ချင်းတစ်ယောက်ပါ"

"အင်း"

"သူက တစ်ခါတစ်ခါဆိုရင် မိန်းမစိတ်ပေါက်တတ်ပါတယ် ဆရာ"

"ဟေ"

ဒေါက်တာဦးဝင်းမျက်လုံးပြူးသွားသည်။

"ဟုတ်ပါတယ် ဆရာ. . . သူမိန်းမစိတ်ပေါက်ပြီဆိုရင် မိန်းကလေးလိုဝတ်၊ မိန်းမလိုပြော. . . အို. . ပြောရရင် အခြောက်လိုပါပဲ ဆရာ"

"အေး. . . ဆရာလည်း အဲဒီလိုရောဂါမျိုးကြားဖူးတယ်ကွ. . . ဘာတဲ့ ဆေးခေါ်အခေါ်က . . ."

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသလိုပြုသည်။ ထို့နောက်ထွက်မလာ၍ ထင်သည်။

"အေးကွယ့်. . . အခုတော့ မေ့နေတယ်. . . နောက်မှပဲ စာအုပ်ထဲပြန်ရှာပေးဦးမယ်. . . ဆက်ပြောပါဦး"

"အဲဒါဆရာ. . . သူက သုံးရက်ခြားတစ်ခါလောက်ဖြစ်တတ်ပါတယ် ဆရာ. . . အဲဒီလိုဖြစ်တဲ့နေ့ဆိုရင် ဘေးလူတွေမသိအောင် ကျွန်တော်တို့ သူငယ်ချင်းတွေကပဲ ထိန်းသိမ်းပေးထားရတယ် ဆရာ"

ဒေါက်တာဦးဝင်းက မျက်မှောင်ကုတ်ပြီး နားထောင်နေသည်။

မီးသွေးဆိုင်ကိုသန့်စင်က ဆက်ပြောပြန်၏။

"ဒါပေမဲ့ ဆရာ"

"အေး. . . ဆက်ပြောစမ်းပါဦး. . . စိတ်ဝင်စားဖို့ကောင်းတယ်"

"သူ အဲဒီလိုဖြစ်တဲ့နေ့မှာ. . . သူ့ကို အိပ်ဆေးလေးတိတ်တဆိတ်ထိုးပေးလိုက်ပြီး. . . အိပ်ယာကနိုးရင် အကောင်းကြီးပြန်ဖြစ်သွားတတ်တယ်ဆရာ. . . အဲဒါကြောင့် ကျွန်တော်တို့တွေလည်း သူအဲဒီလိုဖြစ်တဲ့နေ့ဆိုရင် ဆရာဝန်တစ်ယောက်ကိုတိတ်တိတ်လေးခေါ်ပြီး အိပ်ဆေးထိုးထိုးပေးနေရတယ် ဆရာ"

"အင်း"

ဒေါက်တာဦးဝင်းမှာ ဒီကိစ္စကို လွန်စွာစိတ်ဝင်စားသွားသည်။

"အခု. . . ထိုးထိုးပေးနေကျ ဒေါက်တာက ခရီးထွက်သွားတယ် ဆရာ. . . အဲဒါ သူအဲဒီလိုဖြစ်ရင် ဆရာ ဆေးထိုးပေးနိုင်မလားလို့ပါ"

ဒေါက်တာဦးဝင်းက မီးသွေးဆိုင်ကိုသန့်စင်ကို ကြည့်လိုက်သည်။ ဒီလောက်လေးများကွာဆိုသည့် သဘောလည်းပါသည်။



"ရပါတယ်. . . သူဖြစ်တဲ့အချိန် ငါ့ကိုလာခေါ် ငါလာထိုးပေးမယ်. . . ဒါနဲ့ မင်းတို့က သူဖြစ်နေကျအချိန်တွေကိုမှတ်ထားလို့လား"

"ဟုတ်ကဲ့. . . မှတ်ထားပါတယ်. . . သုံးရက်ခြားဆိုတော့. . . မင်္ဂလာဆောင်တဲ့နေ့လောက်သွားကျနေတယ် ဆရာ. . အဲဒါ. . . "

"စိတ်မပူပါနဲ့ ဆရာရှိပါတယ်. . . အဲ. . . အခု. . ဆရာ ဒီရောဂါကို တော်တော်လေးစိတ်ဝင်စားသွားပြီ. . . စာအုပ်ထဲရှာလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် အိတ်ထဲမှ စာအုပ်တွေဆွဲထုတ်နေပြန်သည်။ မီးသွေးဆိုင်ကိုသန့်စင်ကလည်း ထရန်ဟန်ပြင်လိုက်ပြီး . . .

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဒီအကြောင်းတွေကိုဘယ်သူမှ မပြောပါနဲ့ ဆရာ. . . ကိစ္စဖြစ်လာတာနဲ့ ဆရာ့ကို ချက်ခြင်းလာခေါ်ပါ့မယ်"

"လာခေါ်နော်"

သူ့ကို လာမခေါ်မှာ စိုးသည့်အလား 'လာခေါ်နော်' ဟု သေချာထပ်မှာသေးပြန်သည်။

"ဟုတ်ကဲ့ပါ ဆရာ. . . သေချာလာခေါ်ပါ့မယ်. . ကျေးဇူးပဲနော် ဆရာ. . . သွားလိုက်ဦးမယ်"

"အေး. . . အေး"

ပြီးနောက် ဒေါက်တာဦးဝင်းသည် စာအုပ်တွေထဲမှာ တစ်စုံတခုကို သဲကြီးမဲကြီးဆက်ရှာနေ၏။

မီးသွေးဆိုင်ကိုသန့်စင်က မင်းနေကို လက်မထောင်ပြလိုက်ပြီး ကျောင်းအောက်သို့ဆင်းသွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

(၃၀)ရက်နေ့ . . . ။

ယနေ့သည် မှုန်ရီပျပျလေးဖြစ်နေသည်။ ဘာမှ အလုပ်မရှိကြသော ဧည့်သည်များက ပျင်းရိထွေထိုင်းလျက်ရှိနေသည်။

ထို့ကြောင့် ကိုယ့်အုပ်စုနှင့်ကိုယ် စကားသံတစီစီနှင့် စကားထိုင်ပြောနေကြသည်။

ဒေါက်တာဦးဝင်းက သူ့စာအုပ်တွေနှင့်သူ ရှုတ်ယှက်ခတ်နေပြီး မင်းနေကိုလည်း တစ်ချက်တစ်ချက်လှမ်းကြည့်၏။ ပြီး စာအုပ်ကို သဲကြီးမဲကြီးဆက်ဖတ်နေပြန်သည်။

မိတ်ကပ်ပြင်သည့် အခြောက်နှစ်ယောက် မှာလည်း သူတို့အလှကုန်ပစ္စည်းတွေ၊ မှန်တွေနှင့် အလုပ်ရှုပ်နေကြ၏။

တစ်ခါတစ်ခါ အုန်းမောင်နှင့် မောင်မြင့်တို့ကိုလည်း ကြာကြည့် ကြည့်ကြသေးသည်။

ဒေါ်နှင်းဆီတို့ မိသားစုမှာ အပြင်ထွက်သွား၏။ ထို့ကြောင့် ဘုန်းကြီးကျောင်းဝင်းတွင် ကိုယ့်အလုပ်နှင့်ကိုယ် အေးအေးတည်ငြိမ်နေကြသည်။ ပုံမှန်အတိုင်းပင်ရှိနေကြ၏။

သို့သော် . . .

ဘုန်းကြီးကျောင်း၏ သစ်ပင်ကြီးတစ်ပင်အောက်တွင် လူတစ်ယောက်ထိုင်နေသည်။ သေသေချာချာတိတိကျကျ ပြောရရင် . . . သူ့ရှေ့မှာ စာအုပ်တစ်အုပ်ချထားသည်။ ပြီး . . .



ဘောလ်ပင်တစ်ချောင်းလည်း ကိုင်ထားသေး၏။ ထို့နောက် စဉ်းစားသည့်ပုံစံဖြင့် တွေတွေငေးငေးလေးဖြစ်နေသေးသည်။

"အဲဒါပေါ့ . . . စာရေးဆရာဆိုတာ"

အုန်းမောင်က မင်းနေကို တိုးတိုးလေးကပ်ပြောသည်။ မင်းနေက ထိုသူကို သေသေချာချာကြည့်ပြီး သက်ပြင်းရှိုက်လိုက်သည်။

"ဖြစ်ပါ့မလား မင်းနေ"

မောင်မြင့်က တိုးတိုးလေးမေးခြင်းဖြစ်သည်။

မင်းနေက . . .

"အနုပညာသမားဆိုတာ စိတ်ထားနူးညံ့တယ် . . . သနားတတ်တယ်လို့တော့ ကြားဖူးတယ် . . . အဲဒါကိုတော့ အသုံးချကြည့်ရမှာပဲ"

မင်းနေ၏ခြေလှမ်းများသည် ထိုစာရေးဆရာရှိရာသို့ ဦးတည်လိုက်သည်။

စာရေးဆရာနားရောက်တော့ စာရေးဆရာက သူ့ကို သတိမပြုမိသေးပေ . . ။ သူ့ရဲ့အတွေးထဲမှာ သူ့ဘာသာသူ မျောလွင့်နေပုံရသည်။

"ဒီက အစ်ကိုက စာရေးဆရာလားမသိဘူး"

စာရေးဆရာဆိုသူက မကြားချေ။ တစ်ဖက်သို့ငေးပြီး အတွေးထဲမှာ မျောနေလေသည်။ မင်းနေက ခပ်ကျယ်ကျယ်လေး ထပ်ခေါ်ပြန်သည်။

"ဒီမှာ စာရေးဆရာအစ်ကို"

"ဟဲ့ လုတ်တုတ် . . . ဟာ . . . လန့်လိုက်တာ . . . ဘာတုန်း"

စာရေးဆရာဆိုသူက မင်းနေကို ခြေအဆုံး ခေါင်းအဆုံးကြည့်သည်။ ပြီး . . . ထပ်မေးပြန်၏။

"ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက စာရေးဆရာမှတ်လား"

စာရေးဆရာဆိုသူက နည်းနည်းကျေနပ်သွားသည်။ ပြန်ဖြေသည့် အသံပင် ပြောင်းသွားသည်။

"အေးကွဲ့ . . . ကျုပ်က စာရေးဆရာပဲ . . . ဆို . . . ဘာကိစ္စ"

"ဒီလိုပါ . . . ကျွန်တော်က အစ်ကိုတို့လိုစာရေးဆရာတွေကို လေးလည်းလေးစားတယ် . . . အားလည်းအားကျတဲ့အတွက် မိတ်ဆက်ချင်လို့ပါ . . . ပြီးတော့ အကူအညီလည်း တောင်းချင်လို့ပါ"

စာရေးဆရာဆိုသူက ထပ်ပြီးကျေနပ်သွားပြန်သည်။ ထို့နောက် . . .

"ဒါဆို ထိုင်ကွ . . . အေးအေးဆေးဆေးပြောကြတာပေါ့"

မင်းနေက သူ့ရှေ့မှာ ဝင်ထိုင်လိုက်သည်။

"အစ်ကိုက မင်္ဂလာဆောင်ကို လာတာလား"

"အေးကွဲ့ . . . ဘီသိတ်သွန်းဖို့ဆိုပြီး ငါ့ကိုအကူအညီတောင်းလို့လိုက်လာတာပါ . . . ပြီးတော့ ငါကလည်း ခရီးထွက်ပြီးစာရေးချင်တာကြောင့်လေ . . . အဲဒါရယ်ပါ"

"အစ်ကိုက အချစ်ဝတ္ထုတွေရေးတာလား . . . အစ်ကိုကလောင်နာမည်ကကော ဘယ်လိုခေါ်လဲဟင်"

"ငါ့ကလောင်နာမည်က 'ဝေထွန်းနိုင်(ကဗျာစီး)'လို့ခေါ်တယ်၊ အချစ်ဝတ္ထု၊ တစ်နည်းပြောရရင် လေပြေရနံ့လေးတွေပါတဲ့ ဝတ္ထုတွေကို ရေးပါတယ်"

"အစ်ကိုက စာရေးကောင်းရုံတင်မဟုတ်ဘူး . . . စကားပြောပါကောင်းတယ်နော်"

စာရေးဆရာက 'ဟဲ . . ဟဲ'ဟု ရယ်ပြသည်။ သွားရည်တောင်ကျခါနီးဖြစ်သွား၍ 'ရွှတ်'ခနဲ ပြန်သိမ်းရသေးသည်။



မင်းနေက . . .

"ဒါနဲ့ အစ်ကို့ကလောင်နာမည်မှာပါတဲ့ 'ကဗျာစီး' ဆိုတာက အချစ်ကဗျာလေးတွေနဲ့ စီးမျောရင်းဝတ္ထုရေးတယ်ဆိုတဲ့ သဘောလား"

စာရေးဆရာက တစ်ချက်ပြုံးလိုက်သည်။ 'မင်းငယ်ပါသေးတယ် ကောင်လေးရယ်'ဆိုသည့် အပြုံးမျိုးလည်းဖြစ်သည်။

"မင်းပြောသလိုတော့ မဟုတ်ဘူးကွ၊ ငါက ငါ့စာတွေဟာ ရာဇဝင်မှာ ကမ္ဗည်းတင်လောက်အောင်ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ကဗျာစီး' . . . 'ကမ္ဗည်းစာ'ဆိုပြီး ယူထားတာကွ"

"ဟာ . . ကောင်းလိုက်တဲ့စိတ်ကူးဗျာ . . . ကျွန်တော်တို့လို ဦးနှောက်မျိုးနဲ့ ဘယ်တွေးမိမလဲ"

စာရေးဆရာက 'ဟဲ . . . ဟဲ'ဟု ရယ်ပြန်သည်။

ထို့နောက် စာရေးရာတွင် ဘယ်လိုခက်ခဲကြောင်း၊ အချစ်ရဲ့ဖီလင်တွေ၊ လေပြေရနံ့တွေ၊ ပန်းတို့ပွင့်ဖူးဖူးကြွ၊ ခေတ်သစ်အချစ်၊ အို အစုံပါပဲ . . . စာရေးဆရာက စကားဖောင်ဖွဲ့နေသည်။

"အဲဒီလိုပဲကွ . . . အချစ်ဆိုတာ ချစ်တတ်တဲ့သူတိုင်း ဒါမှမဟုတ် ချစ်ဖူးတဲ့သူတိုင်းမှ အချစ်ရဲ့အရသာကိုသိတာ . . . မချစ်ဘူးတဲ့သူကို အချစ်က ဒီလို . . . ဘယ်လိုဖြစ်တာ . . . ညာဖြစ်တာနဲ့ သွားပြောလို့မရဘူး"

စကားခဏရပ်သွားပြီး တစ်ခုခုကို သတိရသွားသည့်ပုံစံဖြင့် . . .

"အဲ . . . ဒါနဲ့နေစမ်းပါဦး . . . မင်း ငါ့ဆီက အကူအညီတောင်းချင်တယ်ဆို . . . ဘာအကူအညီလဲကွ"

စာရေးဆရာက သူ့ပြောစကားကုန်မှ သတိရသည်။

ထိုစကားကိုကြားတော့ မင်းနေက ခေါင်းကို အောက်ငိုက်ချလိုက်သည်။ စာရေးဆရာကလည်း မင်းနေကို ငိုင်ပြီးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့မှ မင်းနေက ...

"ဒီကိစ္စဟာ... ဆရာကူညီမှဖြစ်မယ်ထင်လို့ ဆရာ့ဆီလာတာပါဆရာ"

'ဆရာ'ဟု ခေါ်လိုက်သောကြောင့် စာရေးဆရာမှာ ထပ်ပြီးကျေနပ်သွားပြန်သည်။

"အချစ်ကိစ္စလားကွ"

"ဟုတ်ပါတယ် ဆရာ"

"အေး... ဒါဆို ငါအကူအညီပေးနိုင်ပါတယ်ကွ.. ပြော... မင်း ဘယ်ကောင်မလေးကိုကြိုက်လို့လဲ"

"အဲဒီလိုလည်း မဟုတ်ပါဘူး ဆရာ"

"ဟေ... ဘယ်လိုတုန်း"

စာရေးဆရာက မျက်လုံးပြူးပြီးကြည့်သည်။

မင်းနေက ...

"ဆရာ စာရေးတဲ့အခါ ဆရာ့ဝတ္ထုထဲမှာ ကောင်လေးနဲ့ကောင်မလေးကို အမြဲတမ်းညားပေးလားဟင်"

စာရေးဆရာတွေဝေသွားသည်။ ပြီးမှ ...

"အေးကွ... အမြဲတမ်းညားပေးတယ်...၊ ငါက ငါ့ဇာတ်ကောင်တွေကို မညားပေးရင် စိတ်မကောင်းဘူးကွ၊ နေစမ်းပါဦး... ဒါနဲ့ ဘာဆိုင်လို့လဲ"

မင်းနေက ပြန်မဖြေသေးဘဲ... သက်ပြင်းတချက်ချလိုက်ပြန်သည်။ စာရေးဆရာက အဖြေကို ငံ့လင့်နေ၏။ မင်းနေကလည်း 'မဖြေသေးဘဲ'ထပ်မေးပြန်သည်။

"ဆရာ... အခု ဘာဝတ္ထုရေးနေလဲ"

စာရေးဆရာက မဆိုင်းမတွပဲ ပြန်ဖြေသည်။

"ဘာမှ မရေးရသေးဘူးကွ၊ အခုမှ စရေးမလို့စဉ်းစားနေတာ၊ ဘာရေးရမှန်းတောင်မသိသေးဘူး၊ နေစမ်းပါဦး ဒါနဲ့ ဘာဆိုင်လို့တုန်း"



"ဒီလိုပါဆရာ... အခု... ဆရာ ကျွန်တော့်အချစ်ကိစ္စကို ကူညီရင် ဝတ္ထုတစ်ပုဒ်လောက်တော့ ရနိုင်ပါတယ်"

"ဟေ... ဘယ်လို"

စာရေးဆရာ စိတ်ဝင်စားသွားသည်။ မင်းနေ ရှေ့သို့လည်း ကိုယ်ကိုကိုင်းညွတ်လိုက်သည်။

"ပြီးတော့... ကျွန်တော့် အချစ်ကိစ္စကို ကူညီလိုက်ရင်လည်း ဆရာ့မိတ်ဆွေတွေအပေါ် သစ္စာဖောက်သလိုလည်း ဖြစ်သွားနိုင်ပါတယ် ဆရာ"

"ငါ... နားမလည်တော့ဘူးကွ"

မင်းနေက ဘေးတစ်ဖက်တစ်ချက်ကို လှည့်ပတ်ကြည့်လိုက်သည်။ ဘယ်သူမှ မတွေ့တော့ စကားဆက်လေ၏။

"ဒီလိုပါ ဆရာ... ကျွန်တော့်မှာ ချစ်သူတစ်ဦးရှိပါတယ်"

ဟု အစပျိုးလိုက်ပြီး... ဤမြို့သို့ရောက်လာပုံမှစ၍ ယခုဖြစ်ပျက်နေသည်အထိ ချွင်းချက်မရှိပြောပြလိုက်သည်။ စာရေးဆရာက ငေးပြီး နားထောင်နေသည်။ တစ်ချို့ကိစ္စများကိုတော့ ရေးပြီးမှတ်လေ၏။

မင်းနေ စကားဆုံးတော့ စာရေးဆရာက...

"ဇာတ်လမ်းလေးက ကောင်းတယ်ကွ.. ဒါနဲ့ မင်းက ငါ့ကို..."

စာရေးဆရာက စကားကိုရပ်ထားလိုက်သည်။ မင်းနေက စာရေးဆရာကို စူးစိုက်ကြည့်လိုက်သည်။ ပြီးမှ ...

"ဆရာ... ကျွန်တော့်ကို ကူညီနိုင်မလားလို့ သိချင်တာပါ"

"ငါက ဘာကူညီနိုင်မှာမို့လို့လဲ"

"ဆရာ ကူညီနိုင်တာ တစ်ချက်ရှိပါတယ်... အဲဒါ ကူညီလိုက်ရင် ဆရာ့ကိစ္စပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာက 'ဟင်း'ဟု သက်ပြင်းချလိုက်ပြီး အဝေးသို့ ငေးနေလိုက်ပြန်သည်။ ပြီး. . . လေးတွဲတွဲအသံလေးဖြင့်. . .

"ငါ မကူညီလို့ မရဘူးလား"

ဟု မေး၏။ မင်းနေကလည်း အသံကိုနည်းနည်းလျှော့ကာ . . .

"ဆရာ. . . မကူညီရင် ကျွန်တော်တို့ချစ်သူနှစ်ဦး စလုံးတစ်သက်လုံး ဝေးသွားရတော့မှာပါ ဆရာ"

စာရေးဆရာက ငေးနေရာမှ လှည့်ကြည့်သည်။ မျက်နှာတွင်လည်း သနားသည့်အရိပ်အယောင်များ အထင်းသား ပေါ်နေသည်။

"ကောင်မလေးက ကျော်စံလေးကို လက်မထပ်ချင်ဘူးဆိုတာ သေချာတယ်နော်"

"သေချာပါတယ် ဆရာ"

"အေး. . . ငါလည်း ထင်တော့ ထင်မိပါတယ်"

"ဒါဆို ကူညီမယ် မဟုတ်လား ဆရာ"

စာရေးဆရာက ချက်ခြင်းမဖြေသေးဘဲ တွေတွေငေးငေးလေးဖြစ်နေသည်။

"ဘယ်လိုပြောရမလဲဆိုတော့ကွာ"

"ဆရာက ဇာတ်သိမ်းမှာ ကောင်လေးနဲ့ကောင်မလေးကို မညားစေချင်ဘူးလား ဆရာ"

စာရေးဆရာက 'ဆတ်'ခနဲကြည့်သည်။

"အေးကွာ. . . ငါကူညီမယ်"

■

(၂၇)

(၃၁)ရက်နေ့ . . .။

မနက်ဖြန် မင်္ဂလာဆောင်မည့်နေ့ဖြစ်သောကြောင့် ဘုန်းကြီးကျောင်းတွင် လွန်စွာအလုပ်ရှုပ်နေသည်။ ဝိုင်းဝန်းချက်ပြုတ်သည့်သူများ၊ ကူညီနေကြသူများ၊ နေရာအခင်းအကျင်းပြင်နေသူများနှင့် ကိုယ့်အလုပ်နှင့်ကိုယ်ရှိနေကြသည်။

သတို့သားလောင်းကျော်စံလေးမှာလည်း ဟိုလျှောက်သွား၊ ဒီလျှောက်သွားနှင့် 'တဟီးဟီး'၊ 'တဖြီးဖြီး'ဖြစ်နေသည်။

ခေါ်ခင်မကြီးက ခဏသာလာပြီး သူ့သမီးကို စိတ်မချ၍ဆိုပြီး ပြန်သွားသည်။ အိမ်က အိမ်ဖော်အလုပ်သမားများနှင့်အတူ ငနားနှင့် ငမျက်စိတို့ကို အလှူမှာ ဝိုင်းကူရန်အတွက် ထားခဲ့သည်။

ဤသို့ဖြင့် ရှုတ်ရှက်ခတ်နေကြ၏။

သို့သော်. . .။

ဘုန်းကြီးကျောင်းတွင် သူများတွေ ဘယ်လောက် ရှုတ်ရှုတ်. . . အလုပ်မရှုတ်သော လူနှစ်ယောက်ရှိသည်။

ထိုသူနှစ်ဦးမှာ မိတ်ကပ်အလှဖန်တီးရှင် မာမီနှစ်ဦးပင်ဖြစ်၏။ သူတို့နှစ်ဦးမှာ ချက်ရေးပြုတ်ရေးနှင့် အလုပ်မရှုပ်သော်လည်း သူတို့အလှကုန်ပစ္စည်းတွေနှင့်တော့ အလုပ်ရှုပ်နေသည်။

ဒါတောင် သူတို့အချင်းချင်းပြေလိုက်သေးသည်။

"တို့က နုနုဖတ်ဖတ်လေးတွေဆိုတော့. . . သိလား

www.burmeseclassic.com

www.burmeseclassic.com

မာမီထက်. , . ဒီလိုချက်ရေးပြုတ်ရေးချွေးတစ်လုံးလုံးနဲ့ တို့နဲ့က. . အို. . . မလိုက်ပါဘူးအေ"

ဒါကိုကြားသော လူတစ်ယောက်က. . .

"မိန်းမဆိုတာ အချက်အပြုတ်တော့ ဝါသနာပါရ တယ်. . . ဒါမှ မိန်းမပီသတာ"

မာမီနှစ်ယောက်စလုံးတွန့်သွားသည်။ ပြီးတော့မှ မျက်လုံးလေးကို ထောင့်ကပ်ပြီး . . .

"အို. . . သူက ဇွတ်ကြီးပဲ"

ဘာမှန်းမသိဘဲနဲ့ အားလုံးက ဝိုင်းရယ်ကြသည်။ မာမီနှစ်ယောက်ကလည်း မျက်စောင်းထိုးပြီးတော့ အလုပ်ရှုပ်နေတဲ့ သူတွေနဲ့ ဝေးသောအရိပ်ကောင်းကောင်းတစ်နေရာတွင် လန်တွန့် လန်တွန့်နှင့်သွားထိုင်ကြသည်။

ရယ်နေသူများကလည်း သူတို့ကို တစ်ချက်လိုက်ကြည့်ကြပြီးနောက် ကိုယ့်အလုပ်ကိုဆက်လုပ်နေကြသည်။

ဤတွင် မင်းနေက အုန်းမောင်နှင့် မောင်မြင့်တို့ကို တိုးတိုးလေးကပ်ပြောလိုက်သည်။

"ကဲ. . သွားတော့ ဒီအချိန်ဟာ အကောင်းဆုံးအချိန်ပဲ"

အုန်းမောင်နှင့် မောင်မြင့်က အခြောက်နှစ်ယောက်ကိုကြည့်ရင်း တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေသည်။

"ငါ. . . ငါ. . . လန့်တယ်ကွ. . .၊ ဟိုတစ်နေ့က သူ



တို့ကြည့်ပုံက တစ်မျိုးကြီးပဲ"

မင်းနေက ခေါင်းခါလိုက်သည်။ ပြီးမှ . . .

"ဘာမှ မဖြစ်လောက်ပါဘူး. . . ဒါပေမဲ့ အက်ရှင်တော့ ပီပြင်ပါစေနော်"

မောင်မြင့်က . . .

"အောင်မြင်ပါစေလို့ ဆုတောင်းရမှာပဲ. .၊ ကဲ. . . ဘာပဲဖြစ်ဖြစ် သွားမယ်ကွာ. . . လာ. . . အုန်းမောင်"

မောင်မြင့်က အုန်းမောင်လက်ကိုဆွဲသည်။ အုန်းမောင်မှာ အခြောက်တွေလိုပဲ 'လန်တွန့်' 'လန်တွန့်'နှင့်ပါသွားသည်။

ဤအဖြစ်အပျက်ကို မည်သူမှလည်း မကြား၊ မည်သူမှလည်း သတိမထားမိချေ။ သူတို့လူနှင့်သူတို့ အလုပ်လုပ်ရင်း 'ဟေးလား. . . ဟားလား'ဖြစ်နေကြသည်။

ကျော်စံလေးကတော့ မင်းနေကို အောင်နိုင်သူအပြုံးမျိုးဖြင့် တစ်ချက်တစ်ချက်လှမ်းပြုံးပြသည်။

'သနားပါတယ်'၊ 'ဟင်း. . . ဟင်း. . . မင်းဘယ်ရမလဲကွာ'၊ 'ငါကွ'ဆိုသည့်သဘောတွေလည်းပါသည်။

မင်းနေကလည်း ပြန်ပြုံးပြလိုက်ပြီး သူကူလုပ်စရာရှိသည်များကို ကူလုပ်နေသည်။

ဤသည်ကိုကြည့်ပြီးတော့ အခြားသူများက 'သူ့ချစ်သူမင်္ဂလာဆောင်အတွက်ကူညီနေတဲ့သူလေး'ဆိုပြီးတော့ သနားဂရုဏာသက်ကြသည်။ စိတ်မကောင်းလည်းဖြစ်နေကြသည်။

သို့သော်လည်း မင်းနေက အပြုံးမပျက်ဘဲ သူတို့နှင့် တရှုန်းရှုန်းဖြစ်နေသည်။

ထိုအချိန်တွင် အုန်းမောင်နှင့် မောင်မြင့်တို့မှာ မာမီနှစ်ယောက်နားသို့ ရောက်သွားကြသည်။ သူတို့ရောက်နေမှန်း မာမီနှစ်ယောက်က သတိမပြုမိသေးပေ။ သူတို့ရဲ့ အလှကုန်ပစ္စည်းတွေနဲ့ အလုပ်ရှုပ်ကောင်းတုန်းရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ မဖြစ်နိုင်ပါဘူး အုန်းမောင်ရာ"

မောင်မြင့်က မာမီနှစ်ယောက်ကြားလောက်သည့်လေသံဖြင့် စပြော၏။

"ဟ. . . ဘာဖြစ်လို့ မဖြစ်ရမှာလဲ. . . ဖြစ်နိုင်တာမှဖြစ်ဖြစ်ဖြစ်လို့တောင် မြည်သေးတယ်"

သူတို့စကားသံတွေကြောင့် မာမီနှစ်ယောက်လှည့်ကြည့်သည်။ သူတို့တွေ့တော့ မာမီနှစ်ယောက်မှာ မျက်နှာဝင်းပသွားပြီး . . .

"ဟေး. . . ကောင်လေးတွေ. . . ဘာတွေများငြင်းနေလဲ. . . ပြောစမ်း မာမီ့ကို . . . ပြောစမ်း"

ညုတုတုအသံကြောင့် သူတို့နှစ်ယောက်ကျောချမ်းသွားသည်။ သို့သော် မျက်နှာကတော့ ခပ်တည်တည်အနေအထားပင်. . . ။

"ဒီကောင်ပေါ့. . မာမီတို့ပညာကို အထင်သေးတာ"

အုန်းမောင်က မောင်မြင့်ကို မေးငေါ့ပြီးပြောလိုက်သည်။ 'မာမီတို့ပညာ'ဆိုသောကြောင့် မာမီနှစ်ယောက်မှာ ပို၍စိတ်ဝင်စားသွားသည်။

အုန်းမောင်နှင့် မောင်မြင့်မှာ သူတို့ရှေ့တွင် ဝင်ထိုင်လိုက်သည်။ မာမီထက်ထက်က သူတို့နှစ်ယောက်ကို ညုတုတုလေးကြည့်ရင်း. . .

"ကဲ. . . ပြော မာမီ့ကိုပြောစမ်း. . . ဘယ်လိုဖြစ်ကြတာလဲလို့"

အုန်းမောင်က မာမီထက်ထက်ကိုကြည့်လိုက်ရင်း

"သူက ကျွန်တော့်ကိုပြောပါတယ်. . . မိတ်ကပ်ဆိုတာ လှအောင်ပဲလုပ်ပေးလို့ရတယ်တဲ့. . . ဒါပေမဲ့ လူတစ်ယောက်ရဲ့မျက်နှာပုံစံကိုပြောင်းသွားအောင် မလုပ်ပေးနိုင်ဘူး. . . တစ်နည်း. . . မမှတ်မိအောင်မလုပ်ပေးနိုင်ဘူးလို့ ပြောတယ်. . .



ဒါကို ကျွန်တော်က လက်မခံနိုင်ဘူးဖြစ်နေတာပါ. . . အဲဒါ မာမီတို့ကို မေးမလို့ဆိုပြီး ထွက်လာတာ"

မာမီနှစ်ယောက်မှာ သူတို့ပညာကို ထိသွား၍ လူးလူးလွန့်လွန့်လေးဖြစ်သွားကြသည်။ ထို့နောက် မာမီတွယ်တာကျော်ဇင်က မောင်မြင့်ဖက်ကိုလှည့်လိုက်ပြီး . . .

"ဟုတ်တယ်. . . ကောင်လေးရဲ့၊ မိတ်ကပ်ဆိုတာ အဲဒီလိုလည်း လုပ်လို့ရတယ်"

မောင်မြင့်က မျက်မှောင်ကုတ်လိုက်သည်။ ပြီး. . .

"မယုံဘူးဗျာ"

ဘုတောတောသံကြောင့် မာမီနှစ်ယောက်မှာ လန့်သွားသည်။ နည်းနည်းလည်း မခံချင်ဖြစ်သွားပုံရသည်။

"တို့ကောင်လေးက ဘာဖြစ်လို့ မယုံရတာလဲလို့"

"လက်တွေ့မှ မမြင်ရတာ"

မောင်မြင့်က ပြန်ဖြေသည်။ အုန်းမောင်က . . .

"အဲဒါကြောင့် ကျွန်တော် သူနဲ့ မငြင်းချင်တာ. . . ဒီကောင်က လက်တွေ့မြင်မှ ယုံမယ့်ကောင်ဗျ"

မာမီတွယ်တာကျော်ဇင်က မာမီထက်ထက်ကိုကြည့်လိုက်သည်။ 'သူတို့ပညာကိုထိပါးနေပြီ'ဆိုသည့် အကြည့်လေးလည်းဖြစ်သည်။

မာမီတွယ်တာကျော်ဇင်က မောင်မြင့်ဖက်သို့ ပြန်လှည့်လိုက်ပြီး. . .

"ဒါဆို . . . တို့က တို့ကောင်လေးကို လက်တွေ့ပြမယ်ဆိုရင် ယုံမလား"

မောင်မြင့်က တစ်ချက် စဉ်းစားသလိုပြုသည်။ ပြီးမှ

"အဲဒါဆိုရင်တော့ ယုံမယ်ဗျာ"

"ဒါဆို လာ. . . တို့ သူ့ကို အခုပြင်ပေးမယ်"

"ဟာ. . . ကျွန်တော်တော့ အပြင်မခံချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်က အတင်းငြင်းသည်။ ထိုအခါ မာမီတွယ်တာကျော်ဇင်က အုန်းမောင်ဖက်လှည့်သွားပြီး . . .

"ဒါဆို. . . သူလာ"

"ဟာ. . . ကျွန်တော်လည်း မပြင်ချင်ဘူး"

"ဟင်. . . ဒါဆို တို့ပညာကို ဒီက ဘယ်လိုလုပ်သိတော့မှာလဲလို့"

နှုတ်ခမ်းစူပြီး ပြောပုံက ကြောက်စရာပင်။ အုန်းမောင်က တွေတွေငေးငေးဖြစ်နေပြီးမှ . . .

"ဒါဆို ဒီလိုလုပ်ဗျာ"

"ဘယ်လိုတုန်း"

"ဟိုမှာ. . . သူ့ကိုတွေ့လား"

အလုပ်လုပ်နေသော မင်းနေကို လက်ညှိုးထိုးပြသည်။ မာမီနှစ်ယောက်က လှမ်းကြည့်လိုက်သည်။

"အင်း. . . တို့တွေ့တယ် ပြောပါဦး"

"သူ့ကိုမိန်းကလေးပုံစံဖြစ်အောင်ပြင်ပေးဗျာ. . . ဘယ်လိုလဲ"

"ဟယ်. . . သူကလက်ခံပါ့မလား"

"လက်ခံမှာပါ. . . သူက သဘောကောင်းပါတယ်"

"အင်းလေ. . . သူ့ရုပ်ကလေးကလည်း နုနုဖတ်ဖတ်နဲ့ဆိုတော့ ပိုအဆင်ပြေတာပေါ့နော်"

ထိုအချိန်တွင် မီးသွေးဆိုင်ကိုသန့်စင်က သူတို့နှစ်ယောက်ကို လှမ်းခေါ်သည်။

"ဟာ. . . ကျွန်တော်တို့ကို ခေါ်နေပြီဗျ"

"ဟယ်. . . ဒါဆို ဘယ်လိုလုပ်မလဲ"

အုန်းမောင်က တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။ ပြီးတော့မှ-

"မနက်ဖြန် သတို့သမီးအိမ်ကို အလှသွားပြင်ခါနီး သူ့ကိုပြင်ပေးရင်ဖြစ်မလား"



မာမီနှစ်ယောက်မှာ အနည်းငယ်တွေဝေသွားသည်။ တစ်ယောက်မျက်နှာတစ်ယောက်လည်း ကြည့်လိုက်ကြသည်။

ထို့နောက် သူတို့ပညာအတွက် အစွမ်းကုန်ထုတ်သုံးမည်ဆိုသည့်ပုံစံမျိုးဖြင့် သဘောတူလိုက်ကြသည်။

မာမီတွယ်တာကျော်ဇင်က အုန်းမောင်နှင့် မောင်မြင့်တို့ဖက်လှည့်လိုက်ပြီး . . .

"ကောင်းပြီလေ. . . မာမီတို့သဘောတူပါတယ်. . . သတို့သမီးအိမ်ကို ဒီက မာမီထက်ထက်ကိုအရင်လွှတ်ပြီး ပြင်ခိုင်းထားနှင့်လိုက်မယ်. . . ပြီးမှ တို့က အဲဒီကောင်လေးကိုပြင်ပေးပြီး လိုက်သွားလိုက်မယ်. . . ဟုတ်ပြီလား"

"အင်း. . . အဲဒါလည်း ကောင်းပါတယ်"

◆◆◆

ထိုအချိန်တွင် မင်းနေသည် ငနားနှင့် ငမျက်စိတို့ကို တီးတိုးတီးတိုးနှင့် တစ်စုံတစ်ခုပြောနေလေသည်။

ငနားနှင့် ငမျက်စိတို့ကလည်း ခေါင်းတဆတ်ဆတ်ညိတ်နေကြ၏။ မည်သူမှ သတိမထားမိကြချေ။

■

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ . . . .

လိုက်ခဲ့ပါ အချစ်ရယ်
ဟိုး. . . တိမ်တိုက်တွေဆီကိုပေါ့. . . ။
ချန်မထားရစ်ချင်ပါဘူး
အပြန်လမ်းမှာ မင်းမပါရင်
ကိုယ့်နှလုံးသားက မိုးခေါင်နေလို့ပါ. . . ။

လိုက်ခဲ့ပါ အချစ်ရယ်,
တို့တွေက,မဲ့ ကပွဲတွေကိုပေါ့. . . ။
ချန်မထားရစ်ချင်ပါဘူး
အပြန်လမ်းမှာ မင်းမပါရင်
တယောတေးသွား လိုနေလို့ပါ. . . ။

လိုက်ခဲ့ပါ အချစ်ရယ်
ကမ္ဘာရဲ့ ဟိုး အစွန်းကိုပေါ့. . . ။
ချန်မထားရစ်ချင်ပါဘူး
အပြန်လမ်းမှာ မင်းမပါရင်
အာကာသထဲ အသက်ရှူကြပ်လို့ပါ. . . ။

www.burmeseclassic.com

www.burmeseclassic.com

(၁)ရက်နေ့ . . . ။

တိတိကျကျဆိုရပါလျှင် မင်္ဂလာဆောင်မည့်နေ့. . . ။

ပိုပြီးတိတိကျကျဆိုရပါလျှင် သူ့ချစ်သူကို ခိုးရမည့်နေ့ဖြစ်သည်။

မနက်အစောကြီးထဲကပင် ဒေါ်နှင်းဆီတို့မိသားစုနှင့် ဧည့်သည်အချို့မှာ ဒေါ်ခင်မကြီးအိမ်သို့သွားရန်အတွက် ပြင်ဆင်နေကြသည်။

ချက်ရေး၊ ပြုတ်ရေးကူညီနေကြသော ဧည့်သည်များနှင့် မြို့ခံလူများသာ ကျန်ခဲ့မည်ဖြစ်သည်။

အစီအစဉ်မှာ . . .

မင်္ဂလာဆောင်သည် နေ့လယ်အချိန်တွင် ကျင်းပမည်ဖြစ်သောကြောင့် သတို့သမီးအား အလှပြင်ပေးခြင်းနှင့်အခြားလိုအပ်သည့်ကိစ္စများပြုလုပ်ရန်အတွက် သတို့သမီးအိမ်သို့သွားရမည်ဖြစ်သည်။ ပြီးမှ ဘုန်းကြီးကျောင်းသို့ အချိန်မီပြန်လာကြမည်ဖြစ်သည်။ သတို့သားမိသားစု၊ အခြားဧည့်သည်အချို့နှင့် မိတ်ကပ်ပြင်သည့် မာမီများလိုက်သွားကြမည်ဖြစ်သည်။

"မာမီတွယ်တာကျော်ဇင်ရော"

ကျော်စံလေးက မာမီထက်ထက်ကို မေးလိုက်သည်။

"သူက နောက်မှလိုက်လာမယ်တဲ့"

"အိမ်သိပ့်ါမလား"

"အင်း. . . ဒီကု တစ်ယောက်ယောက်နဲ့လာမယ်တဲ့"

ကျော်စံလေးမှာ ဘာမှထပ်မမေးတော့ဘဲ လှည့်ထွက်



လာခဲ့သည်။ ပြတင်းပေါက်နားမှာ ထိုင်နေသော ဒေါက်တာဦးဝင်းကိုတွေ့လိုက်ရသည်။

"ဦး. . . မလိုက်ဘူးလား"

ဆေးစာအုပ်ကြီးကို ကိုင်ထားရင်းမှ လှည့်ကြည့်သည်။

"ဟော့အေး. . , မလိုက်တော့ဘူး"

"အင်း. . . ပြီးရော"

ဒါကို စာရေးဆရာက မကြားတကြားဆိုသည်။

"ဒီအဘိုးကြီးက ဆေးစာအုပ်နဲ့ ပိပြီးသေမှာပဲ"

အဘိုးကြီးက ဘုကြည့်လှမ်းကြည့်သည်။ ထို့ကြောင့်စာရေးဆရာလည်း ကျော်စံလေးနောက်သို့ ခပ်သုတ်သုတ်လိုက်သွားရသည်။

သူတို့လည်း ထွက်သွားရော. . ဘုန်းကြီးကျောင်းဝင်းတွင် ချက်ပြုတ်သူများနှင့် အရင်အတိုင်းပဲရှိနေတော့သည်။

◆◆◆

သို့သော်. . .

ထိုအချိန်တွင်. . .

အခန်းတစ်ခန်းထဲ၌ လူတစ်စုအလုပ်ရှုပ်နေကြသည်။ ထိုလူစုသည် လူငါးယောက်ဖြစ်ပြီး တစ်ယောက်မှာ မာမီတစ်ယောက်ဖြစ်၏။ ထိုလူစုမှာ မင်းနေ့တို့ လူစုပင်ဖြစ်သည်။

"ငါ့မောင်လေးက သဘောကောင်းသားပဲ. . . မာမီက ငါ့မောင်လေးလက်မခံဘူး ထင်နေတာ"

မာမီတွယ်တာကျော်ဇင်က မင်းနေကို အလှပြင်ပေးလိုက်၊ ညှုတုတုလေးလုပ်လိုက်နှင့် ဖြစ်နေသည်။

မင်းနေက အဝင်တံခါးပေါက်ကို ကျောပေးထားသော ထိုင်ခုံတွင်ထိုင်နေပြီး. . . မာမီတွယ်တာကျော်ဇင်က မင်းနေကို လှည့်ပတ်ပြီး အလှပြင်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အုန်းမောင်၊ မောင်မြင့်နှင့် မီးသွေးဆိုင်ကိုသန့်စင်တို့က ဘေးနားမှ မတ်တပ်ရပ်ကြည့်နေကြသည်။ သူတို့မှာ အခန်းပေါက်ဝကို မျှော်ကြည့်လိုက် ရင်တမမဖြစ်လိုက်နှင့်ရှိနေကြသည်။

မင်းနေကတော့ မာမီတွယ်တာကျော်ဇင်ရဲ့ အလှပြင်ပေးမှုကို ခပ်ပြုံးပြုံးလေးငြိမ်ခံနေသည်။ သူ၏မျက်နှာမှာ တည်ငြိမ်နေသယောင်ထင်ရသည်။

ခဏကြာသောအခါတွင် မင်းနေ၏မျက်နှာပျောက်ပြီး ကောင်မလေးပုံစံ (အရမ်းကြီးမတူပါ)ဖြစ်လာလေသည်။ သို့သော် လည်ဇလုတ်နှင့်မို့ ယောက်ျားမှန်းသိသာပါသည်။

"ဟာ. . . ဟုတ်တယ်ကွ. . . ကောင်မလေးတစ်ယောက်နဲ့တူလာပြီ"

မောင်မြင့်က အာမေဋိတ်သံစွတ်လျှက်ရေရွတ်သည်။ မာမီတွယ်တာကျော်ဇင်က မောင်မြင့်ကိုလှမ်းကြည့်သည်။ 'ကဲ. . တွေ့ပြီလား'ဆိုသည့် သဘောလည်းပါသည်။

နောက်ဆုံးအဆင့်တွင် မင်းနေ၏မျက်နှာရုပ်လုံးကြွလာသည်။ ထို့နောက် ရုတ်တရက်ကြည့်ကြည့်၊ သေချာကြည့်ကြည့် မင်းနေမှန်းမသိတော့ချေ. . .။

"ကဲ. . . ဆံပင်အတုတပ်ပေးမယ်. . . အဲဒါပြီးရင် တကယ့်မိန်းကလေးနဲ့တူသွားပြီသိလား"

မာမီတွယ်တာကျော်ဇင်က သူ့အိတ်ထဲမှ ဆံပင်အတုအချို့ကိုထုတ်ရင်း မင်းနေကို လှမ်းပြောသည်။ ထိုအချိန်တွင်. . .

အုန်းမောင်က မီးသွေးဆိုင်ကိုသန့်စင်ကို လက်လှမ်းတို့လိုက်သည်။ ချက်ခြင်းပင် မီးသွေးဆိုင်ကိုသန့်စင်မှာ အခန်းထဲမှ လှစ်ကနဲထွက်သွားသည်။

ဤသည်ကို မာမီတွယ်တာကျော်ဇင်မှာ သတိမထားမိလိုက်ချေ. . .။

◆◆◆



မီးသွေးဆိုင်ကိုသန့်စင်မှာ ဒေါက်တာဦးဝင်းဆီသို့ ခပ်ဖွဖွလေးပြေးသွားသည်။ ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်းနှင့်ဆို အခြားသူတွေကြားသွားမှာစိုးသောကြောင့်ပင်။ သို့သော်လည်း ဘုန်းကြီးကျောင်းပေါ်မှာ သူတို့အဖွဲ့နှင့် ဒေါက်တာဦးဝင်းသာရှိသည်။ ဒေါက်တာဦးဝင်းကလည်း အခန်းထဲမှာ သူတို့ရှိနေမှန်း မသိချေ။ ကျန်တဲ့သူများမှာ ဘုန်းကြီးကျောင်းအောက်ထပ်တွင် အလုပ်ရှုပ်နေကြသည်။

"ဒေါက်. . . ဒေါက်တာ. . . ဟိုကောင်ဖောက်လာပြီ. . . လုပ်ပါဦး. . ၊ ကျွန်တော်တို့ကိုတောင် အတင်းအလှပြင်ပေးနေတယ် လုပ်ပါဦး"

"ဟေ. . . ဟုတ်လား"

ဒေါက်တာဦးဝင်းက သူ့ဘေးနားမှာ ချထားတဲ့ ဆေးအိတ်ကို ဆတ်ကနဲ ယူလိုက်သည်။ ထို့နောက် ပစ္စည်းကိရိယာများကို ဟိုတပ်ဒီတပ်လုပ်ပြီး ခဏကြာတော့ ဆေးထိုးရန် အသင့်ဖြစ်သွားသည်။

"သူ. . . အခုဘယ်မှာလဲ"

ဒေါက်တာဦးဝင်းက မေးလိုက်သည်။ မီးသွေးဆိုင်ကိုသန့်စင်က . . .

"ဟောဟိုအခန်းမှာ ဆရာ"

"အေး. . . လာသွားရအောင်"

ဒေါက်တာဦးဝင်းက သွားရန်ပြင်လိုက်သည်။ မီးသွေးဆိုင်ကိုသန့်စင်က ပြာပြာသလဲလဲဖြစ်သွားပြီး . . .

"နေ. . . နေဦး ဆရာ"

"ဘာလဲကွ. . . ဟိုမှာ ဆေးထိုးရတော့မယ်လေကွာ"

"မဟုတ်ဘူး ဆရာ၊ ဆရာ့ကို သတိပေးစရာလေးရှိလို့"

ဒေါက်တာဦးဝင်းက မီးသွေးဆိုင်ကိုသန့်စင်ကို သေချာစိုက်ကြည့်သည်။ ပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲပြော"

"သူ့ကို ဆေးထိုးရင် နောက်ကနေ မသိမသာလေး ထိုးပေးပါဆရာ"

"ဟေ. . ဘာဖြစ်လို့လဲ"

"သူက သူ့ကိုဆေးလာထိုးမှန်းသိရင် ဆေးလာထိုးတဲ့ သူကို လက်သီးတွေ ဘာတွေနဲ့ ထိုးပြီး ရန်ရှာလို့ပါဆရာ"

"အင်"

ဒေါက်တာဦးဝင်းတွန့်သွားသည်။ ပြီးမှ . . .

"အေး. . . ရပါတယ်ကွ. . . တိတ်တိတ်လေးသွားကြတာပေါ့"

"ပြီးတော့ ဆရာ"

"မင်းဟာက မကုန်သေးဘူးလား"

"ဒီတစ်ခုပါပဲ ဆရာ"

"ပြော. . . ပြော ဘာလဲ"

"သူ့ကို ဆေးထိုးပြီးပြီးချင်း ဆရာ အပြင်ခဏထွက်ပေးပါလား ဆရာ"

"ငါ သူ့ကိုစမ်းသပ်ဦးမယ်လေကွာ"

"ဆရာစမ်းသပ်ချင်ရင် သူနိုးလာမှ စမ်းသပ်ပါလား ဆရာ. . . ကျွန်တော်တို့က သူ့ကို အေးအေးဆေးဆေးလေး အိပ်စေချင်လို့ပါ"

ဒေါက်တာဦးဝင်းက တစ်ချက်စဉ်းစားလိုက်သည်။

"အင်း. . . ဒါလည်းရတာပဲ. . ၊ သူနိုးမှ စစ်ကြည့်တာပေါ့"

ထို့နောက် သူတို့နှစ်ယောက်စလုံး အလှပြင်နေသော အခန်းနားသို့ ခြေလှမ်းဖွဖွလေးနှင့် တိုးကပ်သွားကြသည်။

အခန်းရှေ့ရောက်တော့ ဒေါက်တာဦးဝင်းက အခန်းထဲသို့ ချောင်းကြည့်သည်။



မမြင်ရ၍လားမသိ။ မျက်မှန်ကို ပွတ်လိုက်သေး၏။

အခြောက်တစ်ယောက်. . ဟုတ်ပါသည်။ ကိုယ်ခန္ဓာက ကန္တကလျဖြစ်နေသည်။

ပြီးတော့. . . တစ်ယောက်ယောက်ကိုလည်း အလှပြင်ပေးနေသည်။

ထိုအခြောက်မှာ သူ့ကိုကျောပေးထားပြီး တစ်ယောက်ယောက်ကို ဆံပင်အတုတပ်ပေးနေသည်။ ပြီး. . . နွဲ့လည်း နွဲ့သေးသည်။ ရွဲ့လည်း ရွဲ့သေးသည်။

ဒေါက်တာဦးဝင်းက အခန်းထဲသို့ တိတ်တိတ်လေး ဝင်လိုက်သည်။ အုန်းမောင်တို့ကလည်း ဒေါက်တာဦးဝင်းကို တစ်ချက်စွေစောင်းကြည့်ပြီးနောက် အလှပြင်နေသည်ကိုပဲ ဆက်ကြည့်နေကြသည်။

ဒေါက်တာဦးဝင်းက ဆေးထိုးအပ်ကိုမြှောက်လိုက်သည်။ ပြီး . . . 'ဆတ်ကနဲ'လှမ်းထိုးလိုက်သည်။

ဘယ်နေရာကိုထိုးလိုက်မှန်း မည်သူမှမတွေ့လိုက်ချေ။

မာမီတွယ်တာကျော်ဇင်မှာ 'အ'ဟု အော်လိုက်ပြီး ခပ်ယိုင်ယိုင်ဖြစ်သွားသည်။

မောင်မြင့်က လှမ်းထိန်းလိုက်သည်။ အခြေအနေမှာ မြန်လွန်းလှသည်။ မီးသွေးဆိုင်ကိုသန့်စင်က ဒေါက်တာဦးဝင်းကို အပြင်ဘက်သို့ခေါ်သွားသည်။ ဒေါက်တာဦးဝင်းမှာ စမ်းသပ်ချင်လွန်းနေသောကြောင့် ငဲ့ကြည့်ငဲ့ကြည့်နှင့် ဖြစ်နေသည်။ သို့သော်လည်း ကတိပေးထားသောကြောင့် ငြိမ်နေလိုက်ရသည်။

"ငါ. . . သူနိုးလာရင်စမ်းမှာနော်"

"ဟုတ်ကဲ့ဆရာ. . . သူနိုးလာရင်. . . ဆရာကြိုက်သလောက်စစ်ပါ၊ အခုတော့ ဒီမှာထိုင်နေလိုက်ဦး. . .၊ ကျွန်တော်တို့ အောက်မှာသွားကူလိုက်ဦးမယ်"

"အေး. . အေး. . သူနိုးလာရင် ငါစစ်ထားလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဆေးစာအုပ်ကြီးကိုဖွင့်ဖတ်နေပြန်သည်။

မင်းနေတို့ ဆင်းသွားသည်ကိုပင် သတိမထားမိဘဲ စာကိုသာ ကုန်းရုန်းဖတ်နေသည်။

မင်းနေတို့လေးယောက်စလုံးကျောင်းပေါ်မှ ခပ်သွက်သွက်လေးဆင်းလိုက်ကြသည်။

မင်းနေ၏ပုံစံမှာ မိန်းမပုံစံအခြောက်တစ်ယောက်နှင့်တူနေသောကြောင့် အောက်ထပ်ရှိလူများက မာမီတွယ်တာကျော်ဇင်ထင်မှတ်ပြီး အမှုမဲ့အမှတ်မဲ့နှင့်နေလိုက်ကြသည်။

ဘုန်းကြီးကျောင်းနှင့် အတန်ငယ်ဝေးသောအခါတွင် မင်းနေက ကျန်သုံးယောက်ဖက်လှည့်လိုက်ပြီး. . .

"ကဲ. . . လမ်းခွဲရအောင်"

ကျန်သုံးယောက်က မင်းနေကို စိုးရိမ်တကြီးနှင့် ပြန်ကြည့်ကြသည်။ ပြီးမှ . . .

"အောင်မြင်ပါစေ မင်းနေ. . . ငါတို့ဖက်က တာဝန်ကိုတော့ စိတ်ချပါကွာ"

"အင်း. . . ယုံပါတယ်. . . ကဲ. . သွားတော့မယ်"

မင်းနေနှုတ်ဆက်ပြီးနောက် သူ၏ခြေလှမ်းများကို ဒေါ်ခင်မကြီးအိမ်ဖက်သို့ ဦးတည်လိုက်သည်။

မင်းနေပျောက်သွားသည်ကို အဆုံးထိကြည့်ပြီးမှ အုန်းမောင်က ကျန်နှစ်ယောက်ကိုပြောလိုက်သည်။

"ကဲ. . . ငါတို့လည်း သွားရအောင်"

◆◆◆

ဒေါ်ခင်မကြီးအိမ်တွင် ဧည့်သည်များနှင့်စည်ကားနေသည်။ ဒေါ်ခင်မကြီး၊ ကျော်စံလေးတို့နှင့်အတူ လပြည့်ချိုကို ဝိုင်းဝန်းစောင့်ရှောက်နေသလိုပင် ထင်ရသည်။



မာမီထက်ထက်မှာ လပြည့်ချိုကို အလှပြင်ပေးရင်း တစ်ချက်တစ်ချက် အခန်းဝသို့ကြည့်၏။ မာမီတွယ်တာကျော်ဇင်များလားဆိုသည့် အကြည့်ပင်. . .။ သို့သော် အခန်းတံခါးမှာ ပိတ်ထားလျက်ပင်. . .။

သူတို့သည် သော့ပိတ်ထားသည့်အောက်ထပ်နှစ်ခန်းမှ တစ်ခန်းထဲတွင် အလှပြင်နေကြခြင်းဖြစ်သည်။ အခန်းထဲတွင် မာမီထက်ထက်နှင့် လပြည့်ချိုနှစ်ဦးသာရှိသည်။

သို့သော် အခန်းအပြင်တွင် ဒေါ်ခင်မကြီး၊ ဒေါ်နှင်းဆီ၊ ဦးသန်းဆွေ၊ ဦးဘတင်၊ စာရေးဆရာနှင့် အခြားဧည့်သည်နှစ်ယောက်တို့စောင့်နေကြသည်။

ဒေါ်ခင်မကြီး၏မျက်နှာတွင် စိုးရိမ်စိတ်များ အနည်းငယ်ပေါ်လွင်နေသည်။ တစ်ချက်တစ်ချက် အခန်းတံခါးဖွင့်ပြီး သူ့သမီးကို စိုးရိမ်တကြီးကြည့်၏။ ရှိသည်ဆိုမှ တံခါးပြန်ပိတ်ပြီး ငြိမ်ငြိမ်ထိုင်နေလို့ရသည်။

ထို့နောက် အချင်းချင်း စကားပြောနေကြပြန်သည်။ အခြားဧည့်သည်များကလည်း သူတို့စကားဝိုင်းထဲသို့ ရောက်လာကြသဖြင့် ဒေါ်ခင်မကြီးမှာ သူ့သမီးကို ခဏခဏထကြည့်ရန်အတွက် မအားမလပ်ဖြစ်သွားသည်။

လေပေးဖြောင့်နေကြ၏။

◆◆◆

ထိုအချိန်လောက်မှာပင် မင်းနေသည် ဒေါ်ခင်မကြီးအိမ်နားသို့ ရောက်နေ၏။ ထို့နောက် မင်းနေသည် 'အခြောက်ပုံစံ' ကန္တ့ကလျလေးဖမ်းလိုက်သည်။

"ဟင့်"

ခြံဝရောက်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . အခုရပ်"

ခြံစောင့်နှစ်ယောက်က မာမီမင်းနေကို လှမ်းအော်သည်။ မာမီမင်းနေက ခြံစောင့်နှစ်ယောက်ကို မျက်စောင်းထိုးလိုက်ပြီး . . .

"အို . . ဘယ်လိုလူတွေလဲမသိဘူး . . . ဒါ . . ဒေါ်ခင်မကြီးအိမ်လားလို့"

"ဟုတ်တယ် . . . ဘာကိစ္စလဲ"

"အို . . . သူတို့က သိပ်အော်တာပဲ . . . တို့ကအသည်းငယ်တတ်တယ်နော် . . . ဘာကိစ္စလဲဆိုတော့ . . . တို့က သတို့သမီးကို အလှပြင်ပေးဖို့လာတာ . . . ကဲ သိပြီလား"

"အထဲမှာလည်း တစ်ယောက်ရှိသေးတယ်"

"ဟုတ်တယ် . . . အဲဒါ တို့သူငယ်ချင်း"

ခြံစောင့်က အခြားခြံစောင့်ကို လှမ်းကြည့်ရင်း မေးငေါ့ပြသည်။ 'ဘယ်လိုလဲ'ဆိုသည့်သဘော . . .။ ထိုခြံစောင့်က

"ဟုတ်တယ် . . . မိတ်ကပ်ပြင်မယ့် နောက်တစ်ယောက်လာမယ်လို့ပြောထားတယ် . . . ဖွင့်ပေးလိုက်ပါ"

ဟု ပြန်ပြော၏။

ထို့နောက် ခြံတံခါးဖွင့်ပေးလေသည်။ မာမီမင်းနေကလည်း ထိုခြံစောင့်ကို . . .

"ဟွန့်"

ဟု မျက်စောင်းထိုးလိုက်ပြီး အိမ်ထဲသို့ ကော့လန်ကော့လန်နှင့် ဝင်သွားသည်။ ခြံစောင့်မှာ မျက်လုံးပြူးပြီး ကျန်ခဲ့သည်။

မာမီမင်းနေမှာ အိမ်ကြီးဆီသို့ဦးတည်ပြီးလျှောက်လာခဲ့သည်။ အိမ်ဝမှာ ရပ်နေသော ကျော်စံလေးကို တွေ့လိုက်ရသည်။ ရင်ထဲမှာ ထိတ်ခနဲလန့်သွား၏။ သူ့ကိုယ်သူ မလုံမလဲဖြစ်သွားခြင်းဖြစ်သည်။



သို့သော် . . . မျက်နှာကို အခြောက်ပုံစံထားပြီး (ခပ်တည်တည်ပင်) ဆက်လျှောက်သည်။

အိမ်ဝရောက်တော့ . . .

"ဘယ်သူလဲဟော့"

ကျော်စံလေးက လှမ်းမေးသည်။ မာမီမင်းနေက ပြန်မဖြေသေးဘဲ ကျော်စံလေးနားသို့တိုးကပ်လိုက်ပြီး 'ကြာ'ကြည့် ကြည့်လိုက်သည်။

ကျော်စံလေးတွန့်သွားသည်။ ထို့နောက် မာမီမင်းနေက ခပ်ချွဲချွဲအသံလေးဖြင့် ပြန်ဖြေသည်။

"တို့က . . . မာမီထက်ထက်နဲ့ မာမီတွယ်တာတို့ရဲ့ သူငယ်ချင်း . . . ဒီကလူကြီးကကော ဘယ်သူလဲ"

"ငါက သတို့သားကွ"

"ဟယ် . . . နှမြောလိုက်တာ"

ကျော်စံလေးမှာ ထပ်တွန့်သွားပြန်သည်။ သို့သော်

"နေစမ်းပါဦး . . . ဒီက မာမီက ဘယ်က ဘယ်လို ရောက်လာတာလဲ"

မာမီမင်းနေက ကျော်စံလေးကို မျက်စောင်းထိုးလိုက်ရင်း . . .

"သိချင်လား"

"အင်းပေါ့လို့"

"ဟင်"

မာမီမင်းနေ ကြောင်သွားသည်။ ကျော်စံလေးကိုလည်း ပြူးကြောင်ပြီးကြည့်နေမိသည်။ ကျော်စံလေးမှာ ပြာပြာသလဲလဲ ဖြစ်သွားပြီး . . .

"မဟုတ်ဘူး . . . ကျွန်တော်အဲဒီလို အမျိုးအစားမဟုတ်ဘူး . . . အခု . . . အခု ယောင်သွားလို့ပါ . . . ယောင်သွားလို့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီက ဘာပြောနေလို့လဲ. . . လူကြီးကလည်း ဖွတ်ပဲ၊ သွား. . . သူသိပ်ဆိုးတာပဲ လူဆိုးကြီးရဲ့. . . အင့်. . အင့်. . အင့်"

ဟုဆိုပြီး ကျော်စံလေးရင်ဘတ်ကို လက်သီးတွေနဲ့ တဘုန်းဘုန်းထုသည်။ ကျော်စံလေးမှာလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်သွားသည်။

မာမီမင်းနေက စကားဆက်ပြောသည်။

"ဒီက လူကြီးက တို့အကြောင်းကိုသိချင်တယ်ဆိုရင် တို့ပြောပြမယ်လေ. . . လာ ရှေ့တိုး"

"ဟင့်အင်း. . ဟင့်အင်း. . ကြောက်တယ်. . တိုးဘူး တိုးဘူး"

ကျော်စံလေးမှာ အကြောက်အကန်ငြင်းသည်။ မျက်နှာကြီးလည်း ရှုံ့မဲ့နေသည်။

"ဟယ်. . သူက ကြောက်တတ်လိုက်တာ တို့ကဘာမှ မလုပ်ပါဘူး. . . ကဲ. . . ရှေ့မတိုးဘူးဆိုလည်း ဒီကပဲပြောတော့မယ်. . တို့က မာမီထက်ထက်နဲ့ တစ်ဖွဲ့တည်းလာခေါ်ကတည်းက တစ်ခါတည်းလိုက်မလို့ဘဲ. . . ဒါပေမဲ့လေ တို့ကမအားတော့ ဒီနေ့မှလာရတာသိလား"

ဟု ဆိုပြီး ကျော်စံလေးနဖူးကို လက်ညှိုးနဲ့တို့လိုက်သည်။ ကျော်စံလေးမှာနောက်သို့ ခပ်ယိုင်ယိုင်ဖြစ်သွားသည်။

ထို့နောက် ထပ်မမေးရဲတော့ဘဲ 'လာ. . . 'ဟုဆိုပြီး သတို့သမီးအလှပြင်ခန်းသို့ ခေါ်သွားသည်။

အခန်းနားရောက်တော့ ဒေါ်ခင်မကြီးနှင့် ကျန်တဲ့သူများက မာမီမင်းနေကို ကြည့်ကြသည်။ ဒေါ်ခင်မကြီးက . . .

"ဘယ်သူလဲကွဲ့"

"မာမီထက်ထက်တို့နဲ့ တစ်ဖွဲ့တည်းပါ. . . အခုမှ အားလို့လိုက်လာတာပါ မေမေ"

ကျော်စံလေးက ပြန်ဖြေသည်။ ဒေါ်ခင်မကြီးက မာမီ



မင်းနေတစ်ကိုယ်လုံးကို စူးစူးစိုက်စိုက်ကြည့်၏။

မာမီမင်းနေက နန့်တန့်နန့်တန့်ဖြစ်နေသည်။ ဦးဘတင်ကိုလည်း ကြာပစ်နေလိုက်သေးသည်။ ဦးဘတင်က မာမီမင်းနေကို ပြန်ကြည့်နေ၏။

ထို့နောက် မာမီမင်းနေသည် စာရေးဆရာဖက်သို့ 'ဖတ်'ကနဲလှည့်လိုက်သည်။ စာရေးဆရာလန့်သွားသည်။

မာမီမင်းနေကို ပြူးပြဲကြည့်လိုက်သည်။ နောက်မှ သတိရသွားပြီး မျက်နှာလွှဲလိုက်၏။

"အင်း. . အဲဒါဆိုလည်း အခန်းထဲဝင်ခိုင်းလိုက်လေ"

ဒေါ်ခင်မကြီးက ကျော်စံလေးကို ပြန်ပြောသည်။ ကျော်စံလေးကလည်း . . .

"ဟုတ်ကဲ့"

ဟုဆိုကာ မာမီမင်းနေကို အခန်းထဲဝင်ခိုင်းလိုက်သည်။

မာမီမင်းနေက အခန်းတံခါးကိုဖွင့်ဝင်လိုက်ပြီး. . . အခန်းထဲရောက်ရောက်ခြင်း တံခါးကိုပိတ်လိုက်သည်။

တံခါးဖွင့်သံကြောင့် မာမီထက်ထက်နှင့် လပြည့်ချိုတို့ လှည့်ကြည့်သည်။

"ဟင်. . ဘယ်သူလဲ"

မာမီထက်ထက်က လှမ်းမေးသည်။ မင်းနေက နှုတ်ခမ်းပေါ်လက်ညှိုးလေးတင်လိုက်ကာ 'ရှူး'ဆိုသည့်ပုံစံလုပ်ပြပြီး

"ကျွန်တော့်ကို မမှတ်မိဘူးလား. . . မာမီထက်ထက်၊ ကျွန်တော်မင်းနေလေ"

မာမီထက်ထက်မှာ အံ့ဩသွားပြီး . . .

"ဟယ်. . သူလေးက မင်းနေလား၊ ဒါနဲ့တွယ်တာရော"

"မာမီတွယ်တာက မာမီထက်ထက်အံ့ဩသွားအောင် လို့ဆိုပြီး ကျွန်တော့်ကိုအရင်လွှတ်လိုက်တာ. . . ပြီးမှ သူလိုက်လာမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . သူလေးက မိန်းကလေးနဲ့တူလိုက်တာ. . . တကယ်ပဲသိလား. . . တော်လိုက်တဲ့ တွယ်တာရယ်"

"ဟုတ်တယ်. . . မောင်မြင့်လည်း မာမီတွယ်တာရဲ့ ပညာကိုချီးကျူးနေတယ်"

မင်းနေက လပြည့်ချိုဖက်သို့ မသိမသာစောင်းငဲ့ ကြည့်လိုက်သည်။ လပြည့်ချိုကလည်း အံ့ဩသောမျက်နှာလေးနှင့် ကြည့်နေသည်။ သို့သော်. . . ဘာမှဝင်မပြော။ အခြေအနေကြည့်ပြီး ငြိမ်နေသည်။

"ကျွန်တော် ဒီကိုဝင်လာတုန်းက မာမီထက်ထက်တို့နဲ့ တစ်ဖွဲ့တည်းပဲလို့ပြောပြီးဝင်လာတာ"

"အင်းလေ. . ဒီကလည်း တူတာကိုး"

ဟု ဆိုပြီး မာမီထက်ထက်မှာ လပြည့်ချိုကို အလှပြင်နေရင်း ရယ်လေသည်။

◆◆◆

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှာ ကျန်ခဲ့သော ဒေါက်တာဦးဝင်းက နာရီကိုကြည့်လိုက်ရင်း ထိုင်နေရာမှ ဆတ်ကနဲထလိုက်သည်။

ပြီးနောက် စောစောကအခန်းထဲသို့ ဦးတည်လိုက်သည်။ အခန်းထဲရောက်တော့ အိပ်ယာပေါ်မှာ ကျောပေးပြီး အိပ်ပျော်နေသော လူတစ်ယောက်ကိုတွေ့ရသည်။

ထိုစဉ် ထိုလူ့ထံမှ လူးလူးလွန့်လွန့် အသံကိုကြားလိုက်ရသည်။ ကွက်တိပဲဟု တွေးလိုက်မိသည်။

အိပ်ပျော်နေသူမှာ နိုးလာပြီး ဒေါက်တာဦးဝင်းဖက်သို့ လှည့်လိုက်သည်။

◆◆◆



"ဟင်. . . ဟိုကောင်လေးမဟုတ်ပါလား အခြောက်၊ မိတ်ကပ်ပြင်တဲ့အခြောက်ပဲ"

ဒေါက်တာဦးဝင်း အံ့ဩသွားသည်။ ခပ်ငေးငေးလည်း ဖြစ်သွားသည်။

မာမီတွယ်တာကျော်ဇင်မှာလည်း ဒေါက်တာဦးဝင်းကို ပြုံးကြောင်ပြီးကြည့်နေသည်။ ပြီး. . . အခန်းထဲသို့ ဝေ့ကြည့်လိုက်သည်။ တစ်ယောက်မှမရှိ. . .။

ထို့ပြင် သူတို့နှစ်ယောက်ကလည်း အိပ်ရာပေါ်မှာ'အို' ဟု တွေးလိုက်မိကာ ရှက်သွေးလေးဖြာသွားရင်း . . .

"ရှင်. . ရှင်. . . တို့ကို. . . အို. . . ဟုတ်နေပါပြီ. . ဟုတ်နေပါပြီ. . . တို့ကိုလှည့်စားပြီး တို့ဘဝကို. . . အိ. . . ဟီး. . ဘဝပျက်ပါပြီ"

ဒေါက်တာဦးဝင်းမှာ ယောင်ယမ်းပြီး မာမီတွယ်တာကျော်ဇင်ရဲ့ပါးစပ်ကိုလိုက်ပိတ်သည်။ မာမီတွယ်တာကျော်ဇင်ကလည်း လက်ကို ဆတ်ကနဲဖယ်လိုက်ပြီး ဒေါက်တာဦးဝင်းကို ခပ်ယောင်ယောင်လေးကြည့်ကာ . . .

"တော်ပြီလေကွယ်. . . သူကလည်း"

"ဟင်. . . ငါက ဘာလုပ်နေလို့လဲ"

"အို. . . တို့က ပြန်ပြောပြရမှာလားလို့"

ဒေါက်တာဦးဝင်းမှာ စိတ်ရှုပ်သွားသည်။ ပြီး. . . ခေါင်းလည်း တော်တော်စားနေသည်။ ဟိုအကောင်တွေ ဘယ်ရောက်သွားကြလဲ?. . .။

ထိုစဉ် မာမီတွယ်တာကျော်ဇင်၏လက်က ဒေါက်တာဦးဝင်းပုခုံးပေါ်ရောက်လာသည်။ ဒေါက်တာဦးဝင်းမှာ တွန့်ကနဲဖြစ်သွားသည်။ ပြီး. . . ဒေါသထွက်သွားသည်။

"တော်တော့. . . ဘာမှဆက်မပြောနဲ့တော့"

"ဟင်. . . ဒီက ဘာပြောနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့. . . ဘာပြောပြော မပြောပြောပါးစပ်ပိတ်ထား. . . အခု ဟိုကောင်တွေ ဘယ်မှာလဲ"

". . . . ."

ပြန်မဖြေ. . .။

"မေးနေတယ်လေ"

"ဟင်. . . သူပဲ ပါးစပ်ပိတ်ထားဆိုပြီးတော့"

ဒေါက်တာဦးဝင်းမှာ သူ့ခေါင်းကို တဖျင်းဖျင်းနှင့် ကုတ်နေသည်။ ထို့နောက် လေသံလေးလျှော့လိုက်ပြီး သူ့ကို ကောင်လေးတစ်ယောက်က အကူအညီတောင်းသည်မှစ၍ အခု ဖြစ်ပျက်နေသည်အထိ ပြောပြလိုက်သည်။

မာမီတွယ်တာကျော်ဇင်က မျက်နှာအငေးသားလေးနှင့် နားထောင်နေသည်။ စကားဆုံးတော့ မာမီတွယ်တာကျော်ဇင်၏ မျက်နှာပုံစံပြောင်းသွားသည်။ ဒေါသလည်း နည်းနည်းထွက်သွားပုံရသည်။

"ဒါဆို. . . တို့ကိုလည်း. . ."

ဆိုပြီး သူ့အဖြစ်အပျက်ကို ပြန်ပြောပြသည်။

"အဲဒါနဲ့ . . . တို့က မင်းနေဆိုတဲ့ကောင်လေးကို အလှပြင်ပေးနေရင်း မှေးကနဲ ဘာမှမသိတော့တာ"

"ဘယ်သူ့ကို ပြင်ပေးတယ်"

"မင်းနေလေ"

ဒေါက်တာဦးဝင်း၏အကြောအချဥ်များ ရုတ်တရက် တောင့်တင်းသွားသလိုခံစားလိုက်ရသည်။

'မင်းနေ'ဆိုသည့်နာမည်ကို မနေ့ကမှ ကျော်စံလေးနှင့်စကားပြောနေရင်း ကြားဖူးသည်။ လူနှင့် နာမည်တော့ တစ်ခါမှ မတွဲမိသေး. . .။

သေသေချာချာတစ်ခုသိတာက ထိုမင်းနေဆိုသည့် သူငယ်သည် ကျော်စံလေးယူမည့် ကောင်မလေး၏ချစ်သူ. . .



ကောင်မလေးကို လာခိုးသည့်သူဆိုတာပင်. . .။

ဒေါက်တာဦးဝင်း 'လက်ကနဲ'သဘောပေါက်လိုက်သည်။ ထို့နောက် မာမီတွယ်တာကျော်ဇင်ကို 'ဆတ်ကနဲ'လှမ်းဆွဲလိုက်ပြီး ဘုန်းကြီးကျောင်းပေါ်မှ ပြေးဆင်းသည်။

မာမီတွယ်တာကျော်ဇင်မှာ အနောက်ကနေပြီး တန်းလန်းတန်းလန်းနှင့် ပါသွားသည်။

ချက်ပြုတ်နေသည့်သူများကလည်း အံ့သြပြီး ငေးကြည့်နေကြသည်။

◆◆◆

"ဒါဆို. . . ဒီမင်္ဂလာပွဲဖြစ်လာတာ 'လိုက်တော်မူ' ဝတ္ထုကြောင့်ပေါ့ ဟုတ်လား",

စာရေးဆရာက ဒေါ်ခင်မကြီးကို မေးလိုက်သည်။ ဒေါ်ခင်မကြီးက . . .

"အင်း. . . ဟုတ်တယ်လို့တော့ ပြောလို့ရတာပေါ့"

စာရေးဆရာမှာ ဝမ်းသာအားရနှင့် လက်ဖျောက်တစ်ချက်တီးလိုက်ကာ . . .

"ဟာ. . ဒါ ကျွန်တော့်အတွက် ဇာတ်လမ်းတစ်ပုဒ်ပဲဗျ"

ဒေါ်ခင်မကြီးလန့်သွားသည်။

"ဘယ်လို ဇာတ်လမ်းလေးလဲဗျ. . . လုပ်စမ်းပါဦး"

ဘေးနားမှ ညှော်သည်တစ်ယောက်က ဝင်မေးသည်။ စာရေးဆရာက အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ . . :

"အဲဒီစာအုပ်ကို ကောင်လေးရဲ့စာအုပ်လို့ လုပ်လိုက်မယ်ဗျာ"

"အင်း. . . ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက စိတ်ဝင်စားစွာနဲ့ နားထောင်နေကြသည်။ ကျော်စံလေးကတော့ သူ့အကြောင်းကိုဝတ္ထုရေးမယ်ဆို၍ တပြုံးပြုံးနှင့် ဖြစ်နေသည်။

"ပြီးတော့ . . . ကောင်လေးနဲ့ ကောင်မလေးကို စာအုပ်ဆိုင် ဒါမှမဟုတ် . . . စာကြည့်တိုက်မှာ တွေ့ပေးလိုက်မယ်ဗျာ"

"တွေ့ပေးတော့"

"တွေ့ပေးတော့ . . . အဲဒီမှာ ကောင်မလေးက စာကြည့်တိုက်မှာ အဲဒီစာအုပ်လာရှာ . . . မတွေ့ . . ၊ အဲဒါကို ကောင်လေးက ကြားပြီး သူ့မှာရှိကြောင်းပြော . . . အဲဒီလိုဇာတ်လမ်းစလိုက်မယ်"

"မဆိုးဘူးဗျ"

ကျော်စံလေးက ဝင်ပြောသည်။ ထိုစဉ် စာရေးဆရာက တစ်ခုခုသတိရသွားသလိုဖြင့် . . .

"အင်း . . . ဒါနဲ့ ခက်တာတစ်ခုက . . "

"ဘာ ခက်တာလဲ စာရေးဆရာကြီးရဲ့"

"ကျုပ်က အဲဒီလိုက်တော်မူစာအုပ်ကို မဖတ်ဖူးဘူးဗျ"

"ဟင် . . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျ . . . အဲဒီဝတ္ထုထဲမှာပါတဲ့ ဇာတ်ကြောင်းတစ်ချို့တလေကို ဝတ္ထုထဲမှာ ထည့်ရေးမှ သဘာဝကျတော့မပေါ့"

"အင်း . . . ဒါလည်း ဟုတ်တာပဲ"

စာရေးဆရာက ဒေါ်ခင်မကြီးဖက်လှည့်လိုက်ပြီး . .

"အဲဒီစာအုပ်က အန်တီ့သမီးဆီမှာလား"

"အင်း . . . ဟုတ်တယ် . . . သူက အဲဒီစာအုပ်ကို တော်တော်ကြိုက်ပုံရတယ် . . . တရိုတသေနဲ့ဖြစ်နေတာ"

"အဲဒါ ကျွန်တော်ခဏယူလို့ရမလား မသိဘူး"

ဒေါ်ခင်မကြီးမှာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်သွားပြီး



"အင်း . . . ကျွန်မသမီးကို ပြောကြည့်လေ . . စာအုပ်က သူ့ဆီမှာ"

"အခုမေးကြည့်ပေးပါလား"

"အခု . . . ဟုတ်လား"

"အင်း . . . ဟုတ်ပါတယ် . . . အခက်အခဲရှိရင်တော့ မမေးပါနဲ့ ရပါတယ်"

ဒေါ်ခင်မကြီးမှာ အားနာသွားပြီး . . .

"ရပါတယ် . . . အခုမေးပေးပါ့မယ် ခဏလေးနော်"

ဟုဆိုလိုက်ပြီး တံခါးကိုဖွင့်လိုက်သည်။

ဖွင့်လို့မရ . . ။ အထဲမှ သော့ပိတ်ထားလေသည်။

"သမီးရေ . . . တံခါးခဏလောက်ဖွင့်ပေးပါ"

ဒေါ်ခင်မကြီးအော်ပြီးခဏကြာတော့ တံခါးပွင့်လာသည်။ လပြည့်ချိုက

"ဘာလဲ မေမေ"

"ဩော် . . . သမီးပြီးသွားပြီလား"

"ပြီးပါပြီ မေမေ"

"ဒီကစာရေးဆရာကြီးက သမီးရဲ့ လိုက်တော်မူဝတ္ထုကို ခဏလောက်ဖတ်ချင်လို့တဲ့"

"ရပါတယ် မေမေ . . . သမီးလည်း ဖတ်ပြီးသွားပြီပဲ"

"ဘယ်နားမှာထားလဲ သမီး . . . အမေသွားယူလိုက်မယ်လေ"

"ပြောပြလို့မရဘူး အမေရဲ့ . . . သမီးလိုက်ပြမှဖြစ်မှာ အဲဒီနေရာကို မေမေတို့ရှာတွေ့မှာမဟုတ်ဘူး . . . ဒါနဲ့ ဒီက ဦးကြီးက ဖတ်ချင်တာလား"

"ဟုတ်ပါတယ်ကွယ်၊ ဒါပေမဲ့ . . . အခက်အခဲရှိ ရင် . ."

"ရပါတယ် . . . ကျွန်မလည်း ပြီးသွားပြီပဲ . . . ကျွန်မလိုက်ပြပါ့မယ် . . . လာ အပေါ်ထပ်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် အခန်းထဲမှ ထွက်ရန်ပြင်သည်။ ထို့နောက် တစ်စုံတစ်ခုသတိရသွားသလိုဖြင့် မင်းနေဖက်လှည့်လိုက်ပြီး . . .

"ဩော် . . . ဒီက မာမီလည်းလိုက်ခဲ့လေ. . . မာမီပဲ ကျွန်မအကျႌလေးတွေကြည့်ချင်တယ်ဆို"

ပြောပြောဆိုဆိုနှင့် မင်းနေလက်ကိုဆွဲပြီး အပေါ်သို့ ထပ်သို့တက်လိုက်သည်။ စာရေးဆရာကလည်း အနောက်မှကပ်ပါသွားသည်။

မာမီထက်ထက်မှာ ကြောင်ပြီးရပ်ကြည့်နေသည်။ 'မင်းနေက အကျႌကြည့်ချင်တယ်လို့ တစ်ခါမှမပြောဘူးပဲ'ဟု လည်း တွေးနေသည်။

ဒေါ်ခင်မကြီးကလည်း သူ့သမီးလေး အပေါ်တက်သွားသည်ကိုလိုက်ကြည့်ရင်း ဘေးနားမှာရှိတဲ့ ဒေါ်နှင်းဆီကို လှမ်းပြောသည်။

"အနုပညာသမားတွေများ တယ်မလွယ်တာဘဲ. . . အခုချက်ခြင်းဆို. . . အခုချက်ခြင်းမှ. . ."

ဤတွင်ခြံဝမှ အော်ကြီးဟစ်ကျယ်အသံများကို ကြားလိုက်ရသည်။

"ဖွင့်ပေးဆို. . . ဖွင့်ပေးကွာ"

"မဖွင့်ပေးနိုင်ပါဘူး. . . ဒီအိမ်ပိုင်ရှင်က ပြောထားတယ်. . . ဘယ်သူလာလာမဖွင့်ပေးရဘူးတဲ့"

"ငါတို့က ဒီအိမ်က ဧည့်သည်တွေကွ. . . ပြီးတော့ အရေးကြီးတဲ့ကိစ္စလည်း ပြောစရာရှိလို့"

"ဒီလိုပဲ ပြောကြမှာပေါ့လေ"

"ဘာကွ"

ဒေါက်တာဦးဝင်းမှာ စိတ်တိုသွားသည်။ ထိုစဉ် အိမ်ထဲကသူများက ဒေါက်တာဦးဝင်းနှင့် မာမီတွယ်တာကျော်ဇင်တို့



ကို တွေ့သွားကြသည်။

"ဒေါက်တာတို့ပဲ"

ဒေါ်ခင်မကြီးက ရေရွတ်သည်။ ကျော်စံလေးကလည်း ခြံဝကိုကြည့်ပြီး . . .

"ဩော်. . . မာမီတွယ်တာကျော်ဇင်လည်း ပါတာပဲ"

ဒေါ်ခင်မကြီးက ခြံဝကိုလှမ်းအော်သည်။

"ဟေ့. . . တံခါးဖွင့်ပေးလိုက်ပါ. . . အဲဒါ ငါ့ဧည့်သည်တွေ"

ဒေါ်ခင်မကြီးအော်သံကြောင့် ခြံစောင့်နှစ်ယောက်မှာ လေးတိလေးကန်ဖြင့် တံခါးကိုဖွင့်ပေးသည်။

ဒေါက်တာဦးဝင်းက အရင်ဝင်သည်။ ပြီးတော့ မာမီတွယ်တာကျော်ဇင်က လိုက်ဝင်သည်။ သူကရှိုးရှိုးတန်းတန်းမဝင်ဘဲ ခြံစောင့်နှစ်ယောက်ကို စိတ်ဆိုးဆိုးနှင့်ကြည့်ရင်း မျက်စောင်းထိုးပြီး ဝင်သည်။

အိမ်ထဲသို့ ခပ်သွက်သွက်လေးလှမ်းသွားကြသည်။ အိမ်ဝရောက်တော့ ကျော်စံလေးက . . .

"ဟာ. . . ဦး အစတုန်းက လိုက်မလာဘူးဆို"

ပြီးတော့ တစ်ဆက်တည်း မာမီတွယ်တာကျော်ဇင်ဘက်သို့လှည့်လိုက်ကာ . . .

"မာမီ. . . မာမီ့သူငယ်ချင်းတစ်ယောက်လည်း ရောက်နေတယ်"

"ဘာ. . . အခြောက်လိုပုံစံနဲ့လား"

ဒေါက်တာဦးဝင်းက ကြားဖြတ်ဝင်မေးသည်။ အသံနည်းနည်းကျယ်သွားတာကြောင့် အားလုံးလန့်သွားကြသည်။

"ဟုတ်တယ်လေ ဦး. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ. . . အဲဒီကောင်က မင်းနေကွ. . . မင်းနေ. . .၊ အယောင်ဆောင်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ."

ဒေါ်ခင်မကြီး၏အော်သံဖြစ်သည်။ ရင်ထိတ်သွားသည်။ ဒေါ်ခင်မကြီးတင်မဟုတ်ဘဲ ကျော်စံလေးတို့ မိသားစုပါ လန့်သွားသည်။

"ဘယ်. . ဘယ်လိုဖြစ်တာလဲ. . ပြော. . ပြောပါဦး"

ဒေါက်တာဦးဝင်းက အကြောင်းစုံရှင်းပြသည်။

"ဒါဆို . . . ဒီအိမ်ပေါ်မှာရောက်နေတာ ဟိုကောင်ပေါ့. . . ဟုတ်လား"

တဆက်တည်းပင် ဒေါ်ခင်မကြီးမှာ သူ့သမီးအတွက် စိုးရိမ်ပူပန်သွားသည်။

"လာ. . ဒင်းကအပေါ်မှာ လိုက်သွားရအောင်"

ဒေါ်ခင်မကြီးက အားလုံးကို ခေါ်လိုက်သည်။ ထို့နောက်ခြေလှမ်းများကို အပေါ်တက်ရန်အတွက် ပြင်လိုက်ကြသည်။

ထိုစဉ် စာရေးဆရာ၏အသံကိုကြားလိုက်ရ၏။

"ဟာ. . . ပါသွားပြီ. . . ပါသွားပြီ"

အားလုံးအသံကြားရာဆီသို့ ကြည့်လိုက်ကြသည်။ တစ်ကိုယ်လုံးကို စောင်နှင့်ဖုံးအုပ်ထားသော လူနှစ်ယောက်ပြေးဆင်းလာသည်။

ဒေါ်ခင်မကြီးတို့ကလည်း ကြောင်ပြီးရပ်ကြည့်နေသည်။ ထိုသူနှစ်ယောက်နောက်တွင် စာရေးဆရာက 'ပါသွားပြီ ပါသွားပြီ'ဆိုပြီး ပြေးလိုက်လာသည်။

ထိုသူနှစ်ယောက်က လူအုပ်ကြီးကို တွန်းထိုးပြီး ခြံထဲသို့ပြေးဆင်းသည်။

ဒေါ်ခင်မကြီးက ပထမဦးဆုံး သတိပြန်ဝင်လာပြီး

"လိုက်. . . လိုက်. . . ငါ့သမီးကို ခိုးပြေးတာ . . . လိုက်. . . လိုက်"

ဟု ဆိုပြီး ခြံထဲပြေးဆင်းသွားသော လူနှစ်ယောက်



နောက်သို့ပြေးလိုက်သွားသည်။ ကျန်တဲ့သူများကလည်း ဒေါ်ခင်မကြီးနောက်မှ ပြေးလိုက်ကြလေသည်။

အရှေ့ကလူနှစ်ယောက်ကလည်း ခြံတံခါးပိတ်ထားတာတွေ့၍ အိမ်နောက်ဖေးဘက်သို့ပတ်ပြေးလေသည်။

ဒေါ်ခင်မကြီးတို့ကလည်း သူတို့နှစ်ယောက်နောက်မှ မှီအောင်လိုက်ကြသည်။ တသီတတန်းကြီးနှင့်ဖြစ်နေသည်။ ခြံစောင့်နှစ်ယောက်ကလည်း လူအုပ်ကြီးကို ငေးကြည့်နေရာမှ သတိပြန်ဝင်လာပြီး သူတို့လည်း ထိုလူအုပ်ကြီးနှင့်ရောယောင်၍ ပြေးလိုက်လေသည်။

ထို့ကြောင့် ထိုလူတန်းကြီးမှာ အိမ်ကြီးကိုဝိုင်းကြီးပတ်ပတ်ဒူဝေဝေကစားနေကြသည်။

◆◆◆

ဦးဘတင်မှာ လူအုပ်ကြီးနှင့် မလိုက်သွားဘဲ အိမ်ထဲတွင်ကျန်ခဲ့သည်။ ဝရုန်းသုန်းကားဖြစ်နေသော လူအုပ်ကြီးကို တစ်ချက်ကြည့်ရင်း အပေါ်ထပ်သို့ လက်ခုပ်တစ်ချက်တီးလိုက်သည်။

ထိုစဉ် အပေါ်ထပ်မှ မင်းနေနှင့် လပြည့်ချိုတို့ ပေါ်လာကြသည်။ ဦးဘတင်က . . .

"လာခဲ့တော့ . . . မြန်မြန်လာ"

သူတို့နှစ်ယောက်လည်း အပေါ်ထပ်မှအပြေးအလွှားလေးဆင်းကြသည်။ အောက်ထပ်ရောက်တော့ ဦးဘတင်က အလှပြင်ခန်းဘေးမှာရှိသော အခန်းအား ဖွင့်လိုက်သည်။

"ကဲ. . . ဒီထဲဝင်နေတော့. . . . အချိန်ရောက်ရင် ဒီအခန်းမှာ ပြတင်းပေါက်တစ်ခုရှိတယ်"

သွယ်လတ်ခက သူ့အဖေကိုကြည့်လိုက်သည်။ ဝမ်းလည်းဝမ်းနည်းသွားသည်။ ထို့နောက် သူ့ဖခင်ရှေ့တွင် ဒူးထောက်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ပြီး ရှိုးနိုးလိုက်၏။

မင်းနေလည်း ရောယောင်၍ဦးချလိုက်သည်။

◆◆◆

"ဟော့. . . မိပြီဟော့. . မိပြီ"

လူအုပ်ကြီးသည် အရှေ့ကပြေးနေသော လူနှစ်ယောက်ကို မိသွားကြသည်။ ပြီး ဖမ်းချုပ်ကြသည်။ ထို့နောက် သူတို့ခန္ဓာကိုယ်ပေါ်မှာ အုပ်ထားသော စောင်ကိုဖယ်လိုက်သည်။

"ဟင်. . . ငနားနဲ့ ငမျက်စိပါလား"

ဒေါ်ခင်မကြီးမှာ ပါးစပ်လေးအဟောင်းသားဖြစ်သွားသည်။ ငနားနှင့် ငမျက်စိကလည်း မျက်လုံးလေး ပေကလပ်ပေကလပ်နှင့် လူအုပ်ကြီးကိုကြည့်နေသည်။ ထိုစဉ်. . စာရေးဆရာက

"ဟေ့ကောင်တွေ ဘယ်မှာလဲစာအုပ်. . . ငါ့ဆီက လုသွားတဲ့စာအုပ်"

ငမျက်စိက . . .

"ဒါလား"

ဟုဆိုပြီး ခါးကြားထဲမှ စာအုပ်ကိုထုတ်ပြသည်။

"ဟုတ်တယ်. . . ပေး ငါ့ကို"

"ဘာဖြစ်လို့ ပေးရမှာလဲ. . . ဒါကျွန်တော့်တို့ဟာဗျ"

"အမယ်. . . ရာရာစစ. . . မင်းတို့ကပဲ"

ဒေါ်ခင်မကြီးမှာ အခုထိစကားတစ်ခွန်းမှ ဝင်မပြောနိုင်သေးဘဲ ငူငိုင်ပြီးကြည့်နေသည်။ ကျော်စံလေးမှာ အတော်ကြီးကို မျက်နှာပျက်နေသည်။ ငူငိုင်နေသော ဒေါ်ခင်မကြီးကို လက်တို့လိုက်ပြီး . . .

"မေမေ. . . ဘယ်လိုလုပ်မလဲ"

"ဟင်. . . ဟော. . . ဘာလဲ"



"ဟိုကောင်. . . ဟိုကောင်လေ"

ဤတွင်မှ ဒေါ်ခင်မကြီးသည် အိမ်ဖက်ဆီသို့လှမ်းကြည့်လိုက်ရင်း . . .

"လာဟော့. . . ဒင်းတို့ အိမ်ထဲမှာပဲရှိဦးမှာ"

ဟု ဆိုပြီး အိမ်ထဲသို့ပြေးလေသည်။ လူအုပ်ကြီးသည်လည်း ဒေါ်ခင်မကြီးနောက်မှ ပြေးလိုက်သွားကြပြန်သည်။ ခြံစောင့်နှစ်ယောက်ကလည်း ပျော်၍လားမသိ။ ထိုလူအုပ်ကြီးနှင့်ပင် ရောယောင်၍ ပါသွားသည်။

ခြံထဲတွင် စာရေးဆရာ၊ ငနားနှင့် ငမျက်စိတို့သာ ငြင်းခုန်ရင်း ကျန်ခဲ့လေသည်။

BURMESE CLASSIC .com

◆◆◆

ဦးဘတင်က မင်းနေတို့ ဝင်သွားသော အခန်းကို သော့ခတ်ပြီးပြန်အလှည့်တွင် လူအုပ်ကြီးသည် အိမ်ထဲသို့ ဝင်လာကြသည်။

ဦးဘတင်မှာ အခန်းသော့ကို ကမန်းကတန်းဖွတ်လိုက်သည်။

အိမ်ထဲသို့ဝင်လာသော ဒေါ်ခင်မကြီးမှာ ဦးဘတင်ကို သတိမပြုမိသေးဘဲ. . . အိမ်ပေါ်ထပ်သို့ ပြေးတက်သွား၏။

◆◆◆

"ကဲ. . အချိန်ရှိတုန်း ခြံတံခါးလေးဖွင့်လိုက်ရအောင်"

ငနားက ငမျက်စိကို ပြောလိုက်သည်။

စာရေးဆရာမှာ လိုက်တော်မူစာအုပ်ကိုယူသွားပြီး အိမ်ထဲသို့ပြန်ဝင်သွားလေ၏။

ငနားက ခြံစောင့်တွေ သော့ထားတတ်သောနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



သော့ကိုယူကာ ခြံတံခါးကို ဖွင့်သည်။

အကျယ်ကြီးမဖွင့်ဘဲ. . . လူတစ်ကိုယ်စာခပ်ဟဟ လေးပဲ ဖွင့်လိုက်သည်။

◆◆◆

"မေမေတို့ အပေါ်တက်သွားကြပြီထင်တယ်"

လပြည့်ချိုက မင်းနေကို တိုးတိုးလေးကပ်ပြောသည်။ မင်းနေကလည်း လပြည့်ချိုကို ဖတ်ထားလိုက်ပြီး . . .

"အင်း. . . ဟုတ်လိမ့်မယ်. . . အသံတွေကြားတယ်၊ လာ. . . ဒါဆို မောင်တို့အမြင်ထွက်ရအောင်"

သူတို့နှစ်ယောက်စလုံး အခန်းပြတင်းပေါက်နားသို့ တိုးကပ်လိုက်ကြသည်။

ထို့နောက် တံခါးကို ဖြေးဖြေးလေးဖွင့်၏။ ပြတင်းပေါက်မှာ ခပ်နိမ့်နိမ့်ဖြစ်ပြီး ထိုပြတင်းပေါက်မှ ခုန်ဆင်းပါက နောက်ဖေးခြံစည်းရိုးသို့ရောက်သည်။ ထိုမှတစ်ဆင့် အိမ်ကြီးကို ကွေ့ပတ်ကာ ခြံတံခါးသို့ ရောက်နိုင်သည်။

မင်းနေက 'ဘုတ်'ကနဲ ခုန်ဆင်းသည်။ ပြီး. . လပြည့်ချိုက မင်းနေရင်ခွင်ထဲသို့ ခုန်ဆင်းသည်။

နိုင်ငံခြားကားတွေထဲက သူခိုးတွေလို အိမ်နံရံနှင့် ကျောကိုကပ်လိုက်ကြပြီး အိမ်ကြီးကို တရွေ့ရွေ့နှင့် ဝေ့ဝိုက်ကာ အိမ်ရှေ့ခြံတံခါးဆီသို့ ဦးတည်လိုက်သည်။

အိမ်၏ ဆင်ဝင်အမိုးနားသို့ရောက်သွားကြသည်။ ဤတွင် သူတို့နှစ်ယောက်စလုံးရပ်လိုက်ကြသည်။

မည်သို့ဆိုသော် အိမ်၏ဆင်ဝင်အမိုးနှင့် ခြံတံခါးမှာ အတန်ငယ်ဝေးသောကြောင့်ဖြစ်သည်။

"ပြေးရအောင်"



လပြည့်ချိုက မင်းနေကို ပြောသည်။

"အင်း. . . ပြေးရမှာပဲလေ. . . ဝမ်း တူး သရီး"

သူတို့ပြေးလေပြီ။ ခြံတံခါးဝနားရောက်ခါနီး အိမ်အပေါ်ထပ်မှ အသံတစ်သံကြားလိုက်ရသည်။

"ဟာ. . . ဟိုမှာ. . . ဟိုမှာ ပြေးပြီ. . . လိုက်ဟေ့. . လိုက်. . . ခြံထဲမှာ ရောက်နေတယ်"

ကျော်စံလေး၏အသံဖြစ်သည်။ ဝရုန်းသုန်းကားနှင့် ပြေးလာသံများကိုလည်း ကြားလိုက်ရသည်။

သူတို့မှာ လှည့်ကြည့်မအားဘဲ ပြေးလေသည်။

◆◆◆

"မင်းနေတို့ ဘာများဖြစ်နေလဲမသိဘူး. . . အခုထိလည်း မလာသေးဘူး"

အုန်းမောင်က နာရီတကြည့်ကြည့်နှင့်ဖြစ်ရင်း မောင်မြင့်နှင့် မီးသွေးဆိုင်ကိုသန့်စင်တို့ကို လှမ်းပြောသည်။

"လာမှာပါကွာ၊ မင်းကလည်း အစောကြီးရှိသေးတဲ့ဥစ္စာ"

သူတို့သုံးယောက်မှာ ကားတစ်စီးနားတွင် မတ်တပ်ရပ်နေကြပြီး ဒေါ်ခင်မကြီးတို့လမ်းဆီသို့လည်း မကြာခဏမျှော်ကြည့်နေကြသည်။

"ဟူး. . ."

အုန်းမောင်က သက်ပြင်းချသည်။ သူတို့အားလုံး ရင်တဒိတ်ဒိတ်နှင့်ဖြစ်နေကြသည်။

ဘာတွေများ ပြဿနာဖြစ်လာကြမလဲ?. . .၊ အဆင်ပြေပါ့မလား?. . . ဟူသည့် အတွေးများသည် သူတို့ ခေါင်းထဲတွင် ရှုပ်ယှက်ခတ်နေသည်။

ထိုစဉ်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ဟိုမှာလား မသိဘူး"

မောင်မြင့်အသံကြောင့် အုန်းမောင်နှင့် မီးသွေးဆိုင်ကိုသန့်စင်တို့က လှမ်းကြည့်လိုက်ကြသည်။

ဟုတ်ပါ၏။ မင်းနေနှင့် လပြည့်ချိုမှာ အရှေ့က ပြေးလာကြပြီး သူတို့အနောက်မှာ လူအုပ်ကြီးက လိုက်လာနေသည်။ လမ်းသွားလမ်းလာများကလည်း အထူးအဆန်းဖြစ်ကာ ဝိုင်းကြည့်နေကြသည်။

"ဟော့ကောင်. . . မောင်မြင့်၊ စက်နှိုးတော့လေ"

အုန်းမောင်က မောင်မြင့်ကို သတိပေးလိုက်သည်။

မောင်မြင့်ကားပေါ်တက်သည်။ စက်ကို အဆင်သင့်နှိုးထားလိုက်သည်။

မီးသွေးဆိုင်ကိုသန့်စင်က မင်းနေတို့ရှိရာဆီပြေးသွားပြီး လပြည့်ချိုကိုတွဲခေါ်သည်။ လပြည့်ချိုမှာ အတော်ပင်မောဟိုက်နေသည်။

"အသည်းလေးမပြေးနဲ့. . . အသည်းလေးရေ"

ကျော်စံလေးအသံကိုလည်း ကြားနေရသည်။ သူတို့ကိုလည်း မှိုလုမှိုခင်ဖြစ်နေသည်။

အုန်းမောင်က ကားတံခါးအဆင်သင့်ဖွင့်ထားလိုက်ပြီး၊ ပါးစပ်ကလည်း 'မြန်မြန်လာ. . မြန်မြန်. . မြန်မြန်. မီတော့မယ်'ဟု ဆိမန်းရွတ်သလို ရွတ်နေသည်။ သူ့လက်တွေ တုန်နေသည်။

မင်းနေတို့အနောက်ကိုကြည့်လိုက်တော့လည်း လူအုပ်ကြီးမှာ နည်းနည်းနောနောမဟုတ်. . .။ မှီခါနီးနေပြီ. .။

ခဏာကြာတော့ မင်းနေတို့မှာ ကားနားသို့ရောက်လာကြသည်။ ရှိသမျှအားကိုအစွမ်းကုန်ညှစ်ထုတ်လိုက်ကြပြီး ကားပေါ်သို့ ဒရောသောပါးပြေးတက်သည်။

'ဂျိမ်း'ကနဲ တံခါးပိတ်သံနှင့်အတူ. . . ကားသည် 'ဝူး' ကနဲမောင်းထွက်သွားသည်။



"မောင်မြင့်ရေ. . . သဘော်ာဆိပ်မြန်မြန်မောင်း. . သဘော်ာက ထွက်တော့မယ်"

အုန်းမောင်က ခေါင်းခန်းမှာရှိနေတဲ့ မောင်မြင့်ကို လှမ်းအော်ပြောသည်။

မောင်မြင့်မှာ လီဗာကိုထပ်နင်းလိုက်သည်။ ကားသည် 'ဝေါကနဲ'သွားနေ၏။ လပြည့်ချိုက ကျန်ခဲ့သော လူအုပ်ကြီးထဲမှ သူ့အမေကို လှမ်းကြည့်လိုက်သည်။

ဒေါသမျက်ဝန်းတွေနဲ့ လှမ်းကြည့်နေသော သူ့အမေကိုတွေ့ရသည်။ သူမှာငိုချင်ချင်ဖြစ်သွားသည်။

"သမီးကို ခွင့်လွှတ်ပါ အမေ"

ဟု စိတ်ထဲကနေ တောင်းပန်လိုက်ရသည်။ ဦးဘတင်ကတော့. . . သူ့သမီးကို လက်ဖှေ့ယမ်းပြနေသည်။ သူ့မျက်ဝန်းမှာတော့ မျက်ရည်တွေစိုလို့ပေါ့. . .။

လူအုပ်ကြီးမှာ တဖြည်းဖြည်းနှင့်အဝေးမှာကျန်ခဲ့သည်။

လပြည့်ချိုက မင်းနေဖက်သို့လှည့်ကြည့်လိုက်သည်။ မင်းနေမှာ သူ့ကိုဂရုဏာမျက်ဝန်းလေးနှင့်ကြည့်နေသည်။ မင်းနေသည် လပြည့်ချိုကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်လေ၏။

"ဟဲ့. . . ပလုတ်တုတ်. . . ငါ့အရှေ့ကြီးမှာနော် . . . ဟော့ကောင်"

အုန်းမောင်က မျက်နှာကိုလက်ဝါးနှင့်အုပ်ထားရင်းပြောသည်။

မင်းနေကလည်း 'ဟီး. . ဟီး'ဟု ရယ်ပြလိုက်ပြီး. . . လပြည့်ချိုကို ခပ်တင်းတင်းလေး ဖက်ထားလိုက်သည်။

လပြည့်ချိုကလည်း မင်းနေကို ချစ်မျက်စောင်းလေးထိုးလိုက်ရင်း. . . မင်းနေရင်ခွင်ထဲသို့ အလိုက်သင့်လေးမှီနေသည်။

ပရိတ်သတ်ကိုအစဉ်လေးစားလျက်
လူနေ

www.burmeseclassic.com